

# ဝဏ္ဏဧအောင်

ကောက်ဥစ်ဝမ်းယန်ခွမ်းရှ

## မာယာကွန်ရက်

ပထမပိုင်း

တိုးတက်ရေးစာပေ

ဝဏ္ဏအောင်

# မာယာကွန်ရက်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၆၃၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၅၃၀၉၁၁

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်လေးလေးမိ၊ (တနင်္သာရီ စာပေ)
အမှတ် (၅၃)၊ ဖို့မြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး။
☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တိုးတက်ရေးစာပေ

## အခန်း (၁)

## သွေးပျက်ဖွယ်ရာ

ဆယ့်နှစ်လရာသီစက်ဝိုင်း၌ ရာသီပွဲတော်အမျိုးမျိုးရှိသည့်အနက် ဆယ်လပိုင်း ၁၅ ရက်နေ့၌ ကျင်းပသော လမုန့်ပွဲတော်သည် ပျော်စရာ အကောင်းဆုံးဖြစ်၏။

ပြည့်ရွှန်းသော လမင်းကြီးကိုကြည့်လျက် တပျော်တပါး စားသောက်ရသည်မှာ တစ်သက်မမေ့စရာပင် ဖြစ်သည်။

လရောင်အောက်၌ ဝတ်ကောင်းစားလှဝတ်ဆင်သွားလာနေကြသည်မှာလည်း ပျော်စရာဖြစ်သည်။

ထို့ကြောင့် ဆယ်လပိုင်း ဆယ့်ငါးရက်နေ့၌ ကျရောက်သော လမုန့်ပွဲတော်သည်၊ လူတိုင်းအတွက် ရင်ခုန်ပျော်ရွှင်ဖွယ်ရာကောင်းသော ပွဲတော်တစ်ခုဟု ဆိုရပေတော့မည်။

*

ကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်လိပ်များ လုံးဝကင်း ရှင်းနေ၏။

လဝန်းသည် ကောင်းကင်ပေါ်၌ ချိတ်ဆွဲလျက်ရှိသည်။ မနေ့က လဝန်းသည် အနည်းငယ်ချိုင့်နေ၏။ သို့သော် ... ယနေ့ည လဝန်းသည် ဝိုင်းစက်နေလေသည်။

အဘယ်ကြောင့်ပါနည်း။

ယနေ့ညသည် ဆယ်လပိုင်းဆယ့်ငါးရက် သို့မဟုတ် လမုန့်ရာသီပွဲတော် ရက်ဖြစ်သောကြောင့်တည်း။

*

ယနေ့ညသည် လမုန့်ရာသီပွဲတော်ဖြစ်၏။

ထို့ကြောင့် ဟန်လူမျိုးများသည် မြို့ရွာအနှံ့တွင် လမုန့်ရာသီပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပလျက်ရှိလေသည်။

သို့သော် ... ချန်အန်းမြို့တော်၌ ထူးခြားစွာ တိတ်ဆိတ်လျက် ရှိနေ၏။

အဘယ်ကြောင့်ပါနည်း။



ချန်အန်းမြို့တော်တွင် ယခုနှစ် လမုန့်ရာသီပွဲတော် ကျင်းပခြင်း မပြုရ၍လော။ မဖြစ်နိုင်ပါ။

အိမ်တိုင်းလိုလို ရောင်စုံမီးပုံးများ ပြုလုပ်ချိတ်ဆွဲထားကြသဖြင့် လမုန့်ရာသီပွဲတော်၏ အငွေ့အသက်များကို အထင်အရှား တွေ့မြင်နေရသည် မဟုတ်ပါလား။

ထို့ပြင် ... လဝန်း၏အလင်းရောင်အောက်တွင် ချန်အန်းမင်းလမ်းမပေါ်၌ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ခရီးသွားလာနေကြသူများကိုလည်း၊ လက်တွန်းလှည်းပေါ်တွင် အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများတင်ကာ ဈေးရောင်းနေသူများအားလည်းကောင်း၊ လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်အတွင်း ရေနွေးကြမ်းသောက်ကာ စကားပြောနေကြသူများအားလည်းကောင်း၊ သစ်သီးဝလံများအား ခြင်းတောင်းနှစ်ခုတွင်ထည့်၍ ရှေ့နောက် ထမ်းပိုးဖြင့်လျှိုကာ ဈေးရောင်းထွက်ကြသူများအားလည်းကောင်း မျက်ဝါးထင်ထင်တွေ့မြင်နေရပေသည်။

ဤသို့ဆိုလျှင် ဈေးသည် ဈေးဝယ်သူများ၏စကားသံများဖြင့် စီစီညံလျက် ရှိနေရမည်မဟုတ်ပါလား။

ယခု အဘယ်ကြောင့် တိတ်ဆိတ်ငြိမ်သက်နေရပါသနည်း။

အကြောင်းကား ထိုလူများအားလုံးသည် သွေးကြောပိတ်

ခံထားကြရသဖြင့် လေထဲ လွင့်ပျံနေသော သူတို့၏ကိုယ်ပေါ်ရှိ အဝတ်အစားများမှအပ မလှုပ်မယှက်နှင့် ကျောက်ရုပ်များသဖွယ် ဖြစ်နေသောကြောင့်ဖြစ်၏။

ၾငင်းပြင် ... သွေးကြောများ အပိတ်ခံထားကြရသဖြင့် စကားမပြောနိုင်ကြပါ။ ထို့ကြောင့် အသံဗလံတိတ်ဆိတ်နေခြင်း ဖြစ်သည်။

သူတို့အား မည်သူက သွေးကြောပိတ်ထားသနည်း။ ဤအမေးကို ထိုလူများမှလွဲ၍ မည်သူမျှ သိနိုင်မည်မဟုတ်ချေ။

မည်သို့ဆိုစေ ... သူတို့သည် ခန္ဓာကိုယ်များ မလှုပ်ရှားနိုင်ကြသော်လည်း မျက်လုံးများကမူ လှုပ်ရှားနိုင်သေးသည်။

ထိုမျက်လုံးများသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ချိန်အန်းမင်းလမ်းမကြီးနံဘေးတွင် တည်ရှိနေသော ခြံဝင်းကျယ်ကြီးတစ်ခုဆီသို့ စုပြုံရောက်ရှိနေကြလေသည်။

ယင်းခြံဝင်းတစ်ခုလုံးတွင် ရောင်စုံမီးပုံများကို လှပစွာ ထွန်းညှိထား၏။ မီးပုံးအိမ်များမှ ထွက်ပေါ်နေသော မီး ရောင်များကြောင့် ခြံဝင်းကျယ်ကြီး၏ နဖူးစည်းတွင် ချိတ်ဆွဲထားသော "ဒေါင်းမင်းဂေဟာ" ဟူသော ရွှေရောင်စာလုံးကြီးများကို အထင်အရှား တွေ့မြင်နိုင်ပေသည်။



ဤသို့ဆိုလျှင် ထိုခြံဝင်းကျယ်ကြီးသည် တုန်လှုပ်ထိတ်လန့်ဖွယ်ကောင်းအောင် မည်သို့သောလျှို့ဝှက်ဆန်းကြယ်မှုများ ရှိနေပါသနည်း။

✱

ဒေါင်းမင်းဂေဟာသည် ချန်အန်းမြို့တော်တွင် နန်းတော်တမျှ ခမ်းနားထည်ဝါသော ဂေဟာတစ်ခုဖြစ်သည်။ ခြံဝင်းအဝင်တံခါးမကြီးနှင့် ဒေါင်းမင်းဂေဟာအဆောက်အအုံအား ကျောက်ဖြူလမ်းကလေးဖြင့် ဆက်သွယ်ထားသည်။

ယခု ... ခြံဝင်းအဝင်တံခါး တစ်ဖက်တစ်ချက်နှင့် ဒေါင်းမင်းဂေဟာအဆောက်အအုံအား ကြိုးတန်းနှစ်ခုက သွယ်တန်းလျက်ရှိ၏။ ယင်းကြိုးတန်းနှစ်တန်းတွင် ရောင်စုံမီးပုံးအိမ်များကို လှပစွာ ချိတ်ဆွဲထားသဖြင့် ကျောက်ဖြူလမ်းကလေးမှာ အနီ၊ အဝါ၊ အပြာရောင်များအဖြစ် ရောင်စဉ်များ ပြောင်းလဲသွားရလေသည်။ အလွန်လှပ၍ စိတ်ချမ်းမြေ့ဖွယ်ရာ မြင် ကွင်းပင်ဖြစ်သည်။

သို့သော် ... အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကြောင့် ဒေါင်းမင်းဂေဟာ၏မြင်ကွင်းမှာ ထိတ်လန့်ချောက်ချားစရာအသွင်သို့ ကူး

ပြောင်းသွားခဲ့ရချေပြီ။

အကြောင်းကား ယင်း ဖြူ၊ နီ၊ ဝါ၊ ပြာရောင်တန်းများအဖြစ် ပြောင်းလဲနေသော ကျောက်ဖြူလမ်းကလေးပေါ်တွင် သွေးသံရဲရဲဖြင့် လဲကျနေသည့် လူသေအလောင်းများ ပြန့်ကျဲနေသောကြောင့် ဖြစ်သည်။

သို့ဆိုလျှင် ဒေါင်းမင်းဂေဟာသည် အလွန်ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာကောင်းသော လမုန့်ရာသီပွဲတော်တွင် မည်သည့်ကြမ္မာဆိုးနှင့် ရင်ဆိုင်ခဲ့ရပါသနည်း။

*

ချွန်အန်းမြို့တော်တစ်ခုလုံး တိတ်ဆိတ်နေသည်။ လှုပ်ရှားမှုမရှိ၊ အသံဗလံတို့ ကင်းမဲ့လျက်ရှိသည်။

မိုးအောက်မြေပြင်တစ်ခုလုံး၌ သွေးကြောပိတ်ခံထားရသောလူများနှင့် လူသေအလောင်းများသာ ရှိနေခဲ့ပြီလော။

မဟုတ်ပါချေ။ ဒေါင်းမင်းဂေဟာဝန်းကျင်အနီးတွင် လူခြောက်ယောက် ရှိနေသေးသည်။

ထူးဆန်းသည်မှာ ထိုလူခြောက်ယောက်သည် တခြား



လူများကဲ့သို့ သွေးကြောပိတ်ခံထားရခြင်း မရှိပါ။ ၎င်းပြင် ... သေဆုံးနေခြင်းလည်း မရှိပါချေ။

သူတို့သည် ပြန့်ကျဲနေသောအလောင်းများနှင့် သွေးကြောပိတ်ခံထားရသောလူများအား မမြင်မတွေ့သကဲ့သို့ အေးဆေးတည်ငြိမ်စွာ ရှိနေကြလေ၏။ သို့ဆိုလျှင် ထိုလူခြောက်ယောက်သည် မည်ကဲ့သို့ လူစားများ ဖြစ်ကြပါသနည်း။

*

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေ၏။

လေတိုက်ခတ်၍ မီးပုံးအိမ်များ ယိမ်းယိုင်လှုပ်ရှားနေသည်ကိုသာ မမြင်တွေ့ရပါလျှင် ကမ္ဘာမြေပြင်၌ သက်ရှိထင်ရှားလူများ ရှိပါလေစဟု ထင်မှတ်မှားရမည်သာ ဖြစ်သည်။

မည်သို့ဆိုစေ ... သက်ရှိထင်ရှား လူခြောက်ယောက်ရှိနေခြင်းကို မီးပုံနှစ်ပုံး၏အလင်းရောင်အောက်၌ ကောင်းစွာ တွေ့မြင်နေရလေသည်။

ထိုလူခြောက်ယောက်အနက် တစ်ယောက်သည် ဒေါင်းမင်းဂေဟာခြံဝင်းကြီးရှေ့ရှိ ကျောက်ဘုံးတစ်တုံးပေါ်တွင် ထိုင်နေ၏။

ခန္ဓာကိုယ်ထွားကျိုင်း၍ အသက်သုံးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်ဖြစ်သည်။

သူသည် ကွမ်းကို အဆက်မပြတ် ဝါးလျက်ရှိပြီး လက်ထဲတွင် ကင်ဒိုဓားတစ်လက်ကို ကိုင်ဆောင်ထားသည်။ မကြာခဏ ကွမ်းတံတွေးများကို တဗျစ်ဗျစ်ထွေတ်နေသဖြင့် ကျောက်တုံးဝန်းကျင် မြေပေါ်တွင် ကွမ်းတံတွေးများက ဟိုတစ်ကွက် သည်တစ်ကွက် ပြန့်ကျဲနေသည်။

သူ၏မျက်နှာပေါ် တွင် ဟန်မူရာ ကင်းမဲ့နေသော်လည်း မျက်လုံးအစုံ၌မူ ရက်စက်ကြမ်းကြုတ်သည့် အနန့်အသက်များ တွေ့မြင်နေရလေသည်။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

*

ဒေါင်းမင်းဂေဟာနှင့် မျက်နှာချင်းဆိုင်တွင် ပန်းပဲဖိုတစ်ခုရှိသည်။ မီးဖိုမှ မီးများသည် တရဲရဲတောက်လောင်နေ၏။

မီးဖိုအနီးတွင် အသက်သုံးဆယ်ခန့်ရှိ ဖျင်ကြမ်းအကျီဝတ်ဆင်ထားသော လူတစ်ယောက်ရှိနေလေသည်။ ထိုလူက ဓားတစ်



လက်ထုလုပ်နေသည်။ သို့သော် ထိုလူသည် ပန်းပဲဆရာတစ်ယောက်မဖြစ်နိုင်ပါ။

အကြောင်းကား ပန်းပဲဆရာတစ်ယောက်၏ မီးဟပ်ခံထားရသော အသားအရေကဲ့သို့ ခြောက်သွေ့အက်ကွဲမှု မရှိသောကြောင့်ဖြစ်လေသည်။

ထိုလူသည် ခန္ဓာကိုယ် ကျစ်လျစ်တောင့်တင်းကာ ကျားတစ်ကောင်ကဲ့သို့ သန်မာလှပေသည်။ သူ၏မျက်နှာတစ်ခုလုံးမှာ အေးစက်စက်ရှိနေပြီး လူသတ်လိုသောဟန်မူရာများ မြင်တွေ့နေရလေသည်။ သူ ဓားတုလုပ်နေသော နံဘေးရှိ နံရံပေါ်တွင် ကြိုးတစ်ချောင်း ရစ်ခွေချိတ်ဆွဲထားသည်။

သူသည် ဓားထုလုပ်နေရုံမှအပ မည်သည့်အရာကိုမျှ အာရုံရှိဟန်မတူပါ။ မည်သို့ဆိုစေ ... သူသည် ပန်းပဲဆရာ မဖြစ်နိုင်သည်က သေချာသည်။

ဤသို့ဆိုလျှင် ... ထိုလူသည် မည်သူဖြစ်မည်နည်း။

*

ပထမတန်း စားသောက်ဆိုင်သည် ဒေါင်းမင်းဂေဟာနှင့်

မနီးမဝေးတွင် တည်ရှိလေသည်။ ချမ်းအန်းမြို့တော်ရှိ စားသောက်ဆိုင်များအနက် အကြီးမားဆုံး စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

စားသောက်ဖွယ်ရာဟင်းလျာများ အထူးကောင်းမွန်၍ အရက်မျိုးစုံ ရယူနိုင်သောကြောင့် တခြားစားသောက်ဆိုင်များထက် နာမည် ကျော်ကြားလေသည်။

ယခုလိုအချိန်မျိုးတွင် ပထမတန်းစားသောက်ဆိုင်သည် စားသောက်သူများဖြင့် ပြည့်နှက်နေကာ စီစီညံလျက် ရှိနေလေ့ရှိသည်။

သို့သော် ... ယနေ့ည စားသောက်ဆိုင်တံခါးများအားလုံး ပိတ်ထားလျက်ရှိပြီး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပထမတန်းစားသောက်ဆိုင်တွင် လူသူတစ်စုံတစ်ယောက်မျှ မရှိပြီလော။ မဟုတ်ပါ ချေ။ မီးပုံးအိမ်များ၏ အလင်းရောင်ကြောင့် ဆိုင်တံစက်မြိတ်အောက် အပေါ်ဆုံးကျောက်လှေကားထစ်တွင် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်နေရသည်။

သူမသည် အသက်နှစ်ဆယ်ခန့်မျှသာ ရှိဦးမည်ဖြစ်ပြီး ရုပ်ရည်ချောမောသန့်ပြန့်၏။ သို့သော် ... မျက်နှာတစ်ခုလုံးမှာ အေးစက်တင်းမာနေလေသည်။



သူမ၏ညာဘက်လက်တွင် လခြမ်းသဏ္ဌာန် ဓားကွေးနှစ်လက်ကို ကိုင်ဆောင်ထားလေသည်။ ဓားကွေးတစ်လက်၏ ပါးလျာသော ဓားသွားသည် ဘယ်ဘက်လက်သည်းလေးများကို ညီညာလှပစွာ လှီးဖြတ်နေ၏။

သူမသည် လက်သည်းအလှပြင်ရန်မှအပ အခြားမည်သည့်အရာကိုမှ စိတ်ဝင်စားဟန်မရှိပါချေ။ သို့သော် ... သူမ၏မျက်လုံးအစုံတွင် လျှို့ဝှက်ဆန်းကြယ်သော ဟန်မူရာများပေါ်လွင်လျက် ရှိသည်။

သူမကား မည်သူနည်း။

မည်သို့သော လျှို့ဝှက်ချက်ကြောင့် ဤနေရာသို့ ရောက်ရှိနေပါသနည်း။

*

လေပြည်လေညင်းကလေးသည် တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခိုက်နေရာမှ အဆက်မပြတ်တိုက်ခတ်လာ၏။ ထို့ကြောင့် မီးပုံးအိမ်ကလေးများမှာ ပို၍ယိမ်းထိုးလာကြလေသည်။

အဆက်မပြတ် ဝှေ့ယမ်းတိုက်ခတ်လာသော လေသည်

ခေါင်းမင်းဂေဟာခြံဝင်းထဲရှိ အကာအရံမဲ့ နားနေဆောင်လေးအတွင်း၌ ကျောက်တုံးပေါ်ထိုင်နေသော လူ၏အင်္ကျီစများနှင့် ဆံကေသာများပါ တဖျပ်ဖျပ် လွင့်ပျံစေ၏။

ထိုလူသည် အသက်နှစ်ဆယ့်နှစ်နှစ်ခန့်ရှိပြီဖြစ်ပြီး အေးဆေးငြိမ်သက်စွာ ထိုင်နေ၏။ အေးဆေးငြိမ်သက်စွာ ထိုင်လျက်ရှိသော်လည်း ရင်ကို ရှေ့သို့ အနည်းငယ်ကော့ကော့ ခေါင်းမော့ထားသောကြောင့် မင်းသားလေးတစ်ယောက်ပမာ မာန်မာန ဝင့်ကြွားသည့်ပုံသဏ္ဍာန်က ပေါ်လွင်နေပေသည်။

ခန္ဓာကိုယ်ပေါ်တွင် အလွန်တန်ဖိုးကြီးမားသော ငွေရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်၌ ကြီးမားသော ခမောက်တစ်လုံးကို ဆောင်းထား၏။ ခမောက်၏ဦးခေါင်းပိုင်းကို လှီးဖြတ်ထားသဖြင့် ငွေရောင်ဖဲကြိုးဖြင့် စုစည်းချည်နှောင်ထားသော ဆံကေသာများအား တွေ့မြင်နေရလေ၏။

ထို့ပြင် ... ခမောက်အား ခပ်ငိုက်ငိုက်ဆောင်းထားခြင်းမရှိသဖြင့် ယောကျ်ားပီသသောရုပ်ရည်ကို ထင်ရှားစွာ တွေ့မြင်နိုင်၏။ အထူးသဖြင့် ... ထိုလူရွယ်၏မျက်လုံးအစုံသည် ရူးရှုတောက်ပလှပေသည်။

ထိုရူးရှုတောက်ပသော မျက်လုံးအစုံသည် သူထိုင်နေသော



ကျောက်ကုလားထိုင်ရှေ့ရှိ ကျောက်စားပွဲသို့ စိုက်ကြည့်နေသည်။ ကျောက်စားပွဲပေါ်တွင် အရက်တစ်အိုး၊ မြေပဲတစ်ပန်းကန်၊ ဖန်ခွက်တစ်လုံးနှင့် ဓားတစ်လက်တင်ထားလေသည်။

ဓားအိမ်သည် ကျောက်သံပတ္တမြားနှင့်စီခြယ်ထားကာ ရွှေအတိဖြင့် ပြုလုပ်ထားသဖြင့် အလွန်တန်ဖိုးကြီးမားသော ဓားတစ်လက်ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

လူရွယ်သည် ခန္ဓာကိုယ် မလှုပ်မယှက်ထိုင်နေသော်လည်း လက်တစ်ဖက်က အရက်အိုးထဲမှ အရက်များကို ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။ ထို့နောက် ... နှုတ်ခမ်းတွင် အရက်ခွက်တေ့ကာ ဖြည်းညင်းစွာ မော့သောက်နေလေသည်။ ကျန်လက်တစ်ဖက်က မြေပဲများကို ကောက်ယူ၍ အခွံခွာ၍ တမြုံ့မြုံ့စားနေ၏။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် ခေါင်းမင်းဂေဟာခြံဝင်းထဲ ရောက်ရှိနေရပါသနည်း။

*

ခေါင်းမင်းဂေဟာတစ်ခုလုံး တိတ်ဆိတ်နေ၏။ လေတဟူး

ဟူး တိုက်ခတ်နေသည်မှအပ အခြားမည်သည့်အသံကိုမျှ မကြားရပါချေ။

ဒေါင်းမင်းဂေဟာ ခြံဝင်းတစ်ခုလုံးတွင် ပြန့်ကျဲနေသော အလောင်းများနှင့် အရက်သောက်နေသော လူရွှယ်တစ်ယောက်မှအပ တခြား မည်သူတစ်စုံတစ်ယောက်မျှ မရှိပြီလော။

အမှန်တွင် ... ဒေါင်းမင်းဂေဟာ၏ ပန်းဥယျာဉ်ထဲမှ ပန်းရောင်စုံများကြားတွင် လူရွှယ်တစ်ယောက် ရှိနေသေးသည်။ လူရွှယ်သည် အသက်နှစ်ဆယ်ခန့်မျှသာ ရှိဦးမည်ဖြစ်သည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားလေသည်။ ထူထဲသော မျက်ခုံးမွေးတစ်စုံ၊ ညိုရင့်နေသော မျက်လုံးတစ်စုံ၊ ဖြောင့်စင်းနေသော နှာတံနှင့် ပိရိသေသပ်သော နှုတ်ခမ်းအစုံတို့ကြောင့် ရုပ်ရည်ချောမောသန့်ပြန့်သော လူရွှယ်တစ်ယောက် ဖြစ်လေသည်။

ယခု ... သူသည် စားပွဲအနီးရှိ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ ကဗျာများ ရေးစပ်နေသည်။ ဤသို့ဆိုလျှင် ... ထိုလူရွှယ်သည် စာပေသမား၊ ကဗျာဆရာတစ်ယောက် ဖြစ်သည်လော။

ဤသို့ဆိုလျှင်လည်း ပြည့်စုံသည်ဟု မဆိုနိုင်ပါ။

အကြောင်းကား ... ကဗျာရေးနေသော စာရွက်များနံဘေး



တွင် သံမဏိလှံတိုနှစ်လက် ရှိနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

လှံတံ၏ထိပ်ဖျားတွင် အနီရောင်ပန်းပွားများ တပ်ဆင်ထားပြီး လှံတံအရိုးတွင် "ဓမ္မူတစ်ခွင် ယှဉ်သူမရှိ" ဟူသောစာများ ရေးထွင်းထားလေသည်။

သို့ဖြစ်ရာ ... ထိုလူရွှယ်သည် စာပေသမား သိုင်းလောကသားတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းမှသာ အမှန်တရားနှင့် နီးစပ်နိုင်ပေမည်။

ဤသို့ဆိုလျှင် ထိုလူရွှယ်သည် မည်သူနည်း။

ဒေါင်းမင်းဂေဟာနှင့် မည်သို့ပတ်သက်နေပါသနည်း။

✱

ချန်အန်းမြို့တော် တစ်ခုလုံးတွင် လူခြောက်ယောက်မှအပ ကျန်လူများသည် သွေးသံရဲရဲဖြင့် သေဆုံးနေသောအလောင်းများနှင့် သွေးကြောပိတ်ခံထားရသော လူများသာ ဖြစ်ကြသည်။

လှုပ်ရှားနိုင်သော လူခြောက်ယောက်အနက် လူငါးယောက်သည် အထက်ဖော်ပြပါအတိုင်း ကိုယ့်နေရာနှင့်ကိုယ် ငြိမ်သက်စွာ

ထိုင်လျက် ရှိနေကြလေသည်။ သို့သော် ... ကျန်လူတစ်ယောက်ကမူ တစ်နေရာ တည်း၌ ရှိမနေခဲ့ပါ။

ထိုလူသည် အဖြူရောင်လူရိပ်အဖြစ် သွေးကြောပိတ်ခံထားရသောလူများကို အကာအကွယ်ပြု၍ ဒေါင်းမင်းဂေဟာအနီးသို့ ချဉ်းကပ်သွားနေသည်။ တစ်ခဏအကြာ ... ထိုလူရိပ်သည် ဒေါင်းမင်းဂေဟာခြံဝင်းရှေ့သို့ ရောက်ရှိလာလေသည်။

ဒေါင်းမင်းဂေဟာခြံဝင်းတွင် ထွန်းညှိထားသော မီးပုံးအိမ်မှ အလင်းရောင်ကြောင့် ထိုလူအား ကောင်းစွာတွေ့မြင်လာရသည်။ မိန်းကလေးတစ်ယောက် ဖြစ်သည်။ အသက်တစ်ဆယ့်ခုနစ်နှစ်၊ တစ်ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦး မည်ဖြစ်ပြီး ပိုးသားဝတ်စုံအဖြူရောင်ကို ဝတ်ဆင်ထား၏။

သူမ၏ ခန္ဓာကိုယ်ပေါ်မှ ရှိုက်ဖိုကြိုင်ဆယ် အသွယ်သွယ်တို့သည် သူ့နေရာနှင့် သူ အချိုးအဆက်ကျနစွာ ရှိနေလေသည်။ ထို့ပြင် ... ယောကျ်ားသားတို့အား ရင်ခုန်စေသော အပြုံးကို ပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။

သူမသည် ကြည်လင်တောက်ပသော မျက်ဝန်းအစုံဖြင့် ဝန်းကျင်အား ဝေ့ကြည့်လိုက်သည်။ ယခု ... သည်အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သွေးကြောပိတ်ခံထားရသည့်ပမာ



မလှုပ်မယှက်ရပ်လျက် အကဲခတ်ကြည့်ရှုနေလေသည်။

ယင်းတဒင်္ဂလေးမှာပင် ... ကင်ဒိုစားကိုင်ဆောင်ထားသောလူက တစ်ဖက်သို့လှည့်ကာ ကွမ်းတံတွေး ထွေးလိုက်သည်။ မိန်းကလေး ရရှိသောအခွင့်အရေးကို လက်မလွှတ်ပါချေ။ သူမ ရောက်ရှိနေသောနေရာသည် ဒေါင်းမင်းဂေဟာခြံဝင်း ရှေ့ တံခါးဝ၏ညာဘက်ခြမ်း ဖြစ်သည်။

ဒေါင်းမင်းဂေဟာရှေ့ ဘယ်ဘက်ခြမ်းတွင်မူ ကင်ဒိုစားရှည်ကိုင်ဆောင်ထားသော ခန္ဓာကိုယ်ထွားကျိုင်းသည့်လူက ကျောက်တုံးပေါ်တွင် ထိုင်နေသည်။ ထိုလူသည် ကွမ်းများကို အဆက်မပြတ်ဝါးစားကာ ကွမ်းတံတွေးများကို ကြမ်းတမ်းစွာဖြင့် ထွေးလျက်ရှိလေ၏။

ဒူးကို ညွှတ်ကွေးကာ လက်နှစ်ဖက်ကို နောက်ပစ်လိုက်သည်။ ပြီးနောက် ဒူးကို ဆတ်ခနဲ ဆန့်လိုက်သည်။ ထိုအခါ ... သူ၏ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသော စွန်ပမာ လေထဲတွင် ဝဲကာပျံကာ လွင့်သွားပြီး ဒေါင်းမင်းဂေဟာအဆောက်အအုံ၏ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။

လှုပ်ရှားမှုမှာ လျှင်မြန်တိကျပြီး အဆောက်အအုံ၏ခေါင်မိုးနှင့် ခြေထောက်တို့ ထိတွေ့သံကိုပင် မကြားရအောင် ပေါ့ပါးလွန်း

လှပေသည်။ ထို့ကြောင့် ... ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့်ရှိသော မိန်းကလေးတစ်ယောက်ပင် ဖြစ်လေသည်။

သို့သော် ... သူမ၏ခန္ဓာကိုယ် လေထဲ၌ ပျံသွားချိန်၌ အရက်သောက်နေသောလူရွယ်နှင့် စာပေသမား သိုင်းလောကသားတို့၏ ရှုးရှုတောက်ပသောမျက်လုံးများသည် အရောင်တစ်ချက် ဝင်းလက်သွားကာ နှုတ်ခမ်းအစုံက ပြုံးရောင်များသန်းလာလေသည်။

အလွန်လျှို့ဝှက်သော အပြုံးဖြစ်သည်။

ထို့ကြောင့် ... ဤမိန်းကလေးသည် ထိုလူရွယ်နှစ်ယောက်နှင့် တစ်စုံတစ်ယောက် ပတ်သက်မှုရှိကြောင်း သိရှိနိုင်လေသည်။

မည်သို့သော ပတ်သက်မှုမျိုး ရှိနေပါသနည်း။

ထိုမိန်းကလေးသည် မည်သူ ဖြစ်ပါသနည်း။

ပဟေဠိဆန်လွန်းလှပေတော့၏။

*

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေသည်။

မိုးအောက်မြေပြင်တွင် သက်ရှိထင်ရှားနိုင်သော လူခြောက်ယောက်သာ ရှိသည်ဟုထင်ရသည်။



ထိုလူခြောက်ယောက်သည် ဝတ်စားဆင်ယင်ပုံနှင့် မျက်နှာသွင်ပြင် ဟန်မူရာများ မတူညီကြပါချေ။ သို့သော် ... သူတို့ခြောက်ယောက်၌ တူညီမှုမှုတစ်ခုစီ ရှိနေကြလေသည်။

ထိုအရာကား ...

သူတို့မျက်လုံးခြောက်စုံပင် ဖြစ်လေသည်။ ထိုမျက်လုံးခြောက်စုံသည် ရှုးရှုတောက်ပစွာဖြင့် လမ်းဆုံလမ်းခွရှိ အိမ်အိုကြီးတစ်လုံးဆီသို့ ကြည့်နေကြလေသည်။

သူတို့၏မျက်ဝန်းအစုံတွင် အလွန်ထူးဆန်းသော ဟန်အမူအရာများ ပေါ်လွင်နေကြလေသည်။ တစ်စုံတစ်ရာ တွေ့မြင်ရန်းဖြင့် မျက်တောင်မခတ် ရှုးစိုက်ကြည့်နေကြကုန်သည်။ ထိုအိမ်အိုကြီးသည် မည်သည့်လျှို့ဝှက်ဆန်းကြယ်မှုများ ရှိနေပါသနည်း။

*

ဤနေရာသည် ချန်အန်းမြို့တော်၏ မြို့လယ်ကောင်မှင်းလမ်းမကြီးဖြစ်သည်။

ထို့ကြောင့် ... ဤနေရာတစ်ဝိုက် အဆောက်အအုံများ၊ ဈေးဆိုင်များ စားသောက်ဆိုင်များသည် အလွန်ခမ်းနားကျယ်ဝန်းပြီး လှပ

သေသပ်ကြလေသည်။

သို့သော် ... လမ်းဆုံလမ်းခွ (သို့မဟုတ်) လှည်းဦးတိုက် လှေဦးတိုက်နေရာ၌ တည်ရှိနေသော အိမ်ကြီးတစ်လုံးကမူ အလွန်အို မင်းနေပေသည်။

အိမ်ကြီးမှာ အပေါ် အောက် နှစ်ထပ်တည်ဆောက်ထားပြီး စကြံလမ်းကလေးအား အိမ်ကြီး၏အပေါ်ထပ် ပတ်ပတ်လည်တွင် ထည့်သွင်းဆောက်လုပ်ထားသဖြင့် စနစ်တကျ ရှိနေသည်။

မည်သို့ဆိုစေ ... ယခု အိမ်ကြီး၏ တချို့နေရာမှ သစ်သားများ ကွာကျပျက်စီးနေပြီး အပေါ်တံစက်မြိတ်အစွန်တွင် ချိတ်ဆွဲထားသည့် ငွေရောင်စာလုံးမှာ ဖတ်၍ပင်မရအောင် ကွာကျနေသဖြင့် အကျည်းတန်လှပေသည်။

ထို့ပြင် ... အိမ်တိုင်းအိမ်တိုင်း မီးပုံးများ ထွန်းညှိကာ အလှ ချင်းပြိုင်လျက် လမုန့်ရာသီပွဲတော် ကျင်းပနေချိန်တွင် အိမ်အိုကြီးသည် မှောင်နှင့်မည်းမည်းရှိနေသဖြင့် ဒဏ္ဍာရီထဲမှ သရဲတစ္ဆေများ ဖန်ဆင်းသော အိမ်အိုကြီးကဲ့သို့ ကျက်သရေကင်းမဲ့လျက် ရှိလေသည်။

မည်သူမဆို ... ဤနေရာသို့ ရောက်ရှိလာပါလျှင် ကျက်သရေကင်းမဲ့၍ အကျည်းတန်လှသော အိမ်အိုကြီးကား အာရုံစိုက်၍



ကြည့်ကြမည် မဟုတ်ပါ။

သို့ရာတွင် ... ယခု ချိန်အန်းမြို့ထဲရှိ သက်ရှိထင်ရှားနိုင်သော လူခြောက်ယောက်တို့၏ မျက်ဝန်းခြောက်စုံသည် ထိုအိမ်အိုကြီးအား မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

ဤသို့ဆိုလျှင် ...

ထိုအိမ် ကြီးသည် မည်သည့်ထူးခြားချက်များ ရှိနေသနည်း။

ထိုအိမ်ကြီး၏ အရှင်သခင်သည် မည်သူဖြစ်မည်နည်း။

✱

လေသည် တစ်စထက်တစ်စ ပို၍ပြင်းထန်လာသည်။ ယင်းကြောင့် ... အိမ်အိုကြီး၏ တချို့နေရာများမှ တံခါးရွက်များသည် တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ဝုန်းဒိုင်းကြဲနေလေသည်။ ထို့ပြင် မီးပုံးအိမ်များသည်လည်း ဟိုမှသည် ယိမ်းယိုင်ကာ တဖုတ်ဖုတ်ဖြင့် ငြိမ်းသွားကြလေသည်။

ထိုအခါ ... ချန်အန်းမြို့တော် တစ်ခုလုံးတွင် လွှမ်းခြုံထားသော လမုန့်ပွဲတော်ရာသီ၏ အငွေ့အသက်များမှာ လွင့်ပါးကွယ်ပျောက်သွားခဲ့လေပြီ။

အိမ်အိုကြီးမှာလည်း ပို၍ပင်ကျက်သရေကင်းမဲ့ကာ ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ ကောင်းလာလေ၏။

မည်သို့ ဆိုစေ ... လဝန်း၏အလင်းရောင် ရှိနေသေးသဖြင့် အိမ်အိုကြီးအား ထင်ရှားစွာ တွေ့မြင်နေရလေသည်။ မျက်ဝန်းခြောက်စုံကလည်း ထိုအိမ်အိုကြီးအား မျက်တောင်မခတ် ကြည့်နေကြသေးသည်။ လေပြင်းများနှင့်အတူ အဝေးဆီမှ ရုတ်တရက် လွင့်ပျံ့လာသော အသံတစ်သံကို ကြားလိုက်ရလေသည်။

"ဗေဒင် ... ဗေဒင် ... လမုန့်ရာသီပွဲတော်ကျင်းပတဲ့ နေ့ထူးနေ့မြတ်မှာ ချုန်အန်းမြို့တော်မှာ မကောင်းဆိုးဝါးကံကြမ္မာကျရောက်တဲ့အကြောင်း စိတ်ရင်းနဲ့ သတိပေးဗေဒင်ဟောစာတန်းတွေဝေဖို့ စေတနာဗေဒင်ဆရာ လာပြီး ... စေတနာဗေဒင်ဆရာ လာပြီ"

ယင်းအသံသည် လေပြင်းနှင့်အတူ အဝေးဆီမှ လွင့်ပျံ့လာ၏။ ကျယ်လောင်လာလေသည်။ အိမ်အိုကြီးဆီသို့ ကြည့်ရှုနေကြသော မျက်လုံးခြောက်စုံသည် ထိုအသံကြောင့် အိမ်အိုကြီးဆီမှ အကြည့်ကိုခွာကာ အသံထွက်ပေါ်လာရာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြလေသည်။

ထိုအချိန်မှာပင် လမ်း၏အစွန်းဆုံးဆီမှ မည်းမည်းသဏ္ဍာန် လူရိပ်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုလူရိပ်၏ လက်တစ်ဖက်တွင်



စာချုတ်တံများ ထည့်ထားသော ဝါးဆစ်ပိုင်းတစ်ခုကို ကိုင်ဆောင်ထားပြီး ကျန်လက်တစ်ဖက်ကမူ စက္ကူကတ်ထူဖြင့် ပြုလုပ်ထားသော ဆိုင်းဘုတ်တစ်ခုကို ကိုင်ဆောင်ထားလေသည်။

သူ၏ခန္ဓာကိုယ်သည် ပိန်ပိန်ရှည်ရှည်ဖြစ်သည်။ အလွန်ကျယ်ဝန်းသော အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသဖြင့် လေကိုဆန်၍ လျှောက်လာသည့်အခါ အဝတ်အစားများမှာ တဖျပ်ဖျပ် လွင့်ပျံ၍နေလေသည်။

မည်သို့ဆိုစေ ... ထိုလူသည် တောင်တစ်လုံးပမာ မားမားမတ်မတ်ဖြင့် လျှောက်လာခဲ့ရာ မကြာမီ ဒေါင်းမင်းဂေဟာရှေ့သို့ ရောက်ရှိလာသည်။

ယခုမှ လဝန်း၏အလင်းရောင်အောက်တွင် ထိုလူ၏မျက်နှာအား ထင်ရှားစွာ တွေ့မြင်ရလေသည်။ ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။ ဖြူဖပ်ဖြူရော်မျက်နှာ၊ မျက်တွင်းဟောက်ပက်ပြီး နက်ရှိုင်းစွာ မြုပ်ဝင်နေသော မျက်လုံးအစုံမှ စိမ်းဖန့်ဖန့်အရောင်များ ထွက်ပေါ်နေလေသည်။

ယင်းကြောင့် ရုတ်တရက်ကြည့်လိုက်ပါလျှင် အမှောင်ကျသော တောနက်တွင်း၌ တွေ့မြင်လိုက်ရသော မီးစုန်းနှစ်ပွင့်နှင့် တူလှပေ၏။

ထိုလူသည် လက်ထဲမှ စာချုတ်တံများအား တဂျောက်ဂျောက်ခေါက်ရင်း ကျန်လက်တစ်ဖက်မှ ဆိုင်းဘုတ်ကို အပေါ်သို့မြှောက်ကာ ဝန်းကျင်တစ်ခုလုံးအား စိမ်းဖန့်ဖန့်မျက်လုံးများဖြင့် တစ်ချက်ဝေ့ကြည့်လိုက်၏။ ပြီးနောက် ... ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"အင်း ... ချန်အန်းမြို့တော်ကို ငါက စိတ်ရင်းနဲ့ သတ်ပေးလာခဲ့ပေမယ့် နောက်ကျသွားပါပြီလား"

သူက တစ်ယောက်တည်း ညည်းညူကာ ဝမ်းနည်းကြေကွဲဟန်ဖြင့် ရေရွတ်လိုက်သည်။ သို့သော် ... သူ၏စိမ်းဖန့်ဖန့်မျက်လုံးများသည် အလွန်ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ပေါ်လွင်နေလေသည်။ ထို့နောက် သူသည် အိမ်အိုကြီးဆီသို့လှမ်းကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဩော် ... ဒီအိမ်ကြီးရဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကအဖြစ်တွေကလည်း အခုတော့ လေနဲ့အတူ လွင့်ပါသွားပါပြီလား"

သူက သက်ပြင်းရှည်တစ်ချက်ချကာ ...

"အင်း ... ဘာပဲဖြစ်ဖြစ်လေ၊ ငါ့အနေနဲ့ ဒီအိမ်ကြီးရဲ့ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတဲ့ အရှင်သခင်အတွက် စိတ်ရင်းစေတနာနဲ့ ဗေဒင်တွက်ပေးဦးမှပဲ"



ပြောပြီး ဝါးဆစ်ဘူးကလေးကို တချောက်ချောက်ဖြင့်ခေါက်ကာ စာချုရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ၏ဝါးဆစ်ဘူးကလေးအား လှုပ်ယမ်းနေသောလက်က ရုတ်တရက်ရပ်တန့်သွားလေသည်။

အကြောင်းကား ... အဝေးဆီမှ ပြေးလွှားလာသော မြင်းခွာသံများကို ကြားလိုက်ရသောကြောင့် ဖြစ်၏။ မြင်းခွာသံများကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ၏မျက်လုံးအစုံမှ အရောင်များ တဖျပ်ဖျပ်တောက်ပလာ၏။

"သူတို့ လာပြီထင်တယ်"

ပြောပြီး အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ ကျန်ရှိသော လူခြောက်ယောက်ကလည်း အိမ်အိုကြီးဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြလေသည်။

သို့ရာတွင် ... အိမ်အိုကြီးသည် ထူးခြားချက်တစ်စုံတစ်ရာမရှိဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေ၏။ ထို့ကြောင့် သူတို့ခုနစ်ယောက်၏ မျက်ခုံးများက ကုပ်ဆင်းသွားကြလေသည်။

အမှန်တွင် ... သူတို့ခုနစ်ယောက်သည် မြင်းခွာသံထွက်ပေါ်ရာသို့ လှမ်းကြည့်ကာ မည်သူမည်ဝါလာကြောင်း အကဲခတ်သင့်ပေသည်။ ယခုမှာမူ ... သူတို့၏မျက်ဝန်းများက အိမ်ကြီးဆီသို့ ရောက်ရှိနေခြင်းသည် မည်သည့်လျှို့ဝှက်ချက် ရှိနေပါသနည်း။

ဤအိမ်အိုကြီးမှ မည်သူမည်ဝါလာကြောင်း သတင်းပို့မည့်သူ ရှိနေချေပြီ။ မည်သို့ဆိုစေ ... သူတို့အားလုံးသည် အိမ်ကြီးဆီမှ ထူးခြားမှုတစ်စုံတစ်ရာ မရှိသည့်အတွက် မျက်မှောင်ကြုတ်ကာ မြင်းခွာသံကြားရာသို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ... မြင်းနှစ်ကောင်သည် ဒေါင်းမင်းဂေဟာရှေ့သို့ ရောက်ရှိလာသည်။

မြင်းပေါ်တွင် အစိမ်းရောင် ဆင်တူဝတ်ဆင်ထားသော လူနှစ်ယောက်ပါရှိလာလေသည်။ သူတို့၏မျက်နှာများသည် ခန္ဓာကိုယ်ပေါ်ရှိ အစိမ်းရောင်ဝတ်စုံများကဲ့သို့ ဆင်တူဖြစ်နေလေသည်။ တစ်နည်းအားဖြင့်ဆိုသော် ... ရုပ်ချင်းခွဲမရသော လူနှစ်ယောက်ဖြစ်သည်။

အသက်လေးဆယ့်ငါးနှစ်ရှိပြီဖြစ်ပြီး မျက်လုံးများမှာ အေးစက်တင်းမာလှပေသည်။ ထိုအေးစက်တင်းမာသော မျက်လုံးနှစ်စုံသည် ဒေါင်းမင်းဂေဟာခြံဝင်းထဲတွင် စာရေးနေသော စာပေသိုင်းသမားနှင့် အရက်သောက်နေသော မင်း သားလေးတစ်ပါးနှင့်တူသည့် လူရွယ်ဆီသို့ တစ်ချက်လှမ်းကြည့်၍ မြင်းကို ဆက်လက်မောင်းနှင်သွားလေသည်။

ထိုသို့ဆိုပါလျှင် ... ဤလူနှစ်ယောက်သည် ယခုချန်အန်းမြို့



တော်တွင် ဖြစ်ပျက်နေသော ထူးခြားမှုများကို ဂရုမစိုက်၍လော။

✻

တဟူးဟူးအော်မြည်လျက် အရှိန်ပြင်းစွာတိုက်ခိုက်နေသော လေက ရုတ်တရက်ရပ်တန့်သွား၏။ ကြောက်မက်ဖွယ်ရာကောင်းအောင်ပင် ရုတ်ခြည်းရပ်တန့်သွားခြင်းဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး သည် အရှိန်ပြင်းစွာတိုက်ခတ်နေသော လေက ရုတ်တရက် ရပ်တန့်သွားသည့်အခါ သုသာန်တစပြင်ပမာ ချောက်ချားဖွယ် ငြိမ်သက်သွား၏။

ယခု ... ချောက်ချားတုန်လှုပ်ဖွယ်ရာ ငြိမ်သက်တိတ်ဆိတ်မှုသည် ဝန်းကျင်တစ်ခုလုံးအား ကျယ်ပြန့်စွာ ခြိမ်းခြောက်နေလေသည်။

သို့သော် ... မျက်လုံးခုနစ်စုံကမူ ထိတ်လန့်တုန်လှုပ်ဟန်များ အလျဉ်းမရှိကြပါ။ သူတို့သည် ကျက်သရေကင်းမဲ့လှသော အိမ်အိုဟောင်းကြီးဆီသို့ မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

ယင်းအချိန်မှာပင် ... အိမ်အိုဟောင်းကြီး၏ညာဘက် တံစက်မြိတ်အစွန်းဆီသို့ ကြိုးဖြင့်သွယ်တန်းထားသော မီးပုံးအိမ်ငါးလုံး

သည် ရှေ့ဆင့် နောက်ဆင့် ဖြည်းညင်းစွာ တက်လာကြလေသည်။ တစ်စုံတစ်ယောက်သည် အိမ်အိုကြီး၏တစ်နေရာဆီမှ မီးပုံးအိမ်များ ထွန်းညှိထားသော ကြိုးတစ်ဖက်စကို ဆွဲတင်နေဟန်တူ၏။

ဤသို့ဆိုလျှင် ... ဤအိမ်အိုကြီးသည် အခုအချိန်မှ လမုန့်ရာသီပွဲတော်ကျင်းပသလော။ မဖြစ်နိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော် ... မီးပုံးအိမ်များ မြင့်တက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အိမ်အိုကြီးဆီသို့ စူးစိုက်ကြည့်နေကြသော မျက်လုံးခုနစ်စုံတွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာကြသည့် မဟုတ်ပါလော။

ယင်းကြောင့် ... မီးပုံးအိမ်များ ထွက်ပေါ်လာခြင်းမှာ တစ်စုံတစ်ခုသော ထိပ်တန်းလျှို့ဝှက်ချက်အတွက် အချက်ပေးခြင်းဖြစ်ကြောင်း သိရှိနိုင်၏။

ဤသို့ဆိုပါလျှင် ... အိမ်အိုကြီးမှ မီးပုံးအိမ်များ ထွန်းညှိ၍ အချက်ပေးသောလူများသည် မည်သူဖြစ်ပါသနည်း။

မည်သည့်ထိပ်တန်းလျှို့ဝှက်ချက်အတွက် အချက်ပေးမီးပုံးအိမ်များ ထွန်းညှိလိုက်ပါသနည်း။

*



အိမ်အိုကြီးဆီမှ မီးပုံးအိမ်များ ထွန်းညှိခဲ့ပြီးဖြစ်သည်။

မီးပုံးအိမ်များ ထွန်းညှိထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အိမ်အိုကြီးဆီသို့ စူးစိုက်၍ကြည့်နေကြသော မျက်လုံးခုနစ်စုံ၌ ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။

အထူးသဖြင့် ... ခေါင်းမင်းဂေဟာ အဆောက်အအုံ၏ ခေါင်မိုးပေါ်၌ ထိုင်လျက်ရှိသော အဖြူရောင်ဝတ် စုံဝတ်ဆင်ထားသော မိန်းကလေး၏မျက်ဝန်းအစုံတွင် စိုးရိမ်ပူပန်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ရုတ်တရက် ... သူမသည် အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်၏။ အင်္ကျီအိတ်ထဲမှ သွယ်လျသောလက်ကလေး ပြန်လည်ထွက်ပေါ်လာသောအခါ ကျောက်စိမ်းယပ်တောင်လေးတစ်ချောင်း ပါရှိလာလေသည်။

ယပ်တောင်ကလေး၏ အလယ်ဗဟိုတွင်မူ ခရမ်းရောင်ကျောက်အလင်းပြားဖြင့် ခေါင်းမြီးကွက်သဏ္ဌာန် ပုံဖော်ထားလေသည်။ လဝန်း၏အလင်းရောင် ဖြာကျနေသဖြင့် ယပ်တောင်ကလေးရှိ အစိမ်းရောင်အလင်းတန်းများ ရောင်ပြန်ဟပ်လျက် ရှိလေသည်။

မိန်းကလေးသည် လဝန်းအား တစ်ချက်မော့ကြည့်လိုက်

သည်။ တစ်ဖန် ... ငွေရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်ထံသို့ ခေါင်းလှည့်ကြည့်ကာ ယပ်တောင်ကိုင်ထားသော လက်ကောက်ဝတ်ကလေးအား ဖြည်းညင်းစွာ လှည့်လိုက်လေသည်။

ထိုအခါ ... ယပ်တောင်ပုံသဏ္ဌာန် ကျောက်စိမ်းရောင် အလင်းတန်းကလေးများသည် ငွေရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်ရှေ့ ကျောက်စားပွဲပေါ်သို့ ဖြာကျသွားလေတော့သည်။

✱

ယပ်တောင်ပုံသဏ္ဌာန် ကျောက်စိမ်းရောင် အလင်းတန်းကလေးများသည် ကျောက်စားပွဲရှေ့သို့ ဖြာကျလာ၏။ ကျောက်စိမ်းရောင် အလင်းတန်းလေးများ၏ အလယ်ဗဟိုတွင်မူ ဒေါင်းမြီးကွက်ပုံသဏ္ဌာန် ခရမ်းရောင်အလင်းတန်းများ ရှိနေလေသည်။

အမှန်တွင် မိန်းကလေးသည် အိမ်အိုကြီးဆီမှ မီးပုံးအိမ်များ ထွက်ပေါ်လာသည်ကို တွေ့မြင်ရသဖြင့် ငွေရောင်ဝတ်စုံဝတ်ဆင်ထားသောလူရွယ်အား သတိရှိစေရန် အချက်ပြလိုက်ခြင်းဖြစ်သည်။

ငွေရောင်ဝတ်စုံဝတ်ဆင်ထားသောလူရွယ်သည် ကျောက်စားပွဲပေါ်သို့ ယပ်တောင်ပုံသဏ္ဌာန် အစိမ်းရောင်အလင်းတန်း ဖြန့်



ထပ်တင်ပုံကို စိုက်ကြည့်ကာ ပြုံးလိုက်သည်။ ထူးဆန်းလျှို့ဝှက်သော အပြုံးဖြစ်သည်။ ယင်းနောက် ... မြေပဲတစ်တောင့်ကိုလှမ်းယူကာ လက်ခလယ်ဖြင့် တောက်ထုတ်လိုက်လေသည်။

'ဝှစ်'

မြေပဲတောင့်သည် အရှိန်ပြင်းစွာဖြင့် ပစ်လွင့်သွားပြီး မိန်းကလေး၏ ကိုင်ဆောင်ထားသော ယပ်တောင်၏ အလယ်ဗဟိုသို့ တည့်မတ်စွာ ထိမှန်သွား၏။

မိန်းကလေးသည် ငွေရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်က ဤအနီးတစ်ဝိုက်တွင် မရှိစေချင်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။ ထို့ကြောင့် ... ပြုံး၍ ခေါင်းတစ်ချက်ညိတ်ပြကာ ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ရုတ်တရက် ... ခန္ဓာကိုယ်တစ်ချက် လှုပ်ခါလိုက်ရာ သူမ၏ ခန္ဓာကိုယ်သည် ပျံလွှားတစ်ကောင်ပမာ အဆောက်အအုံခေါင်မိုးပေါ်သို့ ရောက်ရှိကွယ်ပျောက်သွားလေသည်။

ယင်းတဒင်္ဂလေးမှာပင် ... အဝေးဆီမှ ပြေးလွှားလာနေသော မြင်းခွာသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

✱

တိတ်ဆိတ်နေသော ချန်အန်းမြို့တော်တွင် အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။ ယင်းမြင်းခွာသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ကင်ဒိုဓားရှည်ကိုင်ဆောင်ထားသော လူဝကြီးက အဆက်မပြတ်ဝါးလျက်ရှိသော ကွမ်းများကို မြေပြင်ပေါ်သို့ ကြမ်းတမ်းစွာ ထွေးထုတ်ပြီး ...

"ထွီ"

ကျဉ်းမြောင်းသေးငယ်သော မျက်လုံးအစုံမှာ လမ်း၏တစ်ဖက်စွန်းသို့ စိုက်ကြည့်ရင်း ကင်ဒိုဓားရှည်အား ဓားအိမ်ထဲမှ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

ယင်းအချိန် ... ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသောလူသည် ဓားထုလုပ်ခြင်းကို ရပ်တန့်ကာ လမ်း၏အစွန်ဆုံးဆီသို့ အေးစက်တင်းမာသည့် မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ သူ၏လက်တစ်ဖက်ကမူ နံရံပေါ်၌ ချိတ်ဆွဲထားသော ကြိုးအား ဆွဲဖြုတ်လိုက်သည်။

ပထမတန်း စားသောက်ဆိုင်ရှေ့၌ထိုင်နေသော မိန်းကလေးကလည်း လခြမ်းသဏ္ဍာန်ဓားကွေးလေးဖြင့် လက်သည်းများကို ညီညာလှပစွာ လှီးဖြတ်နေခြင်းကို ရပ်တန့်လိုက်လေသည်။

ထို့အတူ ... စာပေသိုင်းသမား လူရွယ်သည် စုတ်တံကို



စားပွဲပေါ်သို့ ဖြည်းညင်းစွာ ချလိုက်ပြီးနောက် သံမဏိလုံတိုနှစ်လက်အား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။ ယင်းနောက် ... မလှမ်းမကမ်းရှိ နားနေဆောင်ထဲ၌ အရက်သောက်နေသော ငွေရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်အား မသိမသာ မျက်လုံးဝေ့ကြည့်လိုက်သည်။

ငွေရောင်ဝတ်စုံဝတ်ဆင်ထားသောလူရွယ်သည် ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။ စာပေသိုင်းသမားလူရွယ်သည် ပြုံးလျက် လုံတိုနှစ်ချောင်းကို ဆုပ်ကိုင်ရင်း ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ထိုအချိန်မှာပင် ... မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာကာ လမ်း၏အစွန်ဆုံးဘက်ဆီမှ မြင်းလေးကောင် ထွက်ပေါ်လာသည်ကို လရောင်အောက်၌ မြင်တွေ့လိုက်ရလေသည်။

အားလုံးသောလူများသည် ထိုမြင်းလေးကောင်အား တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြလေသည်။ ဤသို့ဆိုပါလျှင် ...

ယခုရောက်ရှိလာသော လူလေးယောက်သည် မည်သူများဖြစ်ပါသနည်း။

* * *

## အခန်း (၂)
## ဒေါင်းမင်းလက်နက်ပုန်း

လဝန်းသည် ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာပြီဖြစ်သည်။

မြင်းလေးကောင်သည် လဝန်း၏အလင်းရောင်အောက်တွင် ဖြည်းညင်းစွာ မောင်းနှင်နေလေသည်။ မကြာမီ ... ဒေါင်းမင်းဂေဟာ ရှေ့သို့ ရောက်ရှိလာကြသည်။

ရုတ်တရက် ရှေ့ဆုံးမှမြင်းကို မောင်းနှင်လာသော အသက် ခြောက်ဆယ်ခန့်ရှိ အဘိုးအိုသည် မြင်းကို တုံ့ခနဲရပ်လိုက်သည်။ ထို အခါ ... နောက်ဘက်မှ ခြံရံ၍လိုက်ပါလာသော လူသုံးယောက်က လည်း မိမိတို့၏မြင်းများကို ပြိုင်တူရပ်တန့်လိုက်ကြသည်။

သူတို့၏မျက်လုံးသုံးစုံသည် ရှေ့ဆုံးမြင်းပေါ်တွင် ထိုင်နေသော ရွှေဝါရောင် ပိုးဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုအား အကဲခတ်ကြည့်နေသည်။



ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုသည် စူးရှသောမျက်လုံးအစုံဖြင့် ဒေါင်းမင်းဂေဟာခြံဝင်းအတွင်းရှိ ကျောက်ပြားလမ်းကလေးပေါ်တွင် သွေးသံရဲရဲနှင့် လဲကျသေဆုံးနေသော အလောင်းများကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

သူ၏မျက်နှာပေါ်တွင် ဟန်မူရာကင်းမဲ့နေသည်။ သို့သော် ... မျက်လုံးအစုံတွင် အံ့သြခြင်း၊ ခံပြင်းခြင်း၊ ကြေကွဲဝမ်းနည်းခြင်း စသည့်ဟန်မူရာများ ပေါ်လွင်နေသည်။

ယင်းအချိန် နောက်ဘက်မှ အကဲခတ်ကြည့်နေသော လူသုံးယောက် ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအို၏မျက်လုံး အကြည့်ရွေ့လျားရာသို့ ပြိုင်တူလှမ်းကြည့်လိုက်သည်။

သူတို့သည် ယခုမှ သွေးသံရဲရဲဖြင့် သေဆုံးနေသော အလောင်းများအား တွေ့မြင်လိုက်ရ၏။

"သခင်ကြီး ... သတိထားပါ"

သူတို့သည် အော်ဟစ်သတိပေးရင်း ရွှေဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုအား တြိဂံပုံသဏ္ဍာန် ဝိုင်းရံထားကြသည်။ တစ်ဆက်တည်းမှာပင် ... ခါးတွင်ချိတ်ဆွဲထားသောဓားများကို ပြိုင်တူဆွဲထုတ်လိုက်ကြသည်။

ထိုတဒင်္ဂအချိန်လေး၌ လူတစ်ယောက် ရောက်ရှိလာလေ

သည်။ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ရှိ၍ ကင်ဒိုအင်္ကျီနှင့် ဓားကိုင်ဆောင်ထားသော လူငယ်ဖြစ်သည်။ သူ၏ခန္ဓာကိုယ်သည် ဝဝဖိုင့်ဖိုင့်ဖြစ်၍ ဘောလုံးတစ်လုံးနှင့်တူနေသော်လည်း လှုပ်ရှားမှုမှာ လေအဟုန်ကဲ့သို့ လျင်မြန်လှပေသည်။

ခန္ဓာကိုယ်က ကိုယ်ရံတော်သုံးယောက်အနီးသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ခုနစ်ပေမျှရှည်သော အဖြူရောင်အလင်းတန်းတစ်ခုက ကိုယ်ရံတော်၏ရင်ဝသို့ ထိုးသွင်းလာလေသည်။

အမှန်တွင် ... ထိုအဖြူရောင်အလင်းတန်းသည် ကင်ဒိုဓား၏အလင်းရောင်ပင် ဖြစ်လေသည်။ ကိုယ်ရံတော်၏ရင် မီးဆွဲသွားလေသည်။ သူသည် တိမ်းရှောင်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... မိမိက တိမ်းရှောင်လိုက်ပါလျှင် ဒေါင်းမင်းဂေဟာသခင်ကြီး၏ ခန္ဓာကိုယ်ထဲသို့ ကင်ဒိုဓားစိုက်ဝင်သွားမည်ကို စိုးရိမ်သဖြင့် မိမိလက်ထဲမှဓားနှင့် ပင့်ရိုက်ထုတ်လိုက်သည်။ သူ၏လှုပ်ရှားမှုမှာ လျင်မြန်လှပေသည်။

သို့သော် ... လူဝကြီး၏လှုပ်ရှားမှုမှာ သူ့ထက်ပို၍ မြန်ဆန်နေသည်။ ကင်ဒိုဓားသည် ကိုယ်ရံတော်၏ရင်ဝကို စိုက်ဝင်သွားလေသည်။

"အင့်"



ကိုယ်ရံတော်သည် မပီမသရေရွတ်ညည်းညူရင်း မြင်းပေါ်မှ ပြုတ်ကျသွားလေသည်။ ထိုအခါ ... ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုရှေ့တွင် အကာအရံကင်းမဲ့သွားသည်။ လူဝကြီးက အေးစက်စက်မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး ... ခင်ဗျား လောကကြီးထဲမှာ ဆက်ပြီး အသက်ရှင်နေသေးတယ်ဆိုရင် ဒေါင်းမင်းလက်နက်ပုန်းကို ကျုပ်လက်ထဲအပ်ပါ"

ရွှေရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအို (သို့မဟုတ်) ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးက သူ့အား အေးတိအေးစက်မျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

"ဩော် ... မင်းက ဒေါင်းမင်းလက်နက်ပုန်းကို လိုချင်လို့ ကျုပ်ကို လာစောင့်နေတယ်ဆိုပါတော့ ... ဟုတ်လား"

လူဝကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်မှာ အဖော်နှစ်ယောက်ပါတယ်"

ချန်းမာချူးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ဒီဒေါင်းမင်းလက်နက်ပုန်းကို တီထွင်မိတာ ကျုပ်အမှားပဲ"

သူသည် မီးပုံးထွန်းညှိထားသော အိမ်အိုကြီးဆီသို့ တစ်

ချက်လှမ်းကြည့်လိုက်ပြီး ...

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ဆီက ပဟောဟိုက အိမ်အိုကြီးရဲ့ အရှင်သခင်ချူးထင်ဟိုဟာ ဒီဒေါင်းမင်းလက်နက်ပုန်းကို လုယူဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ သူ ကံမကောင်းခဲ့ပါဘူး"

လူဝကြီးက တစ်ချက်ပြုံးလိုက်သည်။ ချန်းမာချူး၏မျက်နှာပေါ်တွင် တည်ကြည်လေးနက်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"ကျုပ် ခြိမ်းခြောက်တာ ဝါသနာမပါဘူး၊ တကယ်လို့သာ ချူးထင်ဟိုက ကံကောင်းတယ်ဆိုရင် သူ့ရဲ့ချူးအိမ်တော်က အခုလောက် ရုပ်ဆိုးအကျည်းတန်နေစရာ မလိုဘူးဆိုတာ မင်းနားလည်ထားသင့်တယ်"

ချန်းမာချူးက ပြုံးလိုက်သည်။

"ထားပါတော့လေ၊ ဒါဆိုရင် မင်းတို့က ဘယ်သူတွေလဲဆိုတာ ကျုပ်ကို အရင်ပြောပြသင့်တာပေါ့"

လူဝကြီးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က လောက်ဆန်"

သူသည် ကြိုးကွင်းတစ်ကွင်းကို ကိုင်ဆောင်ကာ ပန်းပဲဖိုထဲမှ လှမ်းထွက်လာသောလူအား ညွှန်ပြလိုက်ပြီး ...



"သူကတော့ ကျောက်စုစု"

ချန်းမာချူး၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားလေသည်။

"ဟုတ်လား ... နောက်ရော"

လူကြီးက ပထမစားသောက်ဆိုင် လှေကားထစ်များအတိုင်း တစ်ထစ်ချင်းနင်းကာ ဆင်းလာသော အေးစက်စက် မျက်နှာပိုင်ရှင် မိန်းကလေးအား ညွှန်ပြလိုက်၏။

"သူကတော့ ကျူးမာဝေပါ"

ချန်းမာချူးက လျှောင်ပြုံးပြုံးလိုက်သည်။ သူသည် လူဝကြီးအား စိုက်ကြည့်လိုက်ပြီး ...

"သြော် ... မင်းက နီပွန်ထိုင်းရာဇာ လောက်တန်"

သူ၏ရှူးရှသော မျက်လုံးအစုံက ပန်းပဲဖိုထဲမှ လှမ်းထွက်လာသောလူရွယ်ထံသို့ ရောက်ရှိသွားပြန်လေသည်။

"ဟိုသူငယ်က ကြိုးတန္တွေကျောက်စုစု"

ကြိုးတန္တွေကျောက်စုစုသည် အေးစက်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဟုတ်တယ်"

သူသည် ပထမတန်းစား စားသောက်ဆိုင်၏အောက်ဆုံး

လှေကားထစ်တွင် ရောက်ရှိနေသော မိန်းကလေးအား ညွှန်ပြကာ

"သူကတော့ ကျုပ်ဇနီးပါ၊ သိုင်းလောကသားတွေက သူ့ကို ဖိုမလခြမ်းကျူးမာဝေလို့ ခေါ်ကြပါတယ်"

အမှန်တွင် ... သူသည် မိမိတို့၏ သိုင်းလောကဘွဲ့များဖြင့် ချန်းမာချူးအား ခြောက်လှန့်လိုက်ခြင်းဖြစ်သည်။ သို့သော် ... ချန်းမာချူး၏မျက်နှာပေါ်တွင် ထိတ်လန့်သွားသည့် ဟန်မူရာများကို မမြင်တွေ့ရပါချေ။ ထို့ပြင် ... အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ကျုပ် ဒီတစ်ခေါက် လမုန့်ရာသီပွဲတော်ကျင်းပဖို့ ချန်အန်းမြို့တော်ကို ပြန်လာခဲ့တယ်၊ သည်လောက်ရင်းနှီးတဲ့မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့ရမယ်မထင်ခဲ့မိဘူး"

သူသည် နီပွန်စားရာဇာ လောက်တန်နှင့် ကြိုးစာချွေကျောက်စုစုအား တစ်လှည့်စီကြည့်ကာ ပခုံးတွန့်လိုက်ပြီး ...

"နောက်ပြီး မင်းတို့လို သိုင်းလောကသားတိုင်း ခေါင်းကိုက်နေရတဲ့ သိုင်းအကျော်အမော်နှစ်ယောက်နဲ့ တွေ့ဆုံရမယ်လို့လည်း မမျှော်လင့်ခဲ့ဘူး"

ထိုစကားကြောင့် ကြိုးတချွေကျောက်စုစု မျက်မှောင်ကုတ်သွားသည်။

"အဘိုးကြီး ခင်ဗျားပြောချင်တဲ့စကားအဓိပ္ပာယ်က ဘာလဲ"



ချန်းမာချူးက ပြုံးလျက်ဖြင့် ဖိုမလခြမ်းကျူးမာဝေအား ကြည့်လိုက်လေသည်။

"ကျူးမာဝေ ... ကျုပ်တို့နှစ်ယောက် မိတ်ဟောင်းဆွေဟောင်းတွေဆိုတာကို မင်း သူ့ကို မရှင်းပြထားဘူး ထင်တယ်"

ဖိုမလခြမ်း ကျူးမာဝေ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ သူမသည် ရွံ့ရှာမုန်းတီးသော မျက်ဝန်းအစုံဖြင့် ချန်းမာချူးအား စိုက်ကြည့်လိုက်၏။

"ဒေါင်းမင်းသခင်ကြီး ... ပြီးဆုံးသွားတဲ့ အတိတ်ကန့်လန့်ကာကို ပြန်လှစ်ဟနေစရာမလိုဘူး၊ ဒီကနေ့ ကျွန်မတို့က ရှင့်ဆီက ဒေါင်းမင်းလက်နက်ပုန်းကိုပဲ လိုချင်တယ်"

ချန်းမာချူးက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

"အင်း ... အချစ်ကနေပြီး အမုန်းကို ပြောင်းလဲသွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့မေတ္တာတရားဟာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ထက်တောင် ကြောက်စရာကောင်းနေပါပေါ့လား"

သူက ဖိုမလခြမ်း ကျူးမာဝေအား ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်လေသည်။

"ကျူးမိန်းကလေး ... လွန်ခဲ့ကဲ့ ငါးနှစ်တုန်းဆီက မင်းဟာ

ကျုပ်သား ချန်းစွမ်းချိုဖုန်းကို အရှုးအမူး စွဲလမ်းပြီး မင်းမိဘတွေကို ဖွင့်ဟခဲ့တယ် …၊

သမီးလေးတစ်ယောက်တည်းအပေါ် ငုံထားမတတ်ချစ်ခဲ့တဲ့ မင်းမိဘတွေကလည်း မင်းဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကျုပ်ကို အောင်သွယ်ကနေတစ်ဆင့် စေ့စပ်လာတယ်၊ ခက်တာက ကျုပ်သား ချန်းစွမ်းချိုဖုန်းဟာ မင်းကို မေတ္တာမရှိခဲ့ဘူး”

သူ၏စကားမဆုံးမီ ဖိုမလခြမ်းကျူးမာဝေသည် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလာကာ အော်ငိုက်လေသည်။

“တိတ်စမ်း … သေကာနီး သွေးရူးသွေးတန်းစကားတွေ လျှောက်ပြောမနေနဲ့”

ချန်းမာချူးက ကျေနပ်စွာ ပြုံးလိုက်သည်။ အမှန်တွင် … သူက ရန်သူသုံးယောက်ရှိသည့်အနက် ကြိုးတန္တေကျောက်စုစုနှင့် ဖိုမလခြမ်းကျူးမာဝေတို့အား စိတ်ဓာတ်စစ်ဆင်ရေးအရ အနိုင်ရလိုက်ပြီ မဟုတ်ပါလား။ သူက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

“အင်းလေ … သည်စကားတွေက မင်းအတွက် နားထောင်လို့မကောင်းဘူးဆိုရင် ကျုပ်မပြောတော့ပါဘူး၊ ဒါပေမဲ့ … ဒါဟာ သွေးရူးသွေးတန်းနဲ့ ပြောတဲ့စကားလား၊ အမှန်တကယ် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေလားဆိုတာ မင်းအသိဆုံးပါ”



ဖိုမလခြမ်းကျူးမာဝေ၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေလေသည်။ ဒေါသထွက်လွန်းသဖြင့် စကားပင် မပြောနိုင်တော့ပါ။ ထိုစဉ်မှာပင် … ကြိုးတန္တေကျောက်စုစုသည် ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာလေသည်။

“သည်စကားတွေဟာ အမှန်ပဲလား”

ဒေါင်းမင်းသခင်ကြီး ချန်းမာချူးက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

“ကြိုးတန္တေ … မင်းဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ အနက်ရောင်သိုင်းသမားတစ်ယောက်ဖြစ်ပြီး ဒီလောက် အ,ရသလား”

ကြိုးတန္တေကျောက်စုစု၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။ သူသည် ဒေါသကြီးစွာဖြင့် ဖိုမလခြမ်း ကျူးမာဝေအား လှမ်းကြည့်လိုက်၏။

“ကျူးမာဝေ … သူပြောတာ အမှန်တွေပဲလား”

ဖိုမလခြမ်းကျူးမာဝေ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။

“ကျွန် … ကျွန်မ”

သူမသည် မည်သို့ဆက်ပြောရမှန်းမသိအောင် ဖြစ်နေလေ

သည်။ ထိုအချိန်တွင် ... မှောင်ရိပ်တစ်နေရာ၌ ရပ်နေသော လူတစ်ယောက်သည် အခြေအနေကို အကဲခတ်ကြည့်နေရာမှ လှမ်းထွက်လာ၏။ နှုတ်မှလည်း ...

"စေတနာ ဗေဒင်ဆရာ ... စေတနာဗေဒင်၊ လူတစ်ယောက်ရဲ့အနာဂတ်ကို အတိအကျဟောပေးမယ်"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် စေတနာဗေဒင်ဆရာအား တွေ့မြင်လိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားလေ၏။ သို့သော် ... ချက်ချင်းပင် မချိပြုံး ပြုံးကာ ...

"သြော် ... စေတနာဗေဒင်ဆရာလည်း ရောက်နေတာကိုး"

စေတနာဗေဒင်ဆရာက ပြုံး၍ ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ... စေတနာဗေဒင်ဆရာ ပုယန်စိမ်းပါ"

ကြိုးတန္တေကျောက်စုစုက သူ့အား စေ့စေ့တစ်ချက်ကြည့်လိုက်ကာ ...

"ဟေ့ ... ခင်ဗျား ဗေဒင်ဟောတာ တကယ်မှန်သလား"

စေတနာဗေဒင်ဆရာက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ဗေဒင် မှန်တယ်၊ မမှန်ဘူးဆိုတာ သိချင်ရင် လက်တွေ့စမ်းကြည့်နိုင်ပါတယ်"

ကျောက်စုစု ခေါင်းညိတ်လိုက်သည်။



"ကောင်းပြီ"

သူသည် ဇနီးဖြစ်သူ ကျူးမာဝေအား ညွှန်ပြကာ ...

"သူဟာ တကယ်ပဲ ဒေါင်းမင်းဂေဟာ အရှင်ကြီးရဲ့သား ချန်းစွမ်းချိဖုန်းကို မွေးဖွားခဲ့သလား"

စေတနာဗေဒင်ဆရာ ပုယန်စိမ်းသည် ကောင်းကင်ပေါ် တစ်ချက် မော့ကြည့်လိုက်သည်။ ယင်းနောက် ... လက်ချောင်းကလေးများကို လှုပ်ရှားရေတွက်နေပြန်လေသည်။ တစ်ခဏကြာမှ ... သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်လိုက်ပြီး ...

"အင်း ... မွေးဖွားသမား မင်းသားလေး ချန်းစွမ်းချိဖုန်းကို ကျူးမိန်းကလေးက တကယ်ပဲဖွဲလမ်းပြီး မွေးဖွားခဲ့ပါတယ်၊ ဒါပေမဲ့ ..."

ကြိုးတန္တေကျောက်စုစုက အေးတိအေးစက်လေသံဖြင့် မေးလိုက်၏။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

စေတနာဗေဒင်ဆရာ ပုယန်စိမ်းကလည်း ပခုံးတစ်ချက် တွန့်လိုက်၏။

"အခု ကျူးမိန်းကလေးရဲ့ရင်ထဲမှာ ဒေါင်းမင်းဂေဟာတစ်ခုလုံးကို ကလဲ့စားချေချင်နေတယ်၊ လောကကြီးထဲမှာ ဒေါင်းမင်းဂေ

ဟာဆိုတာ ပျောက်ဆုံးသွားစေချင်နေပါတယ် ...၊

ဒါဟာ သခင်ကြီးချုန်းမာချူးပြောသလိုပဲ အချစ်ကနေ ကူးပြောင်းသွားတဲ့ အမုန်းတွေပါပဲ"

ကျောက်စုစု၏မျက်နှာပေါ်တွင် တွေဝေသော ဟန်မူရာများ ပေါ်လွင်လာလေသည်။ ထိုအချိန် ... ဖိုမလခြမ်းကျူးမာဝေ၏ မျက်လုံးအစုံတွင် စိုးရိမ်ထိတ်လန့်သောဟန်မူရာများ ပေါ်လွင်လာသည်။ သူမသည် ကျောက်စုစုအနီးသို့ တစ်လှမ်းချင်း လျှောက်သွားပြီး ...

"အစ်ကို ... ဒီအဘိုးကြီးက ကျွန်မနဲ့အစ်ကို့ရဲ့ကြားမှာ အတိတ်က အမှားအယွင်းတစ်ခုကို အသုံးချပြီး စိတ်လှုပ်ရှားစေဖို့နဲ့ အထင်လွဲစေဖို့ ကြိုးစားနေတာပါ၊ ဒါကြောင့် ... အစ်ကိုက သူ့ရဲ့ ပရိယာယ်ထဲ မဆင်းပါနဲ့နော်"

ဟု သတိပေးလိုက်သည်။ ကျောက်စုစုက သူမအား စိုက်ကြည့်လိုက်၏။ သူ၏မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများ ပေါ်လွင်နေလေသည်။ စေတနာဗေဒင်ဆရာ ပုယန်စိမ်းသည် သူတို့နှစ်ယောက်အား တစ်လှည့်စီကြည့်ကာ သတိပေးလိုက်၏။

"ကြိုးတန္တေ ... သူပြောတာ အမှန်ပဲနော်၊ ဒီလိုအချိန်မျိုးမှာ သူ့အပေါ် ခင်ဗျား မယုံကြည်ရင် ဒေါသဖြစ်လာမယ်၊ ခံပြင်းလာ



မယ်၊ ဒါဆိုရင် ခင်ဗျားတို့ အခုလာတဲ့ ရည်ရွယ်ချက်တွေ ပျက်သွားလိမ့်မယ်"

ကျောက်စုစုက သူ့အား စိုက်ကြည့်လိုက်သည်။

"ဒါဆိုရင် ခင်ဗျားကရော ကျုပ်တို့ကို ရည်ရွယ်ချက်မရှိဘဲ ဒီနေရာကိုရောက်လာတဲ့ သဘောလား"

စေတနာဗေဒင်ဆရာ ပုယန်စိမ်းက ပြုံးလိုက်သည်။ အလွန်ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုးဖြစ်၏။

"ကျုပ်ကလည်း ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ချင်း တူနေပါလား"

ယင်းအချိန် ... နီပွန်သိုင်းရာဇာ လောက်တိန်သည် အားရပါးရ ရယ်မောလိုက်၏။ သူ၏ရယ်မောသံသည် ငှက်ဆိုးထိုးသံအလား နားခံရခက်လှပေသည်။ အတန်ကြာမှ ... ရယ်မောခြင်းကို ရပ်တန့်ကာ ဒေါင်းမင်းဂေဟာ သခင်ကြီး ချုန်းမာချူးအား စိုက်ကြည့်လိုက်၏။

"ချုန်းသခင်ကြီး ... အခု ဒီနေရာမှာ ရည်ရွယ်ချက်တူညီတဲ့ လူတွေ စုစည်းနေကြပြီ၊ ဒါကြောင့် ကိုယ့်အသက်ကိုနှမြောရင် ဒေါင်းမင်းလက်နက်ပုန်းကို ကျုပ်တို့လက်ထဲအပ်ဖို့ သဘောတူပါ"

ဒေါင်းမင်းဂေဟာသခင်ကြီး ချုန်းမာချူးက သူ့အား စေ့စေ့

ကြည့်လိုက်၏။

"ခက်တာက အခု ကျုပ်ဆီမှာ ဒေါင်းမင်းလက်နက်ပုန်း ပါမလာဘူး"

နီပွန်သိုင်းရာဇာ လောက်တိန်က ပြုံးလိုက်သည်။ အလွန် ကောက်ကျစ်မည်းလဲသော အပြုံးဖြစ်၏။

"ဒါဆိုရင် ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံပါ၊ ပြီးရင် ခင်ဗျားရဲ့ကိုယ်ရံတော်တွေကို ခင်ဗျားတို့ လျှို့ဝှက်ပုန်းနေတဲ့ ဒေါင်းမင်းဂေဟာကိုလွှတ်ပြီး ဒေါင်းမင်းလက်နက်ပုန်းကို လဲလှယ်ကြတာပေါ့"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးက သူ့အား စိုက်ကြည့်ကာ အေးစက်စက်လေသံဖြင့် ...

"မင်းရဲ့အစီအစဉ်က မဆိုးပါဘူး၊ ဒါပေမဲ့ ကျုပ်က ဒီလိုအစီအစဉ်မျိုးကို မနှစ်သက်ဘူး"

နီပွန်သိုင်းရာဇာ လောက်တိတ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ပြောကြည့်ပါ၊ ကျုပ်တို့ဘက်က ဒေါင်းမင်းလက်နက်ပုန်းသာ ရမယ်ဆိုရင် အစွမ်းကုန်လိုက်လျောမှာပါ"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် သူ့အား အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။



"ကောင်းပြီ ... ကျုပ်ပြောမယ်၊ မင်းတို့ သေသေချာချာ နားထောင်ပါ"

သူသည် ဝန်းကျင်အား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ...

"မင်းတို့ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ အနက်ရောင်သိုင်းသမားတွေပါ၊ ဒါကြောင့် ဒေါင်းမင်းလက်နက်ပုန်းကို ရရှိသွားကြမယ်ဆိုရင် အဆိပ်ပေါ် ရေလောင်းသလို မကောင်းမှုဒုစရိုက်တွေ သိုင်းလောကတစ်ခုလုံးကို ကြီးစိုးသွားမယ်၊ ဒါကြောင့် ..."

သူ၏စကားမဆုံးမီ ကြိုးတဆွဲက ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်တယ်"

နီပွန်သိုင်းရာဇာ လောက်တိန်သည် အေးတိအေးစက် မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်နေလေသည်။ အတန်ကြာမှ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းပြီ ... ဒါဆိုရင် ကနေ့ ခင်ဗျားသေရမယ့်နေ့ပဲ"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏မျက်လုံးမွေးအစုံက နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

"မင်းပြောသလောက် လွယ်ပါ့မလား"

နီပွန်သိုင်းရာဇာ လောက်တိန်၏မျက်နှာပေါ်တွင် ရက်စက် ကြမ်းကြုတ်သော အပြုံးတစ်ခု ပေါ်လွင်လာလေသည်။

"ကျုပ် စကားအပိုမပြောဘူးဆိုတာ ခင်ဗျား အခုပဲ သိရ မယ်"

ပြောရင်း ရုတ်တရက် ကင်ဒိုဓားရှည်ဖြင့် ဒေါင်းမင်းဂေဟာ သခင်ကြီး ချန်းမာချူး၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။ သူ၏လှုပ် ရှားမှုသည် လျှပ်စီးသက်လိုက်သည့်အလား လျင်မြန်၍ တိကျလှပ ပေသည်။ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးက တုတ်တုတ်မျှ ပင် မလှုပ်ပါချေ။ ကင်ဒိုဓားဖျားသည် သူ၏ရင်ဝသို့ ထိုးစိုက်ရန် တစ် လက်မမျှသာ လိုတော့၏။

'ချွမ်း'

ယင်းတဒင်္ဂအချိန်ကလေးမှာပင် ... လခြမ်းဓားရှည်နှစ် လက်သည် ကင်ဒိုဓားရှည်အား ကြက်ခြေခတ်သဏ္ဌာန်ဖြင့် ရိုက်ချလာ လေ၏။ ကိုယ်ရံတော်နှစ်ယောက်၏ဓားနှစ်လက်ဖြစ်သည်။

နီပွန် သိုင်းရာဇာလောက်တိတ်သည် မပေါ့ဆတံ့ပါ။ နံဘေး တွင် စောင့်ရှောက်ခွင့်ရရှိထားသော ကိုယ်ရံတော်များ၏ သိုင်းပညာ အဆင့်မှာ မနိမ့်ကျနိုင်ကြောင်း ယုံကြည်ထားသည် မဟုတ်ပါလား။



ယင်းကြောင့် ... ဓားကို ကိုယ်ရံတော်နှစ်ယောက်၏ဓားနှစ်လက် ကြားမှ ဆွဲထုတ်ရင်း အော်ဟစ်သတိပေးလိုက်၏။

"ကြိုးတစ္ဆေ ... မင်းတို့ ဘာငိုင်နေကြတာလဲ"

သူ၏စကားမဆုံးမီ ... ကြိုးကွင်းတစ်ကွင်းသည် လေထဲ၌ လွင့်ပျံလာကာ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏ဦးခေါင်း အနီးသို့ ရောက်ရှိလာလေ၏။

တစ်ချိန်တည်းမှာပင် ... လူရိပ်တစ်ခုက ပျံလွှားတစ်ကောင် ပမာ သခင်ကြီးချန်းမာချူးအနီးသို့ ခုန်ပျံရောက်ရှိလာလေ၏။ ထိုလူက ချန်းမာချူးအနီးသို့ ရောက်ရှိလာသည်နှင့် အလင်းရောင် တန်းနှစ်ခုက တစ်ပြိုင်နက် ဝင်းလက်တောက်ပသွား၏။ လခြမ်းဓား နှစ်လက်၏အလင်းတန်းများ ဖြစ်သည်။

အမှန်တွင် ကြိုးတစ္ဆေကျောက်စုစုနှင့် ဖိုမလခြမ်းကျူးမဝေ တို့သည် နီပွန်သိုင်းရာဇာ အော်ဟစ်သတိမပေးမီလေးမှာပင် ပြိုင်တူ တိုက်ခိုက်လာခြင်း ဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် ဤတိုက်ကွက် ဖြင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည်။

တိုက်ခိုက်မှုမှာ ရက်စက်ကြမ်းကြုတ်ပြီး လျင်မြန်လှသဖြင့် ဤတိုက်ကွက်ဖြင့် ရန်သူပေါင်းများစွာကို အနိုင်ရခဲ့ကြစမြဲ ဖြစ်သည်။

ယခုလည်း ... ကြိုးတစ္ဆေ၏ကြိုးကွင်းက ဒေါင်းမင်းဂေဟာ

သခင်ကြီး ချန်းမာချူးအား ခုတ်ချမိချိန်တွင် ဖိုမလခြမ်း ကျူးမာဝေ၏ ဓားကွေးနှစ်လက်က တစ်ပြိုင်နက်တိုက်ခိုက်လိုက်ပြီး ဖြစ်သည်။

အံ့ဩဖွယ်ရာကောင်းသည်မှာ ဒေါင်းမင်းသခင်ကြီး ချန်းမာချူးသည် မြင်းပေါ်တွင်ထိုင်နေရာမှ တုတ်တုတ်မျှ မလှုပ်ပါချေ။ ယင်းကြောင့် ... ကြိုးတစ္ဆေကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေတို့သည် ဤတစ်ကြိမ်လည်း မိမိတို့တိုက်ကွက်ဖြင့် ဒေါင်းမင်းဂေဟာ သခင်ကြီး ချန်းမာချူးအား အပိုင်ဖမ်းချုပ်နိုင်လိမ့်မည်ဟု ယုံကြည်လေသည်။

သို့သော် ... ရုတ်တရက် မမျှော်လင့်သော အတားအဆီး တစ်ခုကို တွေ့လိုက်ရလေသည်။ ထိုအတားအဆီးမှာ ... ကြိုးကွင်းသည် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏ဦးခေါင်းအနီးသို့ ရောက်ရှိချိန်၌ လူရိပ်တစ်ခုသည် လျှပ်စီးလက်သည့်အလား ခုန်ပျံရောက်ရှိလာကာ လှံတံတစ်လက်ဖြင့် ပင့်ရိုက်လိုက်သည်။

တစ်ဆက်တည်းမှာပင် တခြားလှံတိုတစ်လက်သည် လျင်မြန်စွာ ဝှေ့ယမ်း၍ လခြမ်းလက်နက်နှစ်ခုအား ကိုင်ဆောင်၍ တိုက်ခိုက်နေသော ဖိုမလခြမ်းကျူးမာဝေ၏ရင်ဝသို့ ထိုးသွင်းလေသည်။

ဖိုမလခြမ်း ကျူးမာဝေ၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရလေသည်။ သူမသည် ဒေါင်းမင်းဂေဟာ သခင်ကြီးချန်းမာချူးအား တိုက်ခိုက်သော ဖိုမလခြမ်း ဓား နှစ်လက်ကို ကမန်းကတန်း ရုပ်သိမ်းကာ



ရင်ဝသို့စိုက်ဝင်လာသော လှံတို့အား နောက်ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်လေသည်။

ထိုအချိန် ... ကြိုးကွင်းသည် လှံတို၏ပင့်ရိုက်ထားကြောင့် လေထဲသို့ လွင့်တက်သွားရာ ကြိုးတစ္ဆေ ကျောက်စုစုသည် လက်ကို တစ်ချက်ဝှေ့ယမ်းကာ မိမိ၏ကြိုးကို ပြန်လည်သိမ်းထားလိုက်လေသည်။

ယင်းနောက် ... ဟန့်တားလာသူအား ပြိုင်တူကြည့်လိုက်ကြ၏။

* * *

## လုံမင်းသား ကို့ကျဲကျုံးလီ

ညသည် ပို၍ပို၍နက်ရှိုင်းလာပြီဖြစ်၏။ ယင်းကြောင့် လဝန်း၏အလင်းရောင်သည် ပို၍ပို၍ လင်းထိန်လာလေသည်။

လဝန်း၏အလင်းရောင်အောက်တွင် အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် လှံတိုနှစ်လက်ကို လက်နှစ်ဖက်ဖြင့် ဘယ်ညာဆန့်လျက် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏မြင်း ရှေ့တွင် ရပ်နေ၏။

ထူပျစ်သော မျက်ခုံးမွေးအစုံ၊ ညိုရင့်နေသော မျက်လုံးအစုံ၊ ဖြောင့်စင်းနေသော နှာတံနှင့် ပိရိသေသပ်သော နှုတ်ခမ်းအစုံတို့ကြောင့် ရုပ်ရည်ချောမောသော၊ သန့်ပြန့်သော လူရွယ်တစ်ယောက် ဖြစ်ပေသည်။

သူ၏သံမဏိလှံတံနှစ်လက်သည် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးအား မည်သူမျှ ဝင်ရောက်မတိုက်ခိုက်ရန် ကာကွယ်



ထားပြီး ဖြစ်နေလေသည်။

သို့သော် ... တခြားလူများက သူ့အား တိုက်ခိုက်မည်ဆိုပါလျှင် သူ့ခန္ဓာကိုယ်တစ်ခုလုံးပါလျှင် သူ့ခန္ဓာကိုယ်တစ်ခုလုံး၌ ဟာကွက်များစွာ ဖြစ်ပေါ်နေသည်။

သို့ရာတွင် ... ကြိုးတန္တေကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေ၊ နီပွန်သိုင်းရာဇာ လောက်တိန်နှင့် စေတနာဗေဒင်စရာ ပုယန်စိမ်းတို့သည် မည်သူမျှ ထိုလူရွယ်အား မတိုက်ခိုက်ဝံ့ပါချေ။

အကြောင်းကား ... လူရွယ်၏ခန္ဓာကိုယ်ပေါ်၌ ဟာကွက်များစွာဖြစ်ပေါ်နေခြင်းမှာ မိမိတို့အား အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ထောင်ချောက်အဆင့်ဆင့်ထဲသို့ လက်ယပ်ခေါ်နေခြင်း ဖြစ်ကြောင်း နားလည်ထားသောကြောင့် ဖြစ်၏။

ယင်းကြောင့် ... တိုက်ခိုက်ရာတွင် အနည်းငယ်မျှ တုံ့ဆိုင်းနေရမည် ဖြစ်သည်။

သို့သော် ... လူရွယ်ကမူ တစ်ဖက်ရန်သူတို့ မိမိ၏အရေးကြီးသော ခန္ဓာကိုယ်အစိတ်အပိုင်းကို ရွေးချယ်နေသည့် တဒင်္ဂလေးမှာပင် လျှပ်တစ်ပြက်တိုက်ခိုက်နိုင်သော အခွင့်အရေးရရှိပြီဖြစ်သည်။

ဤသို့ဆိုလျှင် ... အနည်းနှင့်အများဆိုသကဲ့သို့ ဒဏ်ရာများ ရရှိသွားရမည်ဖြစ်၏။ ထို့ကြောင့် ... သူတို့အားလုံးသည် မည်သူကမျှ

ဝင်ရောက်တိုက်ခိုက်ခြင်းမရှိဘဲ လူရွယ်အား အကဲခတ်ကြည့်နေကြသည်။

ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူးသည် ထိုလူများ၏ ရုတ်တရက်ပြောင်းလဲသွားသော ဟန်မူရာအားကြည့်၍ အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... မင်းပြောသလောက် လွယ်ပါ့မလား လို့ ကျုပ်ပြောခဲ့တယ် မဟုတ်လား"

သူသည် နီပွန်သိုင်းရာဇာ လောက်တိန်အားကြည့်ကာ အားပါးတရရယ်မောနေသည်။ အတန်ကြာမှ ... ရယ်မောခြင်းကို ရပ်တန့်ကာ စာပေသိုင်းသမားလူရွယ်ကို ညွှန်ပြလိုက်လေသည်။

"ကဲ ... ဒီတစ်ခါ ကျုပ်က မိတ်ဆက်ပေးရမယ့်အလှည့်ပဲ၊ သူကတော့ ဒီနေ့ လူငယ်သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ လုံမင်းသားကို့ကျဲကျူးလီပဲ"

ထိုစကားကြောင့် အားလုံးသော လူများ၏မျက်နှာပေါ်၌ အံ့ဩထိတ်လန့်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

လုံမင်းသား ကို့ကျဲကျူးလီဟူသောအမည်သည် ယခုနှစ်နှစ်အတွင်း လျှမ်းလျှမ်းတောက်ကျော်ကြားလာလေသည် မဟုတ်ပါလော။



အကြောင်းကား ... လုံမင်းသားကို့ကျဲကျူးလီသည် လွန်ခဲ့သောနှစ်က အမည်းရောင်သိုင်းထိပ်သီးခုနစ်ယောက်အား သုတ်သင်ရှင်းလင်းခဲ့သောကြောင့် ဖြစ်သည်။

ထို့ပြင် ... ယခုနှစ် သုံးလပိုင်း လဆန်းရက်ဆီက သိုင်းလောကတွင် အရက်စက်ဆုံးနှင့် ကောက်ကျစ်စဉ်းလဲဆုံးသော ဒုစရိုက်တောင်ကြားရှင် ဝံပုလွေငါးကောင် (ဝါ) အမည်းရောင်သိုင်းထိပ်သီးငါးယောက်အား တစ်ပြိုင်တည်း သုတ်သင်ခဲ့ကြောင်း သိုင်းလောကသားများအားလုံး သိထားကြသည် မဟုတ်ပါလော။

ယင်းအချိန် ... လုံမင်းသားကို့ကျဲကျူးလီက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ်က ကို့ကျဲကျူးလီပါ၊ အခုလို လမုန့်ရာသီပွဲတော်ရက်မှာ ခင်ဗျားတို့လို လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ သိုင်းထိပ်သီးတွေနဲ့ တွေ့ဆုံရတာ ဝမ်းသာဂုဏ်ယူမိပါတယ်"

အားလုံးသောလူများသည် နှုတ်ဆိတ်လျက် သူ့အား စိုက်ကြည့်နေကြလေသည်။ ရုတ်တရက် ... လူတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"အင်း ... လုံမင်းသား ကို့ကျဲကျူးလီ ခင်ဗျားကို တွေ့ချင်လွန်းလို့ ဝေးလံခေါင်သီတဲ့ ဒုစရိုက်တောင်ကြားကနေပြီး ရောက်ရှိ

လာတဲ့ ကျုပ်တို့ညီအစ်ကိုကိုလည်း နှုတ်ခွန်းဆက်ပါဦးဗျာ”

အားလုံးသောလူများသည် အသံထွက်ပေါ်လာရာသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။ ထိုအခါ ... သွေးကြောပိတ်ခံထားရသော လူများကြားမှ တစ်လှမ်းချင်း လျှောက်လာနေသော လူတစ်ယောက်ကို တွေ့ပြင်လိုက်ရလေသည်။

ထိုလူသည် အသက်လေးဆယ့်ငါးနှစ် ခန့်ရှိပြီး အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ အားလုံးသောလူများသည် ထိုလူအား အကဲခတ်ကြည့်နေကြလေသည်။

ထိုလူသည် အေးစက်တင်းမာသော မျက်လုံးအစုံဖြင့် လှမ်း၍ ကို့ကျဲကျုံးလီအား စိုက်ကြည့်လျက် တစ်လှမ်းချင်းလျှောက်လာ၏။ လုံမင်းသား ကို့ကျဲကျုံးလီက ပြုံးလိုက်သည်။

“သြော် ... ခင်ဗျားကိုး”

အစိမ်းရောင်ဝတ်ဆင်ထားသော လူက ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်၊ ကျုပ် ရှားထိကျင်းကို တွေ့လိုက်ရလို့ မင်း အံ့သြနေမယ်ထင်တယ်”

လုံမင်းသား ကို့ကျဲကျုံးလီက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။



“ဝံပုလွေ ခုနစ်ကောင်ထဲက ဝံပုလွေငါးကောင်ကိုပဲ သုတ်သင်ခဲ့ရကတည်းက ကျန်တဲ့ဝံပုလွေနှစ်ကောင်နဲ့ တစ်နေ့နေ့မှာ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုတာ မျှော်လင့်ထားပြီးသားပါ၊ အံ့သြစရာ မလိုပါဘူး”

အစိမ်းရောင်ဝတ်ဆင်ထားသော လူ (ဝါ) ဝံပုလွေ ရှားထိကျင်း၏မျက်နှာပေါ်တွင် ပြုံးယောင်သမ်းလာလေသည်။ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော အပြုံးမျိုး ဖြစ်သည်။

“ကောင်းပြီ ... အသက်ငါးချောင်းရဲ့သွေးကြွေးအတွက် ကျုပ်ကို ဒီနေ့ အကြွေးဆပ်ရမယ်”

လုံမင်းသားကို့ကျဲကျုံးလီသည် ပြုံးလျက် ဝန်းကျင်အား မျက်လုံးဝေ့ကာ ကြည့်လိုက်လေသည်။

“ဒါနဲ့ ... စောစောက ကျုပ် ဝံပုလွေနှစ်ကောင်တွေ့လိုက်လားလို့”

ရှားထိကျင်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

“ဒါဖြင့် ... အခု သူ ဘယ်မှာလဲ”

“သူက မင်းကိုကူညီနိုင်မယ့်လူကို စောစောစီးစီး ဝင်လာခွင့်မရအောင် ကြိုပြီး ဟန့်တားဖို့သွားတယ်”

လုံမင်းသားကို့ကျဲကျုံးလီက မျက်ခုံးပင့်၍ ကြည့်လိုက်၏။

"ဩော် ... ခင်ဗျားညီက သူ့ကို အရင်သွားရှင်းနေတယ် ဆိုပါတော့"

ရှားထိကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ဟယ်"

လုံမင်းသား ကို့ကျဲကျုံးလီက ပခုံးတစ်ချက်တွန့်လိုက်သည်၊

"ကောင်းပြီလေ၊ ဘယ်သူက ဘယ်သူ့အလောင်းကို ထမ်းပြီး ခေါင်းမင်းဂေဟာထဲက ထွက်လာမယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

ယင်းအချိန် ...

အကဲခတ်ကြည့်နေကြသော နီပွန်သိုင်းရာဇာ လောက်တိန်ကြိုး၊တ-ဆ္ဆေ ကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေနှင့် စေတနာဗေဒင်ဆရာ ပုယန်စိမ်းတို့၏မျက်နှာများပေါ်တွင် အားတက်လာသည့် ဟန်မူရာများ ပေါ်လွင်လာကြလေသည်။

အကြောင်း ကား ...

ခေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးအား စောင့်ရှောက်ကာကွယ်နေကြသော လူများအနက် လုံမင်းသား ကို့ကျဲကျုံးလီတစ်ယောက်တည်းကိုသာ သူတို့က ဂရုစိုက်ဗေိတ်လန့်နေစဉ် လုံမင်းသား



ကို့ကျဲကျုံးလီအား တိုက်ခိုက်ရန် ဒုစရိုက်တောင်ကြားမှ ဝံပုလွေနှစ်ကောင် ရောက်ရှိလာသောကြောင့် ဖြစ်၏။

ဤသို့ဆိုလျှင် ... သူတို့သည် လူအင်အားများစွာ သာလွန်နေပြီ ဖြစ်လေသည်။ သို့သော် သူတို့သည် ရုတ်တရက် လှုပ်ရှားခြင်း မပြုဘဲ ငြိမ်သက်စွာ ရပ်နေကြသေးသည်။

အမှန်တွင် ...

လုံမင်းသား ကို့ကျဲကျုံးလီအား အနိုင်တိုက်ခိုက်ရန် နောက်ထပ်အင်အားဖြည့်ရောက်ရှိလာမည့် ဝံပုလွေတစ်ကောင်ကို စောင့်နေခြင်းပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ... သူတို့စောင့်နေသော ဝံပုလွေသည် လုံမင်းသားကို့ကျဲကျုံးလီအား အကူအညီပေးမည်ဆိုသော လူအား အမှန်တကယ် ရှင်းလင်းနိုင်ပါမည်လော ...။

* * *

## အခန်း (၄)

## ဒေါင်းမင်းဂေဟာသခင်လေး မေတ္တာဓားချန်းစွမ်းချိုဖုန်း

အိမ်အိုကြီးဆီမှ မီးပုံးအိမ်များ ထွက်ပေါ်လာပြီး မရှေးမနှောင်း၌ မြင်းခွာသံများ ထွက်ပေါ်လာသည်။

ယင်းနောက် ... ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးနှင့် ကိုယ်ရံတော်သုံးယောက်တို့သည် မြင်းသုံးကောင်နှင့် ဒေါင်းမင်းဂေဟာရှေ့သို့ရောက်ရှိလာသည်။

လုံမင်းသားသည် ငွေရောင်ဝတ်ဆင်ထားသော လူဘက် မသိမသာ မျက်လုံးဝေ့ကြည့်လိုက်သည်။ ငွေရောင်ဝတ်ဆင်ထားသောလူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရာ လုံမင်းသား ကို့ကျဲကျူးလီသည် ဒေါင်းမင်းဂေဟာခြံဝင်းထဲမှ တစ်လှမ်းချင်း ထွက်ခွာသွားလေသည်။

လုံမင်းသား၏ခန္ဓာကိုယ်သည် ဒေါင်းမင်းဂေဟာခြံဝင်းဝသို့ ရောက်ရှိသွားသောအခါ ... ငွေရောင်ဝတ်စုံဝတ်ဆင်ထားသောလူ



ရွယ်သည် အရက်ခွက်ထဲသို့ အရက်ထည့်ကာ မော့ချလိုက်သည်။ ယင်းနောက် ... မြေပဲပန်းကန်နံဘေးရှိ ကျောက်သံပတ္တမြားဖြင့် စီချယ်ထားသော ဓားအိမ်ထဲမှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေတော့သည်။

ထိုအချိန် ... ဒေါင်းမင်းဂေဟာ၏အပြင်ဘက် မင်းလမ်းမကြီးပေါ်တွင် နီပွန်သိုင်းရာဇာ၏ဓားချက်ကြောင့် ဒေါင်းမင်းဂေဟာသခင်ကြီး၏ ကိုယ်ရံတော်တစ်ဦး မြင်းပေါ်မှ ပြုတ်ကျသေဆုံးသွားသည်ကို တွေ့မြင်လိုက်ရသည်။

ငွေရောင်ဝတ်ဆင်ထားသောလူရွယ်သည် စူးရှသောမျက်လုံးအစုံဖြင့် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးအား စိုက်ကြည့်ရင်း ထရပ်ဟန်ပြင်လိုက်သည်။

ယင်းအခိုက်အတန့်လေးမှာပင် ... ရတ်တရက် အေးစက်ချွန်ထက်သော ဓားဖျားချွန်တစ်ခုက သူ၏ဝဲဘက်နံရိုးကြားထဲသို့ ထောက်လာ၏။ တစ်ဆက်တည်းမှာပင် အေးတိအေးစက်အသံတစ်သံကို ကြားလိုက်ရလေသည်။

"မလှုပ်နဲ့ ...လှုပ်လိုက်တာနဲ့ မင်းရဲ့နံကြားထဲကို ဒီဓားတိုးဝင်သွားလိမ့်မယ်"

ငွေရောင်ဝတ်ဆင်ထားသော လူရွယ်၏မျက်ခုံးအစုံ နှဖူး

ပေါ်သို့ မြင့်တက်သွားလေသည်။

"ခင်ဗျားက ဘယ်သူလဲ ... ကျုပ်နဲ့ ရန်ငြိုးရှိလို့လား"

သူက လှည့်မကြည့်ဘဲ မေးလိုက်သည်။ အေးတိအေးစက်အသံက သူ၏နောက်တည့်တည့်မှ ထွက်ပေါ်လာလေသည်။

"ကျုပ်က ဝံပုလွေရှားယိုမင်၊ မင်းနဲ့ ရန်ငြိုးမရှိဘူး၊ ဒါပေမဲ့"

ငွေရောင်ဝတ်ဆင်ထားသော လူရွယ်၏မျက်ခုံးအစုံက ကုပ်ဆင်းသွားလေသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

အေးတိအေးစက်အသံရှင် (ဝါ) ဝံပုလွေက ...

"မင်းက ဒေါင်းမင်းဂေဟာသခင်လေး မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်းဖြစ်နေတယ်၊ နောက်ပြီး လှံမင်းသားလီနဲ့ သွေးသောက်ညီအစ်ကိုဖြစ်နေလို့ပဲ"

ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ် (ဝါ) မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်း၏မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်ထွက်လာလေသည်။

"ဩော် ... ခင်ဗျားက ကျုပ်ကိုဖမ်းပြီး ကျုပ် အဖေဆီက ဒေါင်းမင်းလက်နက်ပုန်းကို ရယူဖို့ ကြိုးစားမယ်ဆိုပါတော့"

ဝံပုလွေရှားယိုမင်၏ အေးတိအေးစက်အသံ ထွက်ပေါ်လာ



လေသည်။

"ဟင်း ဟင်း ဟင်း ... မင်းဉာဏ် မဆိုးဘူး"

မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒါပေမဲ့ ... ကျုပ် နားမလည်တာ ရှိသေးတယ်"

"ဘာလဲ"

"ကျုပ်က လှံမင်းသားလေး ကို့ကျဲကျုံးလီရဲ့သွေးသောက်ညီအစ်ကိုတော်နေလို့ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကိုး"

ဝံပုလွေရှားယိုမင်၏ အေးတိအေးစက်အသံ ထွက်ပေါ်လာပြန်သည်။

"လှံမင်းသားက သူ့ရဲ့ဓမ္မူတစ်ခွင် ယှဉ်ပြိုင်သူမရှိဆိုတဲ့ လှံတိုနှစ်လက်နဲ့ ကျုပ်တို့ရဲ့ ဒုစရိုက်တောင်ကြားထဲကို ဝင်ပြီး သောင်းကျန်းသွားတယ်လေ၊ သူ့ကြောင့် ကျုပ်နဲ့ ညီအစ်ကိုတော်တွေ ငါးယောက် သေဆုံးသွားခဲ့တယ်"

မေတ္တာဓားသမားက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဩော် ... ကျုပ် နားလည်ပြီ၊ ခင်ဗျားတို့က သည်ကနေ့ သူ့ကို ကလဲ့စားချေမယ်၊ အဲဒီကိစ္စမှာ ကျုပ်က ဝင်ပြီး မကူညီနိုင်အောင် ကျုပ်ကို ဟန့်တားမယ်၊ အဲဒီလို ကျုပ်ကို ဟန့်တားရင် ကျုပ်

အဖေဆီက ဒေါင်းမင်းလက်နက်ပုန်းကို အကျပ်ကိုင်ပြီး တောင်းယူနိုင်မယ်လို့ မျှော်လင့်ထားတယ် မဟုတ်လား”

ဝံပုလွေရှားယိုမင်က အေးစက်စက်ဖြင့်ရယ်မောလိုက်သည်။

“အဟင်း ဟင်း ... မင်းက တကယ့်ဉာဏ်ကောင်းတဲ့ လူပဲ”

မေတ္တာစားသမားက ပြုံးလိုက်သည်။

“ဟုတ်ပါတယ်၊ ဒါပေမဲ့ မြားတစ်စင်းတည်းနဲ့ ငှက်နှစ်ကောင်ကို ထိအောင်ပစ်နိုင်တဲ့ ခင်ဗျားလောက်တော့ ဉာဏ်မကောင်းလှပါဘူး”

ဝံပုလွေရှားယိုမင်က ရယ်မောလိုက်သည်။

“ဒါကတော့ ကျုပ်တို့ကို လျှို့ဝှက်သတင်းပို့လာတဲ့ စာတစ်စောင်ကို ကျေးဇူးတင်ရမှာပဲ”

မေတ္တာစားသမား၏မျက်ခုံးအစုံက နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

“ဟုတ်လား ... ဘယ်လိုလျှို့ဝှက်စာမျိုးလဲ”

ဝံပုလွေရှားယိုမင်၏ အေးစက်စက်အသံက ထွက်ပေါ်လာလေသည်။

“လမုန့်ရာသီပွဲတော်မှာ ဒေါင်းမင်းလက်နက်ပုန်းနဲ့ အတူ သိုင်းလောကသားတွေကို ရှောင်ပုန်းနေတဲ့ ဒေါင်းမင်းသခင်ကြီး ချန်း



မာချူးဟာ လမုန့်ရာသီပွဲတော် ကျင်းပဖို့အတွက် ဒေါင်းမင်းဂေဟာကို လာမယ်၊ အဲဒီလမုန့်ပွဲတော်မှာ လုံမင်းသားကို့ကျဲကျူးလီကို ဖိတ်ခေါ်ထားတယ်တဲ့လေ”

မေတ္တာစားသမားက ပြုံးလိုက်သည်။

“တကယ်သေချာတဲ့သတင်းပဲ၊ ဒါနဲ့ ဒီလျှို့ဝှက်စာကို ပေးပို့တဲ့လူက ဘယ်သူလဲ”

ဝံပုလွေရှားယိုမင်၏ အေးစက်စက်လေသံ တစ်ခွန်းချင်း ထွက်ပေါ်လာလေသည်။

“ချူး ... ထင် ... ဟို”

“ဘာ ... ချူးထင်ဟို၊ ဟုတ်လား”

“ဟုတ်တယ်၊ ဘာလဲ မင်းက အဲဒီလူကို သိလို့လား”

မေတ္တာစားသမားသည် အတန်ကြာ ငေးငိုင်နေပြီးမှ ခေါင်းညိတ်လိုက်သည်။

“သိတယ်”

ဝံပုလွေရှားယိုမင် စိတ်ဝင်စားသွားဟန်ဖြင့် ကမန်းကတန်းမေးလိုက်သောအသံ ထွက်ပေါ်လာလေသည်။

“အဲဒီလူက ဘယ်မှာလဲ”

မေတ္တာစားသမားသည် လမ်းဆုံလမ်းခွရှိ အိမ်အိုကြီးအား

ညွှန်ပြလိုက်လေသည်။

"ချူးသခင်ကြီးက မီးပုံးအိမ်တွေ ထွန်းညှိထားတဲ့ အိမ်အို ကြီးမှာနေတယ်"

ဝံပုလွေရှားယိုမင်က မျက်မှောင်ကြုတ်လိုက်သည်။

"မဖြစ်နိုင်ဘူး ... ဒီအိမ်ကြီးက လူနေပုံမပေါ်ဘူး"

မေတ္တာဓားသမားက ပြုံးလိုက်သည်။ အလွန်လျှို့ဝှက်သော အပြုံးဖြစ်သည်။

"ဒါတော့ ကျုပ်မသိဘူး၊ သေချာတာက ဒီအိမ်ကြီးဟာ ခင်ဗျားကို လျှို့ဝှက်စာပေးတယ်ဆိုတဲ့ ချူးထင်ဟို နေထိုင်တဲ့ အိမ်အိုကြီးပဲ"

ဝံပုလွေရှားယိုမင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းတို့ဆီက ဒေါင်းမင်းလက်နက်ပုန်းနဲ့ လုံမင်းသားရဲ့ခေါင်းကို ဖြတ်ယူပြီးမှပဲ သွားတွေ့လိုက်ဦးမယ်"

မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်းက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားနေပြီပဲ၊ အခုပဲ ခင်ဗျား ချူးထင်ဟိုနဲ့ တွေ့ရတော့မှာပဲ"

ဝံပုလွေရှားယိုမင်က မျက်မှောင်ကြုတ်လိုက်သည်။



"မင်းက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

မေတ္တာဓားသမားက ပြုံးလိုက်သည်။

"ဒါကတော့ ..."

သူသည် ရုတ်တရက် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ကာ ရုတ်တရက် ခန္ဓာကိုယ် ကိုးဆယ်ဒီဂရီစောင်းလိုက်သည်။ တစ်ဆက်တည်းမှာပင် ... ဝဲဘက်လက်အား မြှောက်လိုက်ရာ ဝံပုလွေရှားယိုမင်၏ဓားသည် ချိုင်းကြားမှ ထိုးထွက်လာသည်။

မေတ္တာဓားသမားသည် ချိုင်းကြားအောက်မှ ထိုးထွက်လာသောဓားကို လက်မောင်းဖြင့် ဖိကပ်လိုက်သည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဝံပုလွေ ရှားယိုမင်၏ရင်ထဲ၌ ထိတ်လန့်သွားမိလေသည်။ သူသည် ယခုမှ မေတ္တာဓားသမားသည် အဘယ်ကြောင့် စကားများများပြောနေကြောင်း သိရှိလိုက်သည်။

အမှန်တွင် ... မေတ္တာဓားသမားသည် ဝံပုလွေရှားယိုမင်အား အချိန်ဆွဲကာ စကားပြောရင်း ရှားယိုမင်၏အာရုံ အိမ်အိုကြီးဆီသို့ အနည်းငယ် ပျံ့လွင့်သွားချိန်၌ ရုတ်တရက် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ တိုက်ခိုက်ခြင်းမှာ အလွန် အန္တရာယ်များ၍ ကြောက်မက်ဖွယ်ရာ စွန့်စားခြင်းမျိုး ဖြစ်လေသည်။

အကြောင်းကား ... ဝံပုလွေရှားယိုမင်သည် သူ၏နောက်ဘက် အနီးကပ်ဆုံးနေရာတွင် ရှိခဲ့ရာ အနည်းငယ်လှုပ်ရှားမှု တိမ်းစောင်းသွားသည်နှင့်တစ်ပြိုင်နက် ရှားယိုမင်၏လက်ချက်ဖြင့် သေဆုံးနိုင်သောကြောင့် ဖြစ်လေသည်။

အကြောင်းကား ... မေတ္တာဓားသမားသည် အတွေ့အကြုံရင့်ကျက်၍ သိုင်းပညာဆင့်မြင့်သော လူရွယ်တစ်ယောက်ဖြစ်သည်။

ရှားယိုမင်၏ ဓားပြားအား ချိုင်းဖြင့်ဖိလျက်ထားပြီးသည်နှင့်တစ်ပြိုင် နက် ကျန်လက်တစ်ဖက်မှဓားကို ဆွဲထုတ်လိုက်သည်။

တစ်ပြိုင်တည်းမှာပင် ... လက်နောက်ပြန်အနေအထားဖြင့် ဓားကို ထိုးသွင်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ တိကျ၍ မြန်ဆန်လှပေသည်။ ယင်းကြောင့် ဝံပုလွေရှားယိုမင်သည် ရှောင်တိမ်းနိုင် စွမ်းမရှိခဲ့ပါ။

"အား"

သူသည် ရင်ဝသို့စိုက်ဝင်လာသော ချန်းစွမ်းချိုဖုန်း၏ဓားကို လက်ဖြင့် ဆုပ်ကိုင်လျက် လဲကျသွားသည်။ ချန်းစွမ်းချိုဖုန်းသည် သူ၏အလောင်းအား ငုံ့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရှားယိုမင် ... ခင်ဗျား အခု တမလွန်ဘဝမှာ ချူးထင်ဟိုနဲ့ ဆုံတွေ့နိုင်ပြီ မဟုတ်လား"



ရှားယိုမင်သည် သူ့အား ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ သို့သော် ... သူသည် ချန်းစွမ်းချိုဖုန်းအား မမြင်တွေ့နိုင်တော့ပါ။ ထို့ပြင် ... ချန်းစွမ်းချိုဖုန်း၏စကားများကိုလည်း မကြားနိုင်ပါ။ သူ၏ဝိညာဉ်သည် သူ၏ခန္ဓာကိုယ်မှ ဖယ်ရှားသွားခဲ့ပြီ မဟုတ်ပါလား။

ဤသို့ဆိုပါလျှင် ... သူ၏ဝိညာဉ်သည် တမလွန်တွင် ချူးထင်ဟိုတို့၏ဝိညာဉ်နှင့် ချန်းစွမ်းချိုဖုန်း၏စကားအတိုင်း အမှန်တကယ် ဆုံတွေ့နေပြီလော။

* * *

## အခန်း (၅)
## ပဟေဠိဆန်သော မိန်းကလေး

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အသံဗလံ မရှိ၊ လှုပ်ရှားမှု မရှိ၊ ချောက်ချားဖွယ်ရာကောင်းအောင်ပင် တိတ်ဆိတ်နေခြင်းဖြစ်၏။ မိုးအောက်မြေပြင်တွင် သက်ရှိသတ္တဝါဟူ၍ အားလုံး ပျောက်ဆုံးသွားသည့်အလား ...။

သို့သော် ... သက်ရှိထင်ရှား လူတစ်ဆယ့်တစ်ယောက်တိတိ ရှိနေသေးသည်။

ထိုလူ ဆယ့်တစ်ယောက်အနက် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၊ လုံမင်းသား ကို့ကျဲကျုံးလီ၊ နီပွန်ရာဇာ လောက်တိန်၊ ကြိုးတန္တေ ကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေ၊ စေတနာဗေဒင်ဆရာ ပုယန်စိမ်း၊ ဝံပုလွေရှားယိုမင်နှင့် ကိုယ်ရံတော်နှစ်ယောက်တို့သည် ချန်အန်းမင်းလမ်းမကြီး၏ အလယ်တည့်တည့်တွင် ရှိနေကြလေသည်။



အားလုံးသောလူများသည် မလှုပ်မယှက်ဖြင့် ရပ်တန့်လျက် ဒေါင်းမင်းဂေဟာခြံဝင်းဆီသို့ စုပြုံရောက်ရှိနေကြ၏။ အတန်ကြာသောအခါ ... ဒေါင်းမင်းဂေဟာ ခြံဝင်းထဲမှ ငွေရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက် တစ်လှမ်းချင်း ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်အား တွေ့မြင်လိုက်သည်နှင့် ဝံပုလွေ ရှားယိုမင်၏ မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ အကြောင်းကား ... ထိုလူရွယ်သည် ဒေါင်းမင်းသခင်လေး မေတ္တာဓား ချန်းစွမ်းချိဖုန်း ဖြစ်နေသောကြောင့်ပင်။

၎င်းပြင် ... ချန်းစွမ်းချိဖုန်း ပခုံးပေါ်တွင် လူတစ်ယောက်ကို ထမ်းလျက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုံမင်းသား ကို့ကျဲကျုံးလီသည် မေတ္တာဓား ချန်းစွမ်းချိဖုန်းအား တွေ့မြင်လိုက်သောအခါ ကျေနပ်စွာ ပြုံးလိုက်သည်။

"ချန်း အစ်ကိုကြီး ... ခင်ဗျားကို ရှားယိုမင်က ဟန့်တားလို့ မရနိုင်ဘူးဆိုတာ ကျုပ် ယုံကြည်ထားပါတယ်"

မေတ္တာဓားချန်စွမ်းချိဖုန်းက သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"မင်းက ဘာဖြစ်လို့ ဒီလိုယုံကြည်ထားတာလဲ"

လှံမင်းသား ကို့ကျဲကျူးလီသည် ပခုံးတစ်ချက် တွန့်လိုက်သည်။ သူသည် မေတ္တာစား ချန်းစွမ်းချိဖုန်း၏ပခုံးပေါ်မှ ရှားယိုမင်၏ အလောင်းအား တစ်ချက်လှမ်းကြည့်ကာ မဲ့ပြုံး ပြုံးလျက် ...

"သူက ဝံပုလွေတစ်ကောင်ဖြစ်နေလို့ပေါ့"

မေတ္တာစားသမားသည် သူ၏စကားကို ကြားလိုက်ရသော အခါ အံ့ဩလွန်းဟန်ဖြင့် မျက်ခုံးပင့်ကြည့်လိုက်သည်။

"အင်း ... သူက လူတစ်ယောက် မဟုတ်ဘူးလား"

လှံမင်းသား ကို့ကျဲကျူးလီက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ချန်းအစ်ကိုကြီးက သူနဲ့ရင်ဆိုင်ခဲ့ပြီ မဟုတ်လား၊ ဒါဆိုရင် သူဟာ ဘယ်လိုအမျိုးအစားလဲဆိုတာ နားလည်မှာပါလေ"

မေတ္တာစားသမားက အနည်းငယ်စဉ်းစားလိုက်သည်။

"အင်း ... သူ့ကိုကြည့်ရတာ လူတစ်ယောက်လိုပါပဲ၊ ဒါပေမဲ့ ကျုပ်ကို မျက်နှာချင်းဆိုင်မတိုက်ဘဲ ချောင်းမြောင်းပြီး အကျုပ်ကိုင်ဖို့ ကြိုးစားခဲ့တယ်၊ သူ့ရဲ့လုပ်ရပ်ဟာ ကောက်ကျစ်စဉ်းလဲပြီး ခိုးကြောင်ခိုးဝှက်နိုင်တယ်၊ ဒါကြောင့် သူဟာ လူတစ်ယောက်ရဲ့ပုံသဏ္ဌာန်ရှိပေမယ့် ဝံပုလွေတစ်ကောင်နဲ့ တူနေတယ်"

လှံမင်းသားက ပြုံး၍ ပခုံးတစ်ချက်တွန့်လိုက်သည်။



"ဒီလိုဆိုရင် အစ်ကိုကြီးက ဝံပုလွေတစ်ကောင်ကို ပခုံးပေါ် ထမ်းထားတာ သိရဲ့လား"

မေတ္တာစားသမားက ထခုန်လိုက်သည်။

"ဟင် ... ဟုတ်ပါရဲ့၊ ကျုပ်က ဝံပုလွေတစ်ကောင်ကို ဘာဖြစ်လို့ ထမ်းထားရမှာလဲ"

ပြောရင်း ပခုံးပေါ်တွင် ထမ်းထားသော ရှားယိုမင်၏ အလောင်းအား ဝံပုလွေရှာထိကျင်းထံ ပစ်ပေးလိုက်လေသည်။ တစ်ဆက်တည်းမှာပင် ... သူ၏ခန္ဓာကိုယ်သည် လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ လှံမင်းသား ကို့ကျဲကျူးလီ၏နံဘေးသို့ ရောက်ရှိသွားလေသည်။

ဝံပုလွေရှားထိကျင်းသည် လေထဲတွင် ခုန်ပျံလာသော ရှားယိုမင်၏အလောင်းအား ဆီးကြိုပွေ့ဖက်ထားလိုက်ရလေသည်။ ယင်းနောက် ... ရှားယိုမင်၏ဝိညာဉ်ကင်းမဲ့နေသော မျက်နှာအား စိုက်ကြည့်ကာ ခန္ဓာတစ်ခုလုံး တဆတ်ဆတ် တုန်ယင်လာလေသည်။

နီပွန်သိုင်းရာဇာလောက်တိန်၊ ကြိုးတန္တေကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေနှင့် စေတနာဗေဒင်ဆရာ ပူယန်စိမ်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီ ကျိတ်၍ ချလိုက်မိကြသည်။

သူတို့အားလုံး မျှော်လင့်ထားကြသော အင်အားဖြည့်ပေးမည့် ရှားယိုမင်သည် လူသေတစ်ယောက်ဖြစ်နေ၏။

ဒေါင်းမင်းသခင်ကြီးတို့ဘက်တွင် အလွန်ကြောက်မက်ဖွယ်ရာကောင်းအောင် သိုင်းပညာထူးချွန်လေသည့် မေတ္တာစားရှင် ချန်းစွမ်းချိုဖုန်းသည် အင်အားတစ်ခုအဖြစ် အားဖြည့်ရောက်ရှိလာပြီ မဟုတ်ပါလော။ ယင်းအချိန် ... ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် သူတို့အား မျက်လုံးဝေ့ကာ ကြည့်လိုက်လေသည်။

"မင်းတို့အားလုံး ကျုပ်စေတနာနဲ့ အကြံတစ်ခုပေးပါရစေ"

စေတနာဗေဒင်ဆရာ ပုယန်စိမ်းသည် စိမ်းဖန့်ဖန့်မျက်လုံးများဖြင့် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးအား စိုက်ကြည့်လိုက်၏။

"ပြောပါ"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"အခုဆိုရင် မင်းတို့ဘက်က လူအင်အားငါးယောက်ရှိတယ်၊ ကျုပ်တို့ဘက်မှာလည်း ငါးယောက်ရှိတယ်၊ မင်းတို့ရဲ့ သိုင်းပညာအဆင့်မနိမ့်သလို ကျုပ်တို့ရဲ့ သိုင်းပညာကလည်း ထိပ်တန်းအဆင့်ရှိတဲ့လူတွေချည်းပဲဆိုတာ နားလည်ထားပါ"



နီပွန်သိုင်းရာဇာ လောက်တိန်က မျက်ခုံးပင့်ကာ မော့ကြည့်လိုက်သည်။

"ခင်ဗျားပြောချင်တဲ့စကားက"

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် သူတို့အား မျက်လုံးဝေ့ကြည့်လိုက်ပြီး ...

"ကျုပ်ပြောချင်တာက ဒီလိုအင်အားကြီးမားတဲ့အုပ်စုနှစ်စု တိုက်ခိုက်ကြမယ်ဆိုရင် နှစ်ဖက်လုံး အထိနာမယ်၊ သေချာတာက မင်းတို့ရဲ့အသက်ငါးချောင်း အလဟဿ ဆုံးရှုံးနိုင်တယ်၊ ကျုပ်တို့ဘက်က ဒဏ်ရာရနိုင်တယ်၊ ဒါကြောင့် အေးအေးဆေးဆေး နောက်ဆုတ်စေချင်တယ်"

နီပွန်သိုင်းရာဇာ လောက်တိန်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ သူသည် သခင်ကြီးချန်းမာချူး၏စကားကို ငြင်းပယ်ခြင်းမရှိပါ။

အကြောင်းကား ... လုံမင်းသားကို့ကျဲကျူးလီနှင့် မေတ္တာစားသမား ချန်းစွမ်းချိုဖုန်းတို့နှစ်ယောက်သည် ယခုသုံးနှစ်အတွင်း သိုင်းပညာ လျှမ်းလျှမ်းတောက်ကျော်ကြားလာသော လူရွယ်များဖြစ်ကြောင်း သိရှိထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ... တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ ကျန်လူများဘက်

သို့ လှည့်ကြည့်လိုက်၏။ စေတနာဗေဒင်ဆရာ ပုယန်စိမ်း၊ ဖိုမလခြမ်း ကျူးမာဝေ၊ ကြိုးတစ္ဆေ ကျောက်စုစုနှင့် ဝံပုလွေရှားထိကျင်းတို့၏ မျက်နှာပေါ်တွင် ဝေခွဲမရသောဟန်မူရာများ ပေါ်လွင်နေလေသည်။ သူတို့သည် မလှုပ်မယှက်ဖြင့် ရပ်ကာ ငေးငိုင်နေကြသည်။

ဝန်းကျင်တစ်ခုလုံးသည် ရုတ်ခြည်း တိတ်ဆိတ်သွားပြန်လေသည်။ ထိုအချိန်မှာပင် … ရုတ်တရက် ရယ်မောသံတစ်သံသည် တိတ်ဆိတ်မှုကို ဖြိုခွင်း၍ ထွက်ပေါ်လာလေတော့၏။

“ဟား ဟား ဟား”

✱

“ဟား ဟား ဟား ဟား”

ရယ်မောသံတစ်သံသည် တိတ်ဆိတ်မှုကို ဖြိုခွင်း၍ ထွက်ပေါ်လာ၏။ မိန်းကလေးတစ်ယောက်၏ ရယ်မောသံပင် ဖြစ်သည်။ သို့သော် … နာပျော်ဖွယ်ကောင်းမဲ့ကာ စူးရှအေးစက်သောအသံဖြစ်သည်။ နာကြည်းခြင်း၊ ခံပြင်းခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ လှောင်ပြောင်ခြင်း စသည့်အသွင်များ ပေါ်လွင်နေသည်။

အားလုံးသောလူများသည် ထိုရယ်မောသံကို ကြားလိုက်ရ



သောအခါ နှလုံးများ တစ်မုဟုတ်ချင်း ရပ်တန့်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး သွေးများအေးခဲသွားသည်ဟု ခံစားလိုက်ကြရသည်။

သူတို့သည် ထိတ်လန့်တုန်လှုပ်သော မျက်လုံးအစုံဖြင့် အသံထွက်ပေါ်လာရာသို့ ပြိုင်တူလှည့် ကြည့်လိုက်ကြလေသည်။ ထိုအချိန် … မီးပုံးများ ထွန်းညှိထားသော အိမ်အိုကြီး၏အပေါ်ထပ် တံခါးမကြီးနှစ်ချပ်က ဖြည်းညင်းစွာ ပွင့်သွားသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ဆက်တည်းပင် တံခါးဝတွင် လူတစ်ယောက် ထွက်ပေါ်လာလေသည်။ ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး မျက်နှာအား အဖြူရောင်ပဝါဖြင့် ဖုံးအုပ်ထားသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ယင်း ကြောင့် … သူမ၏မျက်နှာသွင်ပြင်ကို မမြင်ရပါချေ။ သို့ရာတွင် … သူမ၏ခန္ဓာကိုယ် အချိုးအဆက်ကို မြင်တွေ့လိုက်ရသည်နှင့် အလွန်ချောမောလှပသော မိန်းကလေးဖြစ်ရမည်ဟု အားလုံးက နားလည်လိုက်ကြလေသည်။

မိန်းကလေးသည် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသည်အထိ အားပါးတရ ရယ်မောနေသည်။ အတန်ကြာမှ … သူမသည် ရယ်မောခြင်းကို ရပ်တန့်ကာ စူးရှအေးစက်သောလေသံဖြင့် …

“ဘယ်လိုလဲ ဒေါင်းမင်းဂေဟာသခင်ကြီးရယ် … သိုင်းလော

ကမှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေတာကိုမှ မျက်နှာမထောက်ဘဲ သွေးရူးသွေးတန်းနဲ့ လိမ်ညာခြောက်လှန့်နေပါလား”

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ အိမ်အိုကြီးပေါ်မှ မိန်းကလေးအား အကဲခတ်ကြည့်ရင်း ...

“မင်း ... ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်တို့ကိစ္စကို မဆိုင်ဘဲ ဝင်စွက်ဖက်ပြီး လိမ်ညာတယ်လို့ ပြောဝံ့တာလဲ”

မိန်းကလေးက အေးစက်စက်လေသံဖြင့် ...

“ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ သိချင်ရင် ဟောဒီလည်ဆွဲဘယက်ကိုကြည့်ပါ”

ပြောပြီး လည်တိုင်တွင် ဆွဲထားသော လည်ဆွဲကလေးအား မီးပုံးအိမ်အောက်တွင် မြှောက်ပြလိုက်သည်။ လည်ဆွဲဘယက်လေးသည် မီးပုံးအိမ်၏အလင်းရောင်အောက်တွင် လှုပ်ခါနေသည်။

အလွန်လှပ၍ နဂါးရုပ်တစ်ရုပ်အား နဂါးလေးကောင် ဝိုင်းရံထားသော ဘယက်လေးဖြစ်သည်။ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားပြီး မျက်လုံးများနေရာတွင် အနီရောင်ကျောက်ကလေးများ ထည့်သွင်းထားသည်။ ဤလည်ဆွဲဘယက်လေးအား တွေ့မြင်လိုက်ပါလျှင်



မည်သူမဆို နှစ်သက်မြတ်နိုးကြမည်သာ ဖြစ်သည်။

သို့သော် ... ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် ထိုနဂါးရုပ်လည်ဆွဲဘယက်လေးအား တွေ့မြင်လိုက်သောအခါ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

“ကိုးနဂါး”

ဟု လွှတ်ခနဲ အော်လိုက်မိလေသည်။ ကိုးနဂါးဟူသော အသံကိုကြားလိုက်ရသဖြင့် တစ်ပြိုင်နက် အားလုံးသောလူများ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားကြလေတော့သည်။

✱

ကိုးနဂါး ...။

ကိုးနဂါးဆိုသောနာမည်သည် လွန်ခဲ့သောဆယ်နှစ်ခန့်အချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ဂေဟာတစ်ခုဖြစ်သည်။

ကိုးနဂါးဂေဟာ၏အရှင်သခင်သည် ချူးထင်ဟိုဖြစ်ပြီး သိုင်းပညာထိပ်သီးအဆင့်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သည်။ ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည် သိုင်းပညာထိပ်သီးအဆင့်

ရောက်ရှိနေသဖြင့် တခြားသိုင်းပညာ ထိပ်သီးအဆင့်ရှိသူများ၏ စိန်ခေါ်တိုက်ခိုက်မှုကို အကြိမ်ကြိမ်ရင် ဆိုင်ရ၏။

ထိုတိုက်ပွဲတိုင်းတွင် သူသည် တစ်ဖက်လူအား ပြတ်သားစွာ အနိုင်ရခဲ့လေသည်။ ယင်းကြောင့် … သူ၏နာမည် တစ်ဟုန်ထိုးကျော်ကြားလာကာ ဩဇာအာဏာလည်း တစ်စထက်တစ်စ ကြီးမားလာလေသည်။

ကျော်ကြားခြင်းနှင့် ဩဇာအာဏာသည် လူသားတို့အတွက် မက်မောတွယ်တာကောင်းသော ဂုဏ်သိက္ခာများပင် ဖြစ် လေသည်။ ယင်းကြောင့် … ပုထုဇဉ်လူသားတစ်ဦးဖြစ်သော ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည်လည်း ကျော်ကြားခြင်းနှင့် ဩဇာအာဏာအပေါ် ယစ်မူးလာမိလေသည်။

သူသည် မိမိ၏ကျော်ကြားခြင်းနှင့် ဩဇာအာဏာတည်မြဲရေးအတွက် မိမိအား စိန်ခေါ်ခြင်းမရှိသော သိုင်းထိပ်သီးများကို စတင်စိန်ခေါ်ကာ ရင်ဆိုင်သုတ်သင်ပစ်ခဲ့လေသည်။

ထိုအခါ … သိုင်းလောကတစ်ခုလုံးတွင် ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုအား ကြောက်ရွံ့တုန်လှုပ်လာကြသည်။ ဤသည်ကိုပင် ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည် ကျေနပ်အားရခြင်းမရှိဘဲ ကြေးစားများကို ခေါ်ယူစုဆောင်းကာ ကိုးနဂါးဂိုဏ်း



တစ်ဂိုဏ်းကို ထူထောင်ခဲ့လေသည်။

တစ်ဖန် … သိုင်းလောကထဲရှိ တခြားဂိုဏ်းများကို မိမိ၏လက်အောက်သစ္စာခံအဖြစ် သိမ်းသွင်းပြီး သစ္စာခံခြင်းမပြုသောဂိုဏ်းအား ရက်စက်စွာ သုတ်သင်ရှင်းလင်းပစ်လေသည်။

ကိုးနဂါးဂိုဏ်းသည် တစ်စထက်တစ်စ အင်အားကြီးမားလာကာ သိုင်းလောက တစ်ခုလုံးအား စိုးမိုးချုပ်ကိုင်သည့် အနေအထားသို့ ဖြစ်လာခဲ့လေသည်။

ယင်းအချိန် … နေပြည်တော်မှ သက်ဆိုင်ရာအာဏာပိုင်များသည် အဖြူရောင်သိုင်းသမားဖြစ်သော လက်နက်ပုန်းပါရဂူ ချန်းမာချူးအား ခေါ်ယူတွေ့ဆုံ၍ နဂါးဂိုဏ်းကို ဖြိုခွင်းရန် တာဝန်ပေးခဲ့သည်။

အမှန်တွင် … ချန်းမာချူးသည် အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်သကဲ့သို့ နယ်စားရာထူးရရှိထားသူလည်း ဖြစ်လေသည်။ သူသည် ကိုးနဂါးဂိုဏ်းအကြောင်းကို တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိနေစဉ်ကပင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကိုးနဂါးဂိုဏ်းကို ဖြိုခွင်းမည်ဟူသောအကြံအစည်ဖြင့် ဒေါင်းမင်းလက်နက်ပုန်းကို တီထွင်ခဲ့လေသည်။

ယခု … အထက်လူကြီးများ က ခေါ်ယူတွေ့ဆုံ၍ မိမိအား

ကိုးနဂါးဂိုဏ်းကို ဖြိုခွင်းရန် တာဝန်ပေးလာသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံခဲ့လေသည်။

အမှန်တွင် ... မိမိတီထွင်ထားသော ဒေါင်းမင်းလက်နက်ပုန်းသည် အလွန့်အလွန် အစွမ်းထက်မြက်ပြီး ကြောက်စရာကောင်းသည်ကို ယုံကြည်ထား၍ဖြစ်လေသည်။

အထက်လူကြီးများသည် နယ်စားလေး ချန်းမာချူးထံမှ တာဝန်လက်ခံကြောင်း ကြားသိရသည်နှင့် တစ်ပြိုင်နက် ချန်းမာချူးအား မြို့စားရာထူးခန့်အပ်ကာ ချန်အန်းသို့ စေလွှတ်လိုက်လေသည်။

မြို့စားကြီးချန်းမာချူးသည် ကိုးနဂါးဂိုဏ်းချုပ်ကြီး ချူးထင်ဟို၏ ကိုးနဂါးဂေဟာနှင့် မနီးမဝေးတွင် ဒေါင်းမင်းဂေဟာကြီးကို စတင်တည်ဆောက်စေလေသည်။

ဒေါင်းမင်းဂေဟာအဆောက်အအုံကြီး၏ ကြီးကျယ်ခမ်းနားမှုကြောင့် ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည် ဒေါင်းမင်းဂေဟာအရှင်သခင်မှာ မည်သူမည်ဝါဖြစ်ကြောင်း စိတ်ဝင်စားလာမိ၏။

ထိုအချိန်တွင် ... မြို့စားကြီး ချန်းမာချူးသည် ဒေါင်းမင်းဂေဟာသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီဖြစ် သည်။ ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည် ဒေါင်းမင်းဂေဟာအား အာရုံစိုက်နေစဉ် မြို့စားအဖြစ် ပြောင်းရွှေ့လာသော ဒေါင်းမင်းဂေဟာအရှင်သခင်သည်



အသက်လေးဆယ်ကျော်မျှသာရှိသေးသော လူရွယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရသည့်အခါ အံ့သြခဲ့ရလေသည်။

ပို၍အံ့သြဖွယ်ရာကောင်းသည်မှာ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် နှစ်သစ်ကူးပွဲတော်ကျင်းပချိန်သို့ ရောက်ရှိသောအခါ အခြားမည်သူ့ကိုမျှ မဖိတ်ဘဲ ကိုးနဂါးဂေဟာ သခင်ကြီး ချူးထင်ဟိုကိုသာ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖိတ်ကြားခဲ့လေသည်။

ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟို၏ မာန်မာနသည် ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူးကြောင့် ပို၍ကြီးထွားလာခဲ့သည်။

အကြောင်းကား ... မြို့စားကြီးတစ်ယောက်ကပင် မိမိ၏ကိုးနဂါးအရှိန်အဝါကို ကြောက်ရွံ့တုန်လှုပ်ကာ လာရောက်ပူးပေါင်းသည်ဟု ယူဆမိသောကြောင့်ဖြစ်သည်။ သူသည် ထိုမာနကြောင့်ပင် ဒေါင်းမင်းဂေဟာ၏ နှစ်သစ်ကူးပွဲတော်ကို ရောက်ရှိသွားခဲ့သည်။

မြို့စားကြီး ချန်မာချူးသည် သူ့အား ဖော်ရွေရိုကျိုးစွာ ဆီးကြိုဧည့်ခံခဲ့လေသည်။ ထို့နောက် နှစ်ယောက်တည်း အရက်နှင့် စားသောက်ဖွယ်ရာများကို တပျော်တပါး စားသောက်ခဲ့ကြလေသည်။

ထိုစားသောက်ပွဲတွင် ချန်းမာချူးသည် မိမိတွင် အလွန်

အစွမ်းထက်သော ဒေါင်းမင်းလက်နက်ပုန်းရှိကြောင်း ပြောခဲ့ပြီး လက်နက်ပုန်း၏ အစွမ်းထက်မှုကို ပြသခဲ့လေသည်။

ကိုးနဂါးသခင်ကြီး ချူးထင်ဟိုသည် ဒေါင်းမင်းလက်နက်ပုန်း၏ အစွမ်းထက်မှုကို တွေ့မြင်ရသောအခါ အလွန်ပင် လိုချင်မက်မောလာလေသည်။ ဒေါင်းမင်းလက်နက်ပုန်းကို ကိုင်ဆောင်နိုင်ပါလျှင် သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်နိုင်ရုံသာမက ချန်အန်းမြို့တော်တစ်ခုလုံးကိုပင် သိမ်းပိုက်နိုင်မည်ဟု ယုံကြည်ခဲ့၏။

ထို့ကြောင့် ... ကိုးနဂါးဂေဟာသို့ ပြန်လည်ရောက်ရှိသွားသည်နှင့် မိသားစုကိုခေါ်ယူကာ ခရီးထွက်ခဲ့လေသည်။ တခြားလူများ၏အမြင်တွင် ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုတို့မိသားစု အပန်းဖြေခရီးထွက်သည်ဟု ယူဆကြပေမည်။

အမှန်တွင် ... ကိုးနဂါးဂေဟာသခင်ကြီး ချူးထင်ဟိုသည် ကိုးနဂါးဂိုဏ်းဌာနချုပ်ဆီသို့ တိတ်တဆိတ်ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ၏အကြံအစည်မှာ ကိုးနဂါးဂိုဏ်းဌာနချုပ်သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဂိုဏ်းသားအားလုံးကို စုစည်း၍ ဒေါင်းမင်းဂေဟာရှိ ဒေါင်းမင်းလက်နက်ပုန်းအား လုယူရန်ပင် ဖြစ်လေသည်။

သိုင်းပညာထိပ်သီးအဆင့်ရှိသော ကြေးစားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသဖြင့် လူအင်အား တောင့်တင်းခိုင်မာလှသော မိမိ



၏နဂါးဂိုဏ်းသားများအနေဖြင့် ဒေါင်းမင်းလက်နက်ပုန်းအား ရယူနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့လေသည်။

သို့သော် ... သူတို့မိသားစုသည် ကိုးနဂါးဂိုဏ်းဌာနချုပ်သို့ရောက်ရှိသွားသည့်အချိန်မှာပင် ကိုးနဂါးဂိုဏ်းတစ်ခုလုံး ပျက်စီးသွားခဲ့ရသည်။ အကြောင်းကား ... ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏ဒေါင်း မင်းလက်နက်ပုန်းကြောင့်ပင်ဖြစ်သည်။

သူသည် ကိုးနဂါးသခင်ကြီး ချူးထင်ဟိုက ဒေါင်းမင်းလက်နက်ပုန်းအကြောင်း သိရှိမည်ဆိုလျှင် ကိုးနဂါးဂိုဏ်း၏ဌာနချုပ်သို့သွားရောက်၍ ဒေါင်းမင်းလက်နက်ပုန်းကိုရယူရန် ကြံစည်လိမ့်မည်ဟု ယုံကြည်ထားသဖြင့် နှစ်သစ်ကူးပွဲတော်နေ့တွင် ဖိတ်ကြားကာ ဒေါင်းမင်းလက်နက်ပုန်းကိုပြ၍ ထောင်ချောက်ဆင်ခဲ့ခြင်းဖြစ်သည်။

ချန်အန်းမြို့ရှိ နဂါးဂေဟာတွင် ဝင်ရောက်ဖမ်းဆီးပါက ချန်အန်းမြို့သူမြို့သားများ အထိတ်တလန့်ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် ယခုကဲ့သို့ ထောင်ချောက်ဆင်ခဲ့ခြင်းဖြစ်သည်။

ကိုးနဂါးသခင်ကြီး ချူးထင်ဟိုသည် ဒေါင်းမင်းလက်နက်ပုန်းအား ရယူနိုင်ရန် စိတ်ဆန္ဒစောနေသဖြင့် လမ်းခရီးတစ်လျှောက် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးနှင့် ရဲမက်များ နောက်ယောင်ခံကာ လိုက်ပါလာသည်ကိုပင် ဂရုမပြုမိခဲ့ပါချေ။

ယင်းကြောင့်လည်း ကိုးနဂါးဂိုဏ်းချုပ်ကြီး ချူးထင်ဟို၏ မိသားစုနှင့် ကိုးနဂါးဂိုဏ်းသားအားလုံး သေကျေပျက်စီးခဲ့လေသည်။ ထိုအချိန်မှစ၍ ကိုးနဂါးဂိုဏ်းသည် သိုင်းလောကမှ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့လေသည်။

ထို့အတူ ... ကိုးနဂါးဂေဟာ အရှင်သခင်ကြီး ချူးထင်ဟိုမိသားစုမှာလည်း သိုင်းလောကမှ ထူးဆန်းစွာပျောက်ဆုံးသွားသဖြင့် ကိုးနဂါးဂေဟာသည် အရှင်သခင် ကင်းမဲ့နေလေတော့သည်။

ဤသို့ ပျောက်ကွယ်သွားခြင်းနှင့်ပတ်သက်၍ ထိပ်တန်းရာထူးအဆင့်ရှိသော သက်ဆိုင်ရာအာဏာပိုင်တို့မှလွဲပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏ လက်ချက်ဖြစ်သည်ဟု မသိခဲ့ကြပေ။

အကြောင်းကား ... ကိုးနဂါးဂိုဏ်းဌာနချုပ်တည်ရှိသော လေပွေတောင်ကြားသည် အလွန်လျှို့ဝှက်ပြီး လူသူအရောက်အပေါက်နည်းသောဒေသတွင် တည်ဆောက်ထားသောကြောင့်ဖြစ်သည်။

ထို့ပြင် ... သိုင်းလောကသားများသည် ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူး၏လက်ထဲ၌ ဒေါင်းမင်းလက်နက်ပုန်းရှိနေသည်ကို သိရှိခဲ့ကြလျှင် လိုချင်တပ်မက်စိတ်ဖြင့် လုယက်လာမည့်အန္တရာယ်



ကို စိုးရိမ်သောကြောင့် ထိပ်တန်းရာထူးအဆင့်ဆင့်ရှိသော အာဏာပိုင်တို့က အထူးလျှို့ဝှက်ထားခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ယင်းကြောင့် ... ဒေါင်းမင်းဂေဟာသည် တည်ငြိမ်အေးဆေးစွာဖြင့် ချန်အန်းမြို့တွင် ရပ်တည်နိုင်ခဲ့သည်။ ဆယ်နှစ်ကျော်အချိန်ကာလမျှ ရွေ့လျားလာသောအခါ မြို့စားကြီး ချန်းမာချူးသည် ရုတ်တရက် တာဝန်မှအနားယူကာ ချန်အန်းမြို့တော်သို့ ရွှေ့ပြောင်းသွားခဲ့လေသည်။

အားလုံးသောသူများသည် ထိုအချက်ကို အံ့သြမိကြ၏။ အသက်အရွယ်ကြီးရင့်အိုမင်းခြင်းမရှိသေးသော သဘောထားပြည့်ဝသည့် မြို့စားကြီးချန်းမာချူးသည် ရုတ်ခြည်း တာဝန်မှ အနားယူသွားခြင်းကို နားမလည်နိုင်အောင် ဖြစ်ခဲ့ကြရသည်။

မည်သို့ဆိုစေ ... တရုတ်ရိုးရာပွဲတော်များ၏ နေ့ထူးနေ့မြတ်အချိန်တိုင်း ဒေါင်းမင်းဂေဟာသို့ ရောက်ရှိလာကာ ပွဲတော်ကျင်းပလေ့ ရှိသည်။ ထိုအချိန်မျိုးတွင် ... သူသည် မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားကာ ကျွေးမွေးဧည့်ခံလေ့ရှိသည်။

သို့သော်လည်း ဒေါင်းမင်းလက်နက်ပုန်းအကြောင်းကိုသော်လည်းကောင်း၊ မိမိ ချန်အန်းမြို့မှ ပြောင်းရွှေ့သွားကာ မည်သည့်နေရာတွင် နေထိုင်သည်ကိုလည်းကောင်း ပြောကြားခြင်းမရှိဘဲ ထိပ်တန်း

လျှို့ဝှက်ထားခဲ့သည်။

မည်သို့ဆိုစေ ... ယခု ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏လက်ထဲတွင် ကြောက်မက်ဖွယ်ရာကောင်းသော ဒေါင်းမင်းလက်နက်ပုန်းရှိနေခြင်းကို အနက်ရောင်သိုင်းလောကထဲမှ ထိပ်သီးသိုင်းလောကသားများ သိရှိသွားကြပြီဖြစ်သည်။

တစ်ချိန်တည်းမှာ ပင် ... ဆယ်နှစ်ကျော်အချိန်ကာလတွင် အရှင်သခင်ကင်းမဲ့နေခဲ့ သော ကိုးနဂါးဂေဟာ အိမ်အိုကြီးအပေါ်ထပ် တံခါးမကြီးနှစ်ချပ် ပွင့်သွားပြီဖြစ်လေသည်။

ထို့ပြင် ... ပွင့်သွားသော တံခါးပေါက်ဝတွင် မျက်နှာအား ဇာပဝါအဖြူအုပ်ထားပြီး အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် ကိုးနဂါးဂိုဏ်း၏ အထိမ်းအမှတ်ဖြစ်သည့် နဂါးကိုးကောင်အား လည်ဆွဲဘယက်အဖြစ် ဆင်မြန်းလျက် ထွက်ပေါ်လာခဲ့ ချေပြီ။

ဤသို့ဆိုလျှင် ...

သူမသည် မည်သူဖြစ်ပါသနည်း။

ကိုးနဂါးဂိုဏ်းနှင့် မည်သို့ပတ်သက်နေပါသနည်း။

✻



မီးပုံးအိမ်ငါးလုံး၏ အလင်းရောင်အောက်တွင် နဂါးကိုးကောင်လည်ဆွဲဘယက်ကလေးသည် အရောင်တလက်လက်တောက်ပလျက် လှုပ်ခါယမ်းနေလေသည်။

ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် လှုပ်ခါယမ်းနေသော လည်ဆွဲဘယက်ကလေးအား စိုက်ကြည့်နေလေတော့သည်။ သူ၏ဟန်မူရာသည် အလွန်တည်ငြိမ်အေးဆေးနေသော်လည်း တစ်စုံတစ်ရာကို ကြောက်ရွံ့နေကြောင်း လုံမင်းသား ရိပ်စားမိသည်။

အဘယ်ကြောင့်ဆိုသော် ... ဒေါင်းမင်းဂေဟာသခင်ကြီး၏ မြင်းဇက်ကြိုးကို ဆုပ်ကိုင်ထားသော လက်များသည် အနည်းငယ်တုန်ယင်နေသည် မဟုတ်ပါလော။ ထို့ ပြင် ... သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

လုံမင်းသား ကို့ကျဲကျုံးလီသည် အလွန်အမင်း အံ့သြသွားသည်။ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးကဲ့သို့သော လူစားမျိုးသည် မည်သူ့ကိုမျှ ကြောက်ရွံ့တတ်မည်မဟုတ်ဟု ယုံကြည်ထားခဲ့လေသည်။ ယခု ... အဘယ်ကြောင့် ကြောက်ရွံ့နေပါသနည်း။

မျက်နှာပေါ်တွင် ဇာပဝါအဖြူဖုံးအုပ်ထားသောလူသည်

အလွန်ပင် ကြောက်စရာကောင်းနေသူလော။ သူသည် ယင်းသို့စဉ်းစားရင်း သတိကြီးစွာဖြင့် အကဲခတ်ကြည့်နေသည်။

ယင်းအချိန် ... မိန်းကလေးသည် နဂါးကိုးကောင်ပုံဖော်ထားသော လည်ဆွဲဘယက်အား လည်တိုင်တွင် ပြန်လည်ဆွဲ၍ အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

"ဟင်း ဟင်း ... ဘယ်လိုလဲ ဒေါင်းမင်းဂေဟာသခင်ကြီးရဲ့ ... အခုကိစ္စဟာ ကျွန်မနဲ့မဆိုင်ဘဲ ဝင်ပြီးစွက်ဖက်တယ်လို့ ပြောချင်သေးလား"

ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူးသည် သူမအား တုံ့ပြန်ပြောဆိုခြင်းမရှိဘဲ မလှုပ်မယှက်ဖြင့် စိုက်ကြည့်နေသည်။ မိန်းကလေးက အားရပါးရ ရယ်မောလိုက်သည်။

"ဘယ်လိုလဲ ... ဒေါင်းမင်းဂေဟာသခင်ကြီးရဲ့၊ အခုတော့ ရှင်က တုံ့ပြန်စကားတောင် မပြောနိုင်တော့ဘဲ သစ်သားရုပ်တစ်ရုပ်လို မလှုပ်မယှက်ရပ်နေရသလား"

သူမက သက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်သည်။

"အင်း ... အခုအချိန်ကျမှတော့ ရှင်က ဆက်ပြီး ဟန်ဆောင်လိမ်ညာနေလည်း အပိုပါပဲလေ"

မေတ္တာစား ချန်းစွမ်းချီဖုန်းသည် စကားတစ်ခွန်းမျှမပြော ဘဲ အကဲခတ်ကြည့်နေရာမှ မျက်မှောင်ကြုတ်၍ အော်ငေါက်လိုက်သည်။



"တိတ်စမ်း ... မင်းလို မျက်နှာတောင်မပြရဲတဲ့ မိန်းကလေးတစ်ယောက်ကများ ကျုပ်အဖေကို မချေမငံပြောရသလား"

မိန်းကလေးသည် သူ၏စကားကို ကြားလိုက်ရသည့်အခါ အလွန်ရယ်စရာကောင်းသော ပြက်လုံးတစ်ခုအား ကြားလိုက်ရသည့်အလား အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ဟား ... ဒေါင်းမင်းဂေဟာသခင်ကြီးချန်း ... ရှင့်ရဲ့လျှို့ဝှက်ချက်ကို ရှင့်သားတောင်မှ မသိဘူးထင်တယ်၊ တကယ့်လျှို့ဝှက်နိုင်တဲ့လူပဲကိုး"

မေတ္တာစားချန်းစွမ်းချီဖုန်းသည် ဖခင်ဖြစ်သူအား လှည့်ကြည့်သည်။ သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားလေသည်။ အကြောင်းကား ... ဖခင်ဖြစ်သူသည် မည်သည့်လျှို့ဝှက်ချက်များ ရှိနေပါသနည်း။ ဤသို့ဆိုလျှင် ...

ထိုအချိန် ... မိန်းကလေးသည် လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး ...

"ဒီနေ့ည ချန်အန်းမြို့တော်ကို ရောက်ရှိနေကြတဲ့ သိုင်းလောကရဲ့သူရဲကောင်းများရှင့် ရှင်တို့ကို ခြသေ့ံတစ်ကောင်လို ဟိန်း

ဟောက်နေတဲ့ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းဟာ အမှန်တော့ နှလုံးခြွေလက်ဝါးထိထားတဲ့လူပါ ...၊

သူဟာ ဒီနှလုံးခြွေလက်ဝါးကြောင့် သိုင်းပညာအားလုံး ပျက်စီးဆုံးရှုံးနေတဲ့အပြင် ခန္ဓာကိုယ်ထဲက သွေးလည်ပတ်မှုတွေ တစ်စထက်တစ်စ နှေးကွေးလာပြီး နောက်ဆုံး ရပ်တန့်သွားရတော့မယ်"

ထိုစကားကြောင့် အားလုံးသောလူများက အလွန်အမင်း အံ့သြသွားကြလေသည်။ မေတ္တာစား ချန်းစွမ်းချိုဖုန်းနှင့် လုံမင်းသားတို့မှာမူ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် အမေးပုစ္ဆာပါသော မျက်လုံးအစုံဖြင့် ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူးအား လှမ်းကြည့်လိုက်ကြလေသည်။

ချန်းမာချူး၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လေသည်။ အိမ်အိုကြီး (ဝါ) ကိုးနဂါးဂေဟာပေါ်မှ မိန်းကလေးအား စိုက်ကြည့်လျက် ...

"မိန်းကလေး ... မင်းက ကျုပ်ရဲ့လျှို့ဝှက်ချက်ကို ပြောပြနိုင်နေမှတော့ မင်းရဲ့လျှို့ဝှက်ချက်ကိုလည်း ပြောပြသင့်ပါတယ်"

မိန်းကလေးက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

"ကျွန်မရဲ့လျှို့ဝှက်ချက်ကိုသိချင်ရင် ကျွန်မကို မေးမယ့်အစား ရှင်ကိုယ်တိုင် ကြိုးစားသင့်တယ်"



သူမသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ...

"ကဲ ... ဒေါင်းမင်းလက်နက်ပုန်းကိုရယူချင်လို့ အပင်ပန်းခံပြီး ရောက်ရှိနေကြတဲ့ သူရဲကောင်းတွေ ... ရှင်တို့ ဘာလုပ်နေကြတာလဲ၊ အခုလောက်ဆိုရင် သူတို့ဘက်က လူတစ်ယောက်ဟာ သေသူဖြစ်နေပြီ၊ နောက်ပြီး ကိုယ်ရံတော်နှစ်ယောက်ရဲ့ သိုင်းပညာအဆင့် မနိမ့်ပေမယ့် ရှင်တို့ မှုစရာမလိုပါဘူး၊ ဒါဆိုရင် အဓိကတိုက်ခိုက်ရမှာက ငါးယောက်နဲ့နှစ်ယောက်ပဲ"

သူ၏စကားသည် အလွန်ပင် အစွမ်းထက်လှပေသည်။ အကြောင်းကား ... စောစောတုန်းက တွေဝေနေခဲ့ကြသော အနက်ရောင်သိုင်းသမားငါးယောက်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည် မဟုတ်ပါလား။

သို့သော် ... သူတို့သည် ရုတ်ခြည်းဝင်ရောက် မတိုက်ခိုက်ဝံ့ဘဲ အကဲခတ်ကြည့်နေကြ၏။

ယင်းအချိန် ... မိန်းကလေးသည် အားပါးတရရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒေါင်းမင်းဂေဟာရှင်ကြီးချန်း ... ရှင့်ရဲ့ကံကြမ္မာကို ရှင် ကိုးကွယ်ဆုတောင်းထားပါ၊ တကယ်လို့ ဒီညရှင့်ကို ကံကြမ္မာက မျက်နှာလိုက်ခဲ့ရင်တောင်မှ ကျွန်မက ဘယ်နည်း

နဲ့မဆို ချမ်းသာမပေးနိုင်ဘူး”

သူမသည် ယင်းသို့ပြောပြီးသည်နှင့်တစ်ပြိုင်နက် အိမ်အိုကြီး၏အတွင်းထဲသို့ ပြန်လည်ဝင်ရောက်သွားလေသည်။ ထို့နောက် ... တံခါးမကြီးနှစ်ချပ် ပြန်လည်ပိတ်သွားသည့်အပြင် မီးပုံးအိမ်များလည်း ပြိုင်တူငြိမ်းသွားလေ၏။

ထိုအခါ ... အိမ်အိုကြီးသည် လဝန်း၏အလင်းရောင်အောက်၌ ဒဏ္ဍာရီထဲမှ သရဲတစ္ဆေများ တည်ဆောက်ဖန်တီးထားသော ဝိညာဉ်စံအိမ်ကြီးတစ်လုံး၏အသွင်ကို ရောက်ရှိသွားလေတော့သည်။

*

သန်းခေါင်ယံအချိန်သို့ ကျော်လွန်ခဲ့ချေပြီ။

ယင်းကြောင့် ... လဝန်း၏အလင်းရောင်သည် ပို၍ပို၍ တောက်ပလာသည်။ သို့သော် ... ညသည် ပို၍နက်ရှိုင်းလာပြီး ချောက်ချားဖွယ်ရာကောင်းအောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

လုံမင်းသားကို့ကျဲကျူးလီသည် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးဘက်သို့ လှည့်ကြည့်၍ ပြုံးပြလိုက်သည်။

“ဒေါင်းမင်းဂေဟာသခင်ကြီးချန်းခင်ဗျာ ... ဒီကနေ့ လမုန့်



ရာသီပွဲတော်ကို လျှို့ဝှက်ဒေါင်းမင်းဂေဟာမှာပဲ ကျင်းပနိုင်လိမ့်မယ် ထင်ပါတယ်”

ဒေါင်းမင်းဂေဟာသခင်ကြီးချန်းမာချူးက မချိပြုံးပြုံး၍ ခေါင်းညိတ်လိုက်လေ၏။

“ဟုတ်တယ်၊ ချန်အန်းမြို့ရဲ့ဒေါင်းမင်းဂေဟာမှာ မကောင်းဆိုးဝါးတွေ တွယ်ကပ်နေကြတယ်”

နီပွန်သိုင်းရာဇာလောက်တိန်က မဲ့ပြုံးပြုံးလိုက်သည်။

“မစဉ်းစားပါနဲ့၊ ခင်ဗျားကို ကျုပ်တို့က လျှို့ဝှက်ဒေါင်းမင်းဂေဟာကို ဒီအတိုင်း ပြန်ခွင့်မပြုနိုင်ဘူး”

လုံမင်းသားသည် နီပွန်သိုင်းရာဇာလောက်တိန်အား စေ့စေ့ကြည့်လိုက်သည်။

“ခင်ဗျားက ဘယ်လိုပုံစံမျိုးကျမှ ပြန်ခွင့်ပြုချင်သလဲ”

နီပွန်သိုင်းရာဇာလောက်တိန်က ပြုံးလိုက်သည်။ ကောက်ကျစ်စဉ်းလဲသော အပြုံးကို ပြုံးလိုက်သည်။

“သူ့ကို ကျုပ်တို့က ချုပ်ကိုင်ပြီး ဒေါင်းမင်းလက်နက်ပုန်းကို ရယူပြီးရင် ပြန်ခွင့်ပြုမယ်”

လုံမင်းသားကို့ကျဲကျူးလီ၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာသည်။

"ကောင်းပြီ ... ဒါဆိုရင် ကျုပ်တို့ကို အရင်သတ်ပြီးမှ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းကို ဖမ်းချုပ်လိုက်ပေတော့"

ပြောပြီး ရုတ်တရက် လှံနှစ်ချောင်းကို အဆက်မပြတ် ဝှေ့ယမ်းလိုက်လေသည်။ ငွေရောင်အရိပ်များသည် ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွား၏။

နီပွန်သိုင်းရာဇာ လောက်တိန်၊ ကြိုးတချွေ ကျောက်စုစု၊ ဖိုမလခြမ်း ကျူးမာဝေ၊ စေတနာဗေဒင်ဆရာ ပုယန်စိမ်းနှင့် ဝံပုလွေ ရှုးထိကျင်းတို့သည် လှံမင်းသားကို့ကျဲကျုံးလီ၏ အမှတ်မထင် တိုက်ခိုက်လာမှုကြောင့် ထိတ်လန့်သွားကာ နောက်သို့ ပြိုင်တူဆုတ်လိုက်လေသည်။ ယင်း တဒင်္ဂလေးမှာပင် မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ဓားပြားဖြင့် မြင်း၏တင်ပါးကို ရိုက်ချလိုက်သည်။

'ဖြန်း'

မြင်းသည် ရုတ်တရက် ကျယ်လောင်စွာဟီကာ ချန်အန်းမြို့ပြင်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးသည် မြင်းကြီးပေါ်တွင် လိုက်ပါသွားရင်း ဦးခေါင်းလှည့်ကာ အော်ဟစ်လိုက်သည်။

"စွမ်းချိုဖုန်း ... ကို့ကျဲကျုံးလီကို ဂရုစိုက်ပါ၊ သူမပါဘဲ လျှို့ဝှက် ဒေါင်းမင်းဂေဟာကို မင်း ပြန်မလာရဘူး"



ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

အမှန်တွင် ... သူသည် လမုန့်ရာသီပွဲတော် ကျင်းပရန် ကို့ကျဲကျုံးလီအား ဖိတ်ကြားမိသဖြင့် ယခုကဲ့သို့ မိမိတို့၏ပြဿနာ အရှုပ်အထွေးကြားတွင် ဝင်ရောက်ပါဝင်ခဲ့ရသော ကို့ကျဲကျုံးလီအတွက် တစ်စုံတစ်ရာထိခိုက်မည်ကို စိုးရိမ်သဖြင့် အော်ဟစ်အမိန့်ပေးခဲ့ခြင်း ဖြစ်လေသည်။

ချန်းစွမ်းချိုဖုန်းသည် တစ်ဖက်ရန်သူများအား သတိကြီးစွာ မျက်လုံးဝေ့ကြည့်၍ ပြန်လည်အော်ဟစ်လိုက်သည်။

"စိတ်ချပါ ဖေဖေ ... ကျဲကျုံးလီရှိရင် ကျွန်တော်လည်း ရှိမယ်၊ ကျဲကျုံးလီ မရှိတော့ဘူးဆိုရင် ကျွန်တော်လည်း မရှိစေရဘူး"

ကို့ကျဲကျုံးလီက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... သခင်ကြီး စိတ်ချလက်ချပြန်ပါ၊ ကျွန်တော်တို့အားလုံး အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်"

ဟု ပြန်လည်အော်ပြောလိုက်သည်။ ကြိုးတချွေကျောက်စုစုက မဲ့ပြုံးပြုံးလိုက်သည်။

"သြော် ... မင်းတို့က တစ်ယောက်နဲ့တစ်ယောက် အတုမဲ့ သစ္စာတွေနဲ့ နှောင်ဖွဲ့ထားကြတာကိုး ... ကောင်းတယ်၊ ဒါဆိုရင် မင်းတို့ထဲက ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဖမ်းဆီးနိုင်ရင် ကျုပ်တို့လိုချင်တာ

ရမှာပဲ"

နီပွန်သိုင်းရာဇာလောကတိန်၏မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာကောင်းအောင်ပင် အေးစက်တင်းမာလာလေသည်။

"ဒါ အမှန်ပဲ၊ သူတို့ထဲက တစ်ယောက်ယောက်ကို မိအောင်ချုပ်ကိုင်ရင် ဒေါင်းမင်းလက်နက်ပုန်းကို ရတာနဲ့ အတူတူပဲ"

ဗိုမလခြမ်းကျူးမာဝေ၏မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာကောင်းအောင်ပင် အေးစက်တင်းမာလာလေသည်။

"ဒါဆိုရင် ကျွန်မတို့ ဘာလုပ်နေကြသလဲ"

သူမသည် ယင်းသို့ပြောပြီး လက်ထဲမှ လခြမ်းသဏ္ဌာန်ဓားနှစ်လက်ကို အချင်းချင်းပွတ်တိုက်ကာ ရှေ့သို့ တစ်လှမ်းချင်းလှမ်းလာသည်။ ကျန်လူများကလည်း တိုက်ခိုက်ရန် တစ်လှမ်းချင်းလှမ်းလာလေသည်။

လုံမင်းသား ကျဲကျူးလီနှင့် မေတ္တာဓား ချန်းစွမ်းချိဖုန်းတို့နှစ်ယောက်က ကျောချင်းကပ်ထားလိုက်ကြသည်။ ကိုယ်ရံတော်နှစ်ယောက်ကလည်း မြင်းပေါ်မှဆင်းကာ ကျောချင်းကပ်ထားလိုက်ကြလေသည်။ ယင်းအချိန်မှာပင် ...

'ဗုစ်'



ကြိုးတစ္ဆေကျောက်စုစု၏လက်ထဲမှ ကြိုးကွင်းသည် လုံမင်းသား ကို့ကျဲကျူးလီ၏ခန္ဓာကိုယ်ဆီသို့ တိတ်တဆိတ် ရစ်ပတ်လာလေသည်။

လုံမင်းသား ကို့ကျဲကျူးလီသည် ခြေလှမ်းကို ဘေးသို့ရွှေ့လျားကာ လက်ထဲမှ လှံတိုတစ်လက်အား ကြိုးကွင်းထဲသို့ ထိုးသွင်းလိုက်လေသည်။ ကြိုးကွင်းသည် လှံတံအား တင်းကျပ်စွာ ချည်နှောင်မိသွား၏။ ကြိုးတစ္ဆေကျောက်စုစုက မဲ့ပြုံးပြုံးလိုက်သည်။

ကို့ကျဲကျူး လီ၏ ခန္ဓာကိုယ်အား ရစ်ပတ်ချည်နှောင်မိခြင်းမရှိစေကာမူ လှံတံနှစ်လက်အနက် တစ်လက်ကို မိမိသိမ်းဆည်းမိပါလျှင် တိုက်ခိုက်လာမည့်အင်အား လျော့နည်းသွားမည်ဟု ယူဆမိသည်။ ယင်းကြောင့် ... ကြိုးကွင်းအား မိမိထံသို့ အရှိန်ဖြင့် ဆွဲယူလိုက်လေသည်။

ရုတ်တရက် သူ၏မျက်လုံးများ ပြူးကျယ်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် ... လှံတံအား ရစ်ပတ်ထားသောကြိုးကွင်း ဆွဲယူသောအရှိန်နှင့် ကိုယ်ဖော့ပညာတို့ကို ပေါင်းစပ်၍ ကို့ကျဲကျူးလီ၏ခန္ဓာကိုယ်သည် လျှင်မြန်သောအရှိန်ဖြင့် လေဟုန်စီးကာ ခုန်ဝင်လာခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြိုးကွင်းအား တစ်ချက်

လှုပ်ခါလိုက်ရာ လှံတွင်ရစ်ပတ်ထားသော ကြိုးကွင်းသည် ပြေလျော့သွားပြီး ပြန်လည်လွင့်ပျံလာလေသည်။

ယင်းအချိန် ...

ကို့ကျဲကျုံးလီ၏ခန္ဓာကိုယ်သည် သူ့အနီးသို့ ရောက်ရှိလာကာ ဝဲဘက်လက်တွင်ကိုင်ထားသော လှံတံဖြင့် ထိုးစိုက် လိုက်၏။

ကြိုးတခွေကျောက်စုစုသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်သည်။ ထို့ကြောင့် ... လှံတံသည် သူ၏ရင်ဝတစ်လက်မခန့်အလိုမှ လွဲချော်သွားခဲ့လေသည်။

သို့သော် ... တခြားလှံတံတစ်ခုက ကြိုးတခွေကျောက်စုစု၏ လည်တိုင်သို့ စိုက်ဝင်လာပြန်၏။

ကြိုးတခွေကျောက်စုစု၏မျက်လုံးအစုံမှာ ဒုတိယအကြိမ် ပြူးကျယ်သွားရပြန်လေသည်။ သူသည် လှံမင်းသား ကို့ကျဲကျုံးလီသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည်မှာ အဓိပ္ပာယ်မဲ့ မဟုတ်ကြောင်း ကောင်းစွာသဘော ပေါက်လိုက်မိ၏။ ရှောင်တိမ်းရန် အခွင့်အရေးမရှိတော့သဖြင့် ခန္ဓာကိုယ်အား ဘေးစောင်းလှည့်၍ ပခုံးဖြင့် ခံပေးလိုက်ရသည်။

ထိုတဒင်္ဂလေးမှာပင် ပခုံးဆီသို့ ထိုးစိုက်သောလှံတံအား လခြမ်းပုံသဏ္ဍာန်ဓားတစ်ချောင်း ပင့်ရိုက်လာသည်ကိုတွေ့မြင်လိုက်၏။



'ချွမ်း'

တစ်ဆက်တည်းမှာပင် ... နောက်ထပ် လခြမ်းပုံသဏ္ဍာန် ဓားကွေးတစ်လက်သည် ကို့ကျဲကျုံးလီ၏ဝမ်းဗိုက်သို့ တိတ်တဆိတ် ထိုးစိုက်လာပြန်လေသည်။

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ ထိုးဝင်လာသော လခြမ်းပုံသဏ္ဍာန် ဓားကွေးအား လှံဖြင့်ရိုက်ထုတ်၍ နောက်သို့ ကျွမ်းပစ်ရှောင်တိမ်းလိုက်၏။

သူ၏ခြေဖဝါးထောက်နှင့် မြေပြင်တို့ ပြန်လည်ထိတွေ့ချိန်တွင် ကြိုးတခွေကျောက်စုစုနှင့် ဖိုမလခြမ်း ကျူးမာဝေတို့သည် ပခုံးချင်းယှဉ်၍ ရပ်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖိုမလခြမ်း ကျူးမာဝေသည် သူ့အား အေးစက်စက်မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်းမှ ကြိုးတခွေ ကျောက်စုစုအား စိုးရိမ်စွာ မေးလိုက်သည်။

"အစ်ကို ... ရှင် ဘာဖြစ်သွားသေးလဲ"

ကြိုးတခွေကျောက်စုစုက အေးတိအေးစက်လေသံဖြင့် ...

"ကျုပ် မတ်တတ်ရပ်နိုင်ပါသေးတယ်"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ လေးလံလာလေသည်။ ယခုတစ်ကြိမ် ရင်ဆိုင်ရသော ရန်သူများသည် ထိပ်သီးသိုင်းပညာဆင့်ရှိပြီး

တိုက်ခိုက်ရာတွင် အလွန်ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း ကောင်းစွာသဘောပေါက်မိလိုက်သည် မဟုတ်ပါလော။

မည်သို့ဆိုစေ ... သူသည် ကျေနပ်စွာ ပြုံးနေသည်။

အကြောင်းကား ... ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏မြင်းကြီးသည် လမ်း၏တစ်ဖက်စွန်းဆီသို့ တိုးဝင်ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

သူသည် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူးအတွက် စိတ်အေးသွားရသဖြင့် ကျန်လူများဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ ထိုအခါ ... နီပွန်သိုင်းရာဇာနှင့် ကိုယ်ရံတော်နှစ်ယောက်တို့သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြပြီး မေတ္တာဓား ချန်းစွမ်းချိုဖုန်းနှင့် ဝံပုလွေ ရှားထိကျင်းတို့ တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်းတဒင်္ဂလေးမှာပင် နီပွန်သိုင်းရာဇာ လောက်တိန်၏ဓားသည် ကိုယ်ရံတော်နှစ်ယောက်၏ ခန္ဓာကိုယ်များဆီသို့ ရှေ့ဆင့်နောက်ဆင့် ခုတ်ချလိုက်သည်ကို တွေ့မြင်လိုက်ရသည်။

"အား"

"အင့်"

ကိုယ်ရံတော်နှစ်ယောက်သည် နာကျင်စွာ ညည်းညူရင်း



မြေပြင်ပေါ်သို့ လဲပြိုကျသွားလေသည်။ တစ်ချိန်တည်းမှာပင် ... ကိုယ်ရံတော်နှစ်ယောက်၏အလောင်းပေါ်သို့ နောက်ထပ် လူတစ်ယောက် လွင့်စဉ်ကျလာလေသည်။

ထိုလူသည် လွင့်စဉ်ကျနေရာမှ ကမန်းကတန်း လူးလဲထရပ်ရန် ကြိုးစားလိုက်၏။ သို့သော် ... အခြေအနေမဟန်တော့ဘဲ ပြန်လည်လဲကျသွားပြန်လေသည်။ ယင်း နောက် ... တစ်ချက်လူးလွန့်၍ ငြိမ်သက်သွား၏။ ထိုလူကား တခြား မဟုတ်ပါ။ မေတ္တာဓားချန်းစွမ်းချိုဖုန်းနှင့် တိုက်ခိုက်နေသော ဝံပုလွေ ရှားထိကျင်းပင် ဖြစ်သည်။

လှံမင်းသားကို့ကျဲကျုံးလီသည် ရှားထိကျင်းလဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မြေပြင်အား ခြေဖြင့် တစ်ချက်ဆောင့်လိုက်၏။ ရုတ်တရက် ... သူ၏ခန္ဓာကိုယ်သည် သွေးစွန်းသော ဓားကိုကိုင်လျက် ရပ်နေသော မေတ္တာဓားသမားထံသို့ ခုန်ပျံရောက်ရှိသွားလေသည်။

"အစ်ကိုကြီး သွားကြမယ်"

မေတ္တာဓားသမားက ခေါင်းညိတ်လိုက်သည်။ ယင်းနောက် ... တစ်ယောက်လက်တစ်ယောက်ဆွဲကိုင်ကာ လေထဲသို့ ခုန်တက်လိုက်လေသည်။ သူတို့၏ခန္ဓာကိုယ်များသည် လေထဲ၌ပင် တစ်ပတ်ကျွမ်းပစ်ကာ မင်းလမ်းကြီးနှင့်အနီးဆုံးရှိ အဆောက်အအုံတစ်ခု၏

ခေါင်မိုးပေါ်သို့ ရောက်ရှိသွားကြလေသည်။

"ရပ်လိုက်"

နီပွန်သိုင်းရာဇာလောက်တိန်က အော်ဟစ်ဟန့်တားရင်း ပြေးရန် ဟန်ပြင်လိုက်သည်။

"မလိုက်နဲ့"

ကြိုးတန္တေကျောက်စုစုသည် ကမန်းကတန်းရောက်ရှိလာကာ သူ၏လက်ကိုဆွဲထားလိုက်သည်။ နီပွန်သိုင်းရာဇာလောက်တိန်က မျက်မှောင်ကြုတ်၍ လှည့်ကြည့်လိုက်၏။

"ခင်ဗျားက ဘာဖြစ်လို့ဟန့်တားရတာလဲ"

ကြိုးတန္တေကျောက်စုစုက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ကျုပ်တို့ဟာ ဘဝတူကြေးတန်းစားတွေပါ၊ နောက်ပြီး ဒေါင်းမင်းလက်နက်ပုန်းနောက်ကို အတူလိုက်နေခဲ့တယ်မဟုတ်လား။ ဒါကြောင့် ခင်ဗျား သေဆုံးသွားရင် ကျုပ်တို့ရဲ့အင်အားတစ်ခုလုံး ဆုံးရှုံးသွားလိမ့်မယ်"

လောက်တိန်က မျက်မှောင်ကြုတ်လိုက်သည်။

"ခင်ဗျားဆိုလိုတာက ကျုပ် ဟိုနှစ်ယောက်နောက်ကို လိုက်သွားခဲ့ရင် သေဆုံးရမယ်ဆိုပါတော့ ...ဟုတ်လား"

ကျောက်စုစုက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်"

နီပွန်သိုင်းရာဇာလောက်တိန်၏မျက်နှာပေါ်တွင် ဘဝင်မကျသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

ကြိုးတန္တေကျောက်စုစုက စကားမပြောပါ။ မြေပြင်တစ်နေရာကို ညွှန်ပြလိုက်သည်။ နီပွန်သိုင်းရာဇာလောက်တိန်သည် သူပြရာသို့ လှမ်းကြည့်လိုက်လေသည်။

မြေပြင်ပေါ်တွင် ယပ်တောင်ပုံသဏ္ဍာန် ကျောက်စိမ်းရောင်အလင်းတန်းများ ဖြာကျနေပြီး အလင်းတန်း၏အလယ်ဗဟိုတွင် ခေါင်းမြီးကွက်ပုံသဏ္ဍာန် ခရမ်းရောင်အလင်းတန်းများ ရှိနေလေသည်။ အလွန်လှပသော ယပ်တောင်ပုံသဏ္ဍာန်လေးဖြစ်သည်။

သို့သော် ... ထိုယပ်တောင်ပုံသဏ္ဍာန်လေးအား တွေ့မြင်လိုက်ရသည်နှင့် နီပွန်သိုင်းရာဇာလောက်တိန်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားကာ ...

"ဒေါင်းမင်းလက်နက်ပုန်း"

ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်သည်။ ဖိုမလ ခြမ်းကျူးမာဝေက သူ့အနီးသို့ လျှောက်လာသည်။

"ဟုတ်တယ်၊ ဒီအတိုင်းဆိုရင် ဒေါင်းမင်းလက်နက်ပုန်းက ဒီအနီးအနားမှာ ရှိနေပြီထင်တယ်"

နီပွန်သိုင်းရာဇာလောက်တိန် ရင်ထိတ်သွား၏။ သူသည် ဖိုမလခြမ်းကျူးမာဝေနှင့် ကြိုးတချွေကျောက်စုစုတို့အား တစ်လှည့်စီ ကြည့်လိုက်သည်။

ဖိုမလခြမ်း ကျူးမာဝေနှင့် ကြိုးတချွေ ကျောက်စုစုတို့၏ မျက်နှာများမှာ အေးတိအေးစက်ဟန်များ ရှိနေသော်လည်း မျက်လုံး အစုံကမူ ထိတ်လန့်တုန်လှုပ်သော အမူအရာများ ပေါ်လွင်နေသည်။

ရုတ်တရက် သူသည် စေတနာဗေဒင်ဆရာ ပုယန်စိမ်းအား သတိရလာသဖြင့် မျက်လုံးဝေ့ကာ ရှာဖွေကြည့်လိုက်၏။ သို့သော် စေတနာဗေဒင်ဆရာပုယန်စိမ်း၏အရိပ်အယောင်ကိုမျှ မတွေ့ရပါ ချေ။ ကြိုးတချွေကျောက်စုစုက သူ့အား စေ့စေ့ကြည့်လိုက်လေသည်။

"ဘာလဲ ... စေတနာဗေဒင်ဆရာကို ရှာနေတာလား"

နီပွန်သိုင်းရာဇာလောက်တိန် ခေါင်းညိတ်လိုက်၏။ ဖိုမလ ခြမ်း ကျူးမာဝေက တစ်ချက်ပြုံးလိုက်သည်။

"ဒီခေါင်းမင်းလက်နက်ပုန်း ဒီအနားတစ်ဝိုက်မှာ ရောက်ရှိ နေတယ်ဆိုတော့ စေတနာဗေဒင်ဆရာလည်း ကျွန်မတို့ကို စေတနာ နဲ့တောင်မှ သတိမပေးနိုင်တော့ဘဲ ထွက်ပြေးသွားပြီ ထင်ပါရဲ့"

နီပွန်သိုင်းရာဇာလောက်တိန်၏မျက်နှာ ကွက်ခနဲပျက်သွား သည်။



"တကယ် တစ်ကိုယ်ကောင်းဆန်တာပဲ"

ကျောက်စုစုက မချိပြုံး ပြုံးလိုက်၏။

"ဒါဟာ သူ့အတွက်သူ ကာကွယ်တာပဲ၊ ကျုပ်တို့လည်း ပါး နပ်သင့်ပါတယ်"

နီပွန်သိုင်းရာဇာလောက်တိန်က မျက်မှောင်ကြုတ်လိုက် သည်။

"တို့လည်း ထွက်သွားတော့မလို့လား"

ကျောက်စုစုက ပခုံးတစ်ချက်တွန့်လိုက်၏။

"ခေါင်းမင်း လက်နက်ပုန်းကိုသာ ရင်ဆိုင်မယ်ဆိုရင် ကျွန်မ တို့အသက်တွေ အလဟဿဆုံးရှုံးမှာပဲ၊ ဒါကြောင့် ..."

သူသည် စကားကိုခေတ္တရပ်တန့်ကာ ချာခနဲလှည့်၍ ထွက် သွားလေသည်။ ဖိုမလခြမ်း ကျူးမာဝေသည် သူ့နောက်မှ ထက် ကြပ်မကွာ လိုက်ပါသွားလေသည်။

နီပွန်သိုင်းရာဇာလောက်တိန်၏ မျက်နှာတစ်ခုလုံး မည်း မှောင်သွားလေသည်။ သူသည် ဆက်လက် မနေတော့ဘဲ ကျောက်စု စုတို့၏နောက်သို့ ပြေးလိုက်သွားလေတော့သည်။

* * *

## အခန်း (၆)

## ဒေါင်းမင်းဂေဟာသခင်မလေး

လဝန်းသည် ကောင်းကင်၏အလယ်ဗဟို ...။

ယင်းကြောင့် ချန်အန်းမြို့တော် မင်းလမ်းမတစ်လျှောက်တွင် သွေးကြောပိတ်ခံထားရသော လူများမှအပ လူသူကင်းရှင်းနေ၏။

ဝံပုလွေရှူးထိကျင်း၊ ဝံပုလွေရှူးယိုမင်နှင့် ကိုယ်ရံတော်သုံးယောက်တို့၏အလောင်းများကိုသာ မမြင်တွေ့ရပါလျှင် စောစောတုန်းဆီက ဤနေရာတွင် ကြောက်မက်ဖွယ်ရာကောင်းသော တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့သည်ဟုဆိုလျှင် ယုံကြည်နိုင်ဖွယ်ရာ မရှိပါ။

ချန်အန်းမြို့တော်တစ်ခုလုံး အပ်ကျသံပင် ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည် မဟုတ်ပါလော။

မြေပြင်ပေါ်တွင်ရှိနေသော ကျောက်စိမ်းယပ်တောင်အရိပ်ကလေးမှာ ပြန်လည်ပျောက်ကွယ်သွားပြီဖြစ်သည်။ တစ်ချိန်တည်း



မှာပင် ... အဖြူရောင်လူရိပ်တစ်ခုသည် အဆောက်အအုံ၏ခေါင်မိုးပေါ်မှ ခုန်ချလာလေသည်။ အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမသည် မြေပြင်ပေါ်သို့ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သွေးကြောပိတ်ခံထားရသူများ၏ခန္ဓာကိုယ်များဆီသို့ လက်ဝါးကလေးနှစ်ဖက်ဖြင့် အဆက်မပြတ် ရိုက်ပုတ်ပေးနေလေသည်။ အတန်ကြာသောအခါ ... အားလုံးသောလူများသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် အားလုံးသောလူများ၏ သွေးကြောများ ပြန်လည်ပွင့်လာခြင်းကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ချာခနဲလှည့်ကာ ပြေးလွှားပျောက်ကွယ်သွားလေသည်။ သူမ၏လှုပ်ရှားမှု မှာ မီးခိုးတန်းသဖွယ် လျင်မြန်လှပေတော့သည်။

အားလုံးသောလူများသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေရာမှ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ပြိုင်တူဦးညွှတ်လျက် ...

"ဒေါင်းမင်းဂေဟာ သခင်မလေး ... ကျေးဇူးတင်ပါတယ်၊ သခင်မလေးချမ်း အန္တရာယ်ကင်းပါစေ"

"ဒေါင်းမင်းဂေဟာမိသားစု သက်တော်ရာကျော်ရှည်ပါစေ" ပြိုင်တူ အော်ဟစ်လိုက်ကြသည်။

မှန်ပေသည် ...။ ထိုအဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ဒေါင်းမင်းဂေဟာသခင်ကြီး ချန်းမာချူး၏သမီးလေး ချန်းစုံထန်ပင်ဖြစ်သည်။

မေတ္တာစား ချန်းချိုဖုန်းနှင့် လုံမင်းသား ကို့ကျဲကျူးလီတို့နောက်သို့ လောက်တိန်တို့သုံးယောက် ဆက်မလိုက်စေရန် ဒေါင်းမင်းလက်နက်ပုန်းသဏ္ဍာန် ယပ်တောင်ကလေးဖြင့် ခြိမ်းခြောက်မောင်းထုတ်ခဲ့သည်။ ယင်းနောက် ... သွေးကြောပိတ်ခံထားရသောလူများအား သွေးကြောဖွင့်ပေးကာ မေတ္တာစား ချန်းစွမ်းချိုဖုန်းတို့နောက်သို့ ပြေးလိုက်သွားခြင်း ဖြစ်သည်။

အားလုံးသောလူများသည် ဦးညွတ်ရာမှ ပြန်လည်ခေါင်းမော့လိုက်သောအခါ ... သခင်မလေးချန်းစုံထန် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မိမိတို့၏အိမ်ဂေဟာဆီသို့ ပြန်ထွက်သွားကြလေသည်။

ထိုအချိန် ... လူတစ်ယောက်သည် မှောင်ရိပ်တစ်ခုမှ ထွက်ပေါ်လာ၏။ ခန္ဓာကိုယ် ပိန်ပိန်ရှည်ရှည်ရှိပြီး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်လေသည်။



ထိုလူကား တခြားလူမဟုတ်ပါ။ စေတနာ ဗေဒင်ဆရာ ပုယန်စိမ်းပင်ဖြစ်၏။ သူသည် ဒေါင်းမင်းလက်နက်ပုန်းသဏ္ဍာန် အစိမ်းရောင် အလင်းတန်းကလေးများ မြေပြင်ပေါ်သို့ ဖြာကျလာသည်ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ထိတ်လန့်တုန်လှုပ်သွားကာ မှောင်ရိပ်ထဲသို့ ပြေးဝင်ပုန်းအောင်းခဲ့လေသည်။

ထို့နောက် တိတ်တှာဆိတ် ချောင်းမြောင်းအကဲခတ်ကြည့်ရှုနေစဉ် နီပွန်သိုင်းရာဇာ လောက်တိန်၊ ကြိုးတချွေ ကျောက်စုစုနှင့် ဖိုမလခြမ်း ကျူးမာဝေတို့ နောက်ဆုတ်ရှောင်တိမ်းပြေးသွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် ... မြေပြင်ပေါ်မှ အစိမ်းရောင် အလင်းတန်းများ ပျောက်ကွယ်သွားကာ အဖြူရောင်ဝတ်စုံဝတ်ထားသော မိန်းကလေးတစ်ယောက် အဆောက်အအုံတစ်ခု၏ခေါင်မိုးပေါ်မှ ခုန်ချလာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ထိုမိန်းကလေးမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိသဖြင့် အကဲခတ်ကြည့်နေစဉ် ... သွေးကြောများပွင့်သွားသော ချန်အန်းမြို့သူမြို့သားတို့၏ အော်ဟစ်နှုတ်ဆက်သံများနှင့် ဆုမွန်ကောင်းတောင်းပေးသောအသံများကြောင့် ဒေါင်းမင်းဂေဟာ သခင်မလေး ချန်းစုံထန်ဖြစ်ကြောင်း သိရှိလိုက်၏။

ဤသို့ သိရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် သူ၏စိမ်းဖန့်ဖန့် မျက်လုံးအစုံသည် အရောင်များ တလက်လက် တောက်ပလာလေသည်။ သူသည် ချန်အန်းမြို့သားများ မိမိတို့အိမ်သို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြပြီးနောက် မှောင်ရိပ်ထဲမှ ထွက်လာခြင်းဖြစ်၏။

ထို့နောက် ... သခင်မလေး ချန်းစုံထန် ပြေးဝင်ပျောက်ကွယ်သွားသော လမ်း၏အစွန်းဆုံးဘက်ဆီသို့ လှမ်းမျှော်ကြည့်ကာ ပြုံးလိုက်သည်။ ကောက်ကျစ်စဉ်းလဲသော အပြုံးဖြစ်သည်။

အကယ်၍ ... မိမိကသာ သခင်မလေး ချန်းစုံထန်အား ဖမ်းဆီးချုပ်ကိုင်နိုင်ပါလျှင် ဒေါင်းမင်းလက်နက်ပုန်းသည် မိမိလက်ထဲသို့ ရောက်ရှိလာရမည်ဟု နားလည်လိုက်သည်မဟုတ်ပါလား။

ယင်းကြောင့် ... ရုတ်ခြည်းပင် ကိုယ်ဖော့ပညာကိုအသုံးပြုကာ သခင်မလေး ချန်းစုံထန် ပြေးလွှားသွားရာသို့ အားကုန်ပြေးလိုက်သွားလေသည်။

*

ညလေသည် ရုတ်တရက် ပြင်းထန်စွာ တိုက်ခတ်လာသည်။ လေထုထဲ၌ပါလာသော ရေစက်ရေမှုန်များကြောင့် အအေးဓာတ်များ



သိသိသာသာ လွှမ်းခြုံလာလေသည်။

လေပြင်းတိုက်ခိုက်မှုကြောင့် ချန်အန်းမြို့ပြင် တောအုပ်ကလေးထဲရှိ သစ်ပင်များမှ သစ်ကိုင်းများသည် လေထဲ၌ အချင်းချင်း ရိုက်ခတ်ကာ တရှပ်ရှပ်အသံများ ထွက်ပေါ်နေသည်။ ဘယ်ညာယိမ်းနွဲ့နေကြသော သစ်ကိုင်းသစ်ရွက်အရိပ်များသည် မကောင်းဆိုးရွားများ ကခုန်နေသည့်အလား ရင်ထိတ်ဖွယ်ရာ ကောင်းလှပေသည်။

ရုတ်တရက် ... သစ်ပင်များ ဘယ်ညာခြံရံထားသော တောလမ်းကလေးအတိုင်း အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။ သူ၏လက်ထဲတွင် စာချုပ်တံများ ထည့်ထားသော ဝါးဆစ်ပိုင်းတစ်ခုကို ကိုင်ဆောင်ထားလေသည်။ထိုလူကား ... စေတနာဗေဒင်ဆရာ ပုယန်စိမ်းပင်ဖြစ်သည်။

သူသည် တောလမ်းကလေးအတိုင်း ပြေးလာပြီးနောက် ရုတ် တရက် ခြေလှမ်းရပ်တန့်၍ ဟိုဟိုဒီဒီ ရှာဖွေကြည့်နေ၏။ သူ၏စိမ်း ဖန့်ဖန့်မျက်လုံးအစုံတွင် ထိတ်လန့်အံ့သြသည့် ဟန်မူရာများပေါ် လွင်လာလေသည်။ အကြောင်းကား ... ရှေ့မှ ပြေးလွှားထွက်ခွာသွားသော ဒေါင်းမင်းသခင်မလေး ချန်းစုံထန်သည် ဤနေရာတွင် ရုတ်ခြည်း ကွယ်ပျောက်သွားသောကြောင့် ဖြစ်သည်။

ယင်းအချိန် … လေသည် ပို၍ပြင်းထန်စွာ တိုက်ခတ်လာရာ သစ်ကိုင်းသစ်ခက်များသည် သရဲတစ္ဆေတို့၏လက်တံရှည်များပမာ ယိမ်းနွဲ့လှုပ်ရှားလာလေသည်။ တစ်ဆက်တည်းမှာပင် … မကောင်းသော နိမိတ်ဆိုးများကို ခံစားလိုက်မိ၏။

ယင်းကြောင့် … ဤနေရာမှ အမြန်ဆုံး ပြန်လည်ထွက်ခွာရန် ချာခနဲ လှည့်လိုက်လေသည်။ ထို တဒင်္ဂလေးမှာပင် လူရိပ်တစ်ရိပ် ပြုတ်ကျလာသည်။

သူသည် ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ရာ သစ်ပင်ပေါ်မှ တစ်စုံတစ်ယောက် ခုန်ဆင်းလာပြီဟုယူဆကာ တိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်လိုက်လေသည်။

သို့သော် … သစ်ပင်ပေါ်မှ ပြုတ်ကျလာသောလူသည် လူတစ်ယောက်မဟုတ်ပါ။ လူ့ခန္ဓာကိုယ်တစ်ခု၏ အရိုးခြောက်များသာ ဖြစ်လေသည်။

ညဥ့်နက်သန်းခေါင်ယံအချိန်ဖြစ်ပြီး လူသူကင်းမဲ့လျက်ရှိသော တောအုပ်ထဲတွင် လူအရိုးခြောက်တစ်ခုနှင့် ရင်ဆိုင်ပက်ပင်းတိုးမိလိုက်သဖြင့် ဖော်မပြနိုင်သော တုန်လှုပ်ချောက်ချားသည့်စိတ်များ ဖြစ်ပေါ်လာကာ သတိလက်လွတ် အော်ဟစ်လိုက်မိသည်။

"အား"



ယင်းနောက် … ခြေဦးတည့်ရာသို့ အားကုန်ပြေးလွှားခဲ့၏။ ထိုအချိန် … အရိုးခြောက်သည် သစ်ပင်ပေါ်သို့ ပြန်လည်ခုန်တက်သွားလေသည်။ တစ်ချိန်တည်းမှာပင် … အရိုးခြောက်ခုန်တက်သွားသည့် သစ်ပင်ပေါ်ရှိ သစ်ကိုင်းသစ်ခက်များအား အလွန်လှပသွယ်လျသော လက်ကလေးနှစ်ဖက်က ဖယ်ရှားလိုက်သည်။

ထိုအခါ … အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်၏မျက်နှာ ပေါ်လွင်လာပေသည်။ သူမသည် ခြေဦးတည့်ရာ ပြေးထွက်သွားသော စေတနာဗေဒင်ဆရာ ပုယန်စိမ်း၏နောက်ကျောအား စိုက်ကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။ ယင်းနောက် … လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ်'

ငွေရောင်အလင်းတန်းလေးတစ်ချက် လင်းလက်သွား၏။ တစ်ချိန်တည်းမှာပင် … ဓားမြှောင်တစ်လက်သည် ထိတ်လန့်တုန်လှုပ်စွာ ပြေးလွှားသွားနေသော စေတနာဗေဒင်ဆရာပုယန်စိမ်း၏ ကျောပြင်သို့ စိုက်ဝင်သွားလေသည်။

စေတနာဗေဒင်ဆရာ ပုယန်စိမ်းသည် မဖော်ပြနိုင်အောင် တုန်လှုပ်ချောက်ချားသောစိတ်များ ဖြစ်ပေါ်နေသဖြင့်လည်းကောင်း၊ လေပြင်းထန်စွာ တိုက်ခတ်နေသဖြင့် သစ်ရွက်သစ်ကိုင်းများ လှုပ်ခါ

သံများ ဆူညံနေသဖြင့်လည်းကောင်း ဓားမြှောင်ပစ်လွှင့်သံကို မကြားနိုင်တော့သဖြင့် ရှောင်တိမ်းရန် အချိန်ပင်မရတော့ဘဲ ဓားမြှောင်စိုက်ဝင်လျက် လဲကျသေဆုံးသွားလေသည်။

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်သည် စေတနာဗေဒင်ဆရာ ပုယန်စိမ်း လဲကျသေဆုံးသွားသောအခါ သစ်ပင်ပေါ်မှ ခုန်ချလိုက်သည်။ သူမသည် စေတနာဗေဒင်ဆရာအနီးသို့ လျှောက်လာကာ ဒူးထောက်ထိုင်ချလိုက်လေသည်။

"ဟွန့် ... သူများရဲ့ကံကြမ္မာကို အလကား ဗေဒင်လိုက်တွက်ပေးနေတဲ့ စေတနာဗေဒင်ဆရာက သူ့ရဲ့ကံကြမ္မာကိုတော့ ဗေဒင်တွက်မထားဘူး ထင်တယ်"

ပြောရင်း စေတနာဗေဒင်ဆရာ ပုယန်စိမ်း၏ကျောပြင်တွင် စိုက်ဝင်နေသော ဓားမြှောင်အား ဆွဲထုတ်၍ သွေးများကို အဝတ်နက်ပေါ်တွင် သုတ်လိုက်သည်။

ထိုအချိန် ... သူမ၏နားထဲတွင် လျင်မြန်သော လေတိုးသံတစ်သံကို ကြားလိုက်ရလေသည်။ တစ်စုံတစ်ယောက်သည် မိမိအား ချောင်းမြောင်းလုပ်ကြံပြီဟု နားလည်လိုက်သဖြင့် ရုတ်ခြည်းပင် ခန္ဓာကိုယ်အား လှဲချကာ တစ်ဖက်သို့ လှိမ့်ထွက်သွားပြီး လျင်မြန်စွာ ထရပ်လိုက်သည်။



ယင်းတဒင်္ဂလေးမှာ ... ဓားတစ်လက်သည် သူမ၊ ထိုင်ခဲ့သော မြေပြင်ပေါ်သို့ ခုတ်ချလာသည်ကို တွေ့မြင်လိုက်ရသည်။

'ဒုတ်'

မြေကြီးများ ဖွာကြဲလွင့်စဉ်သွားသည်။ ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်သည် ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် မိမိအား တိုက်ခိုက်လာသူအား ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ သူမ၏မျက်ဝန်းအစုံသည် အဆမတန် ပြူးကျယ်သွားမိလေသည်။

ဤသို့ဆိုပါလျှင် ... သူမအား တိုက်ခိုက်လာသူမှာ မည်သူဖြစ်သဖြင့် ဤမျှအထိ မျက်ဝန်းများ ပြူးကျယ်သွားရပါသနည်း။

✻

လဝန်းသည် ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေလေသည်။ လဝန်း၏အလင်းရောင်ကြောင့် တောလမ်းကလေးပေါ်တွင် လူရွယ်တစ်ယောက် အေးဆေးငြိမ်သက်စွာ ရပ်နေသည်ကို တွေ့မြင်ရလေသည်။

လက်ထဲတွင် ကျောက်သံပတ္တမြားစီခြယ်ထားသော ရွှေ

အတိဖြင့် ပြုလုပ်ထားသည့် ခါးအိမ်တစ်ခု ကိုင်ဆောင်ထား၏။ ရင်ကိုရှေ့သို့ အနည်းငယ်ကော့၍ ခေါင်းမော့ထားသောကြောင့် အေးဆေးစွာ ရပ်လျက်ရှိသော်လည်း မာန်မာနဝင့်ကြွားသည့်ပုံသဏ္ဌာန်ပေါ်လွင်နေလေသည်။

တန်ဖိုးကြီးမားသော ပိုးသားဝတ်စုံ၊ ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်တွင် ကြီးမားသော ခမောက်တစ်လုံးဆောင်းထားသည်။ ခမောက်၏ဦးခေါင်းပိုင်းကို လှိုးဖြတ်ထားသဖြင့် ငွေရောင်ဖဲကြိုးနှင့် စုစည်းချည်နှောင်ထားသော ဆံကသောများအားတွေ့မြင်နေရလေသည်။

ထို့ပြင် ခမောက်အား ခပ်ငိုက်ငိုက်ဆောင်းထားခြင်းမရှိသဖြင့် ယောကျ်ားပီသသောရုပ်သွင်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။

သူသည် စူးရှသောမျက်လုံးအစုံဖြင့် ဒေါင်းမင်းသခင်မလေးချန်းစုံထန်အား စိုက်ကြည့်နေလေသည်။ နှုတ်ခမ်းအစုံကမူ ပြုံးယောင်သမ်းလျက်ရှိ၏။

ဒေါင်းမင်းသခင်မလေးချန်းစုံထန်သည် ထိုလူရွယ်ကိုကြည့်ကာ မျက်ဝန်းအစုံမှာ အဆမတန် ပြူးကျယ်လျက်ရှိသည်။ အတန်ကြာအောင် ငေးငိုင်၍ ကြည့်နေပြီးနောက် ခြေထောက်တစ်ချက်ဆောင့်ကာ နှုတ်ခမ်းစူလိုက်သည်။



"ဆရာကြီး ဘယ်လိုလုပ်လိုက်တာလဲ၊ ညီမလေးကသာ အရှောင်မမြန်ရင် အခုလောက်ဆို မျက်နှာသစ်ဖို့ ခေါင်းရှိတော့မှာ မဟုတ်ဘူး"

သူမ၏စကားကြောင့် လူရွယ်က အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ညီမလေးကို တိုက်ခိုက်လာတဲ့လူဟာ ကျုပ်လို့ မထင်မိဘူး မဟုတ်လား"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန် နှုတ်ခမ်းမဲ့လိုက်သည်။

"ဘယ်လိုထင်မိမှာလဲ၊ အစ်ကိုကြီးတစ်ယောက်က ညီမလေးအပေါ် ဒီလောက်ရက်စက်တဲ့တိုက်ခိုက်မှုမျိုးနဲ့ တိုက်ခိုက်ပါ့မလား"

အမှန်တွင် ... ယခုရောက်ရှိလာသော လူရွယ်မှာ ဒေါင်းမင်းဂေဟာသခင်လေးပင် ဖြစ်လေသည်။ ဒေါင်းမင်းဂေဟာသခင်မလေးအား ချန်းစွမ်းချိုဖုန်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ညီမလေးပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ကျုပ်က ဘာဖြစ်လို့ ဒီလိုတိုက်ခိုက်သလဲ ... သိလား"

ဒေါင်းမင်းဂေဟာသခင်မလေးချန်းစုံထန်သည် စဉ်းစားတွေ

ဝေဟာန်ဖြင့် ကြည်လင်တောက်ပသော မျက်ဝန်းအစုံဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။

"အင်း ... အစ်ကိုကြီးက ညီမလေး ဘယ်လောက်သတိရှိသလဲလို့ စမ်းသပ်လိုက်တာ မဟုတ်လား"

ဒေါင်းမင်းဂေဟာသခင်လေးက ပြုံး၍ ...

"ဟုတ်တယ်"

ဒေါင်းမင်းဂေဟာသခင်မလေးချန်းစုံထန်သည် ပြုံး၍ ရယ်မောလိုက်သည်။

"ကဲ ... ကျွန်မ ဘယ်လောက်သတိရှိတယ်ဆိုတာ အစ်ကိုကြီး လက်တွေ့မြင်ပြီမဟုတ်လား"

ဒေါင်းမင်းဂေဟာသခင်လေးချန်းစွမ်းချိုဖုန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒါဟာ တကယ့်လက်တွေ့တိုက်ပွဲ မဟုတ်ဘူး"

"အစ်ကိုက ဘာကိုဆိုလိုတာလဲ"

"ဒီလိုလေ ... အစ်ကိုကြီးက ညီမလေးဆိုတဲ့အသိနဲ့ တိုက်ခိုက်တာဆိုတော့ တိုက်ခိုက်ရာမှာ အင်အားအပြည့်သုံးပေမယ့် နှေးကွေးနေတယ်၊ တကယ်လို့များ တခြားရန်သူတွေက ညီမလေးကို တိုက်ခိုက်မယ်ဆိုရင် ဘယ်လိုအခြေအနေကြုံရမယ်ဆိုတာ သေချာ



မပြောနိုင်သေးပါဘူး"

ဒေါင်းမင်းဂေဟာသခင်မလေးချန်းစုံထန်၏မျက်နှာတစ်ခုလုံးမှာ ချဉ်သီးတစ်လုံးကို စားလိုက်ရသည့်အလား ရှုံ့မဲ့သွားသည်။

"ဟွန့် ... ဒါကတော့ အစ်ကိုကြီးက ညီမလေးကို နှိမ့်ချပြောနေတာပဲ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်း၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

"အစ်ကိုကြီးက ညီမလေးကို နှိမ့်ချပြောတာ မဟုတ်ပါဘူး၊ ညီမလေးရဲ့သိုင်းပညာက အဆင့်မနိမ့်ပေမယ့် အခုချိန်မှာ အစ်ကိုကြီးတို့ ရင်ဆိုင်နေတဲ့ ရန်သူတွေဟာ အင်မတန် ရက်စက်ကြမ်းကြုတ်ပြီး အတွေ့အကြုံရင့်ကျက်တဲ့ ကြေးစားတွေပါ၊ ဒါကြောင့် သူတို့နဲ့နှိုင်းစာရင် ညီမလေးဟာ အတွေ့အကြုံနုနယ်သေးတယ်"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းထန်စုံ၏ မျက်နှာပေါ်တွင် ဘဝင်မကျဟန်များ ပေါ်လွင်လာသည်။ သေဆုံးနေသော စေတနာဗေဒင်ဆရာ ပုယန်စိမ်းအား ညွှန်ပြကာ နှုတ်ခမ်းစူလိုက်၏။

"ဒါပေမဲ့ ... အခု သူတို့ထဲကတစ်ယောက်ကို ညီမလေး သတ်နိုင်ခဲ့တယ် မဟုတ်လား"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက စေတနာဗေဒင်ဆရာ၏အလောင်းအား တစ်ချက်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"သူသေဆုံးတာဟာ ညီမလေးက သူ့ထက် လျင်မြန်လို့မဟုတ်ပါဘူး"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် သူမအား စိုက်ကြည့်လိုက်လေသည်။

"ညီမလေး သူ့ကို သတ်နိုင်တာဟာ သူ နောက်ယောင်ခံလိုက်လာမှန်းသိလို့ သစ်ပင်ကြီးပေါ်တက်ပုန်းနေတယ်၊ နောက်ပြီး ချန်အန်းမြို့ပြင် သချိုင်းနားမှာတွေ့တဲ့ လူအရိုးခြောက်တစ်ခုကို ယူလာပြီး နွယ်ကြိုးတွေနဲ့ ချည်နှောင်ထားတဲ့ လူရိုးခြောက်ကို သစ်ပင်ပေါ်က ပစ်ချလိုက်တယ် ...၊

စေတနာဗေဒင်ဆရာဟာ ထိတ်လန့်တုန်လှုပ်ပြီး စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ သတိလက်လွတ် ထွက်ပြေးသွားခဲ့လို့ ညီမလေးပစ်လွှတ်လိုက်တဲ့ ဓားမြှောင် ထိမှန်ခဲ့ရတာပဲ မဟုတ်လား၊ တကယ်တော့ ဒါဟာ ကိုယ့်ရဲ့သိုင်းပညာအဆင့်နဲ့ အနိုင်ယူနိုင်တာမျိုး မဟုတ်ဘူးလေ"



ဒေါင်းမင်းဂေဟာ သခင်မလေးချန်းစုံထန်သည် အံ့သြဟန်ဖြင့် ကြည့်လိုက်၏။

"ဟင်း ... ဒီကိစ္စကို အစ်ကိုကြီး အစအဆုံး မြင်တာပဲကိုး"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ညီမလေးကို စိတ်မချလို့ ညီလေးတို့က ပြန်ကြည့်ဖို့ တိုက်တွန်းလို့ အစ်ကိုကြီး လှည့်ပြန်လာရင်း အခုလို ဆုံစည်းရတာပါ"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏ မျက်ဝန်းအစုံတွင် ဝင်းလက်တောက်ပသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဟုတ်လား၊ အစ်ကို့ကျဲကျူးလီဟာ ကျွန်မအတွက် တကယ်စိုးရိမ်တတ်တာပဲကိုး"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက ညီမဖြစ်သူအား စိုက်ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ဘာပဲဖြစ်ဖြစ် ညီမလေးကို အစ်ကို လေးလေးနက်နက် ပြောချင်တာက လျှို့ဝှက်ဒေါင်းမင်းဂေဟာကို ပြန်သွားပါ"

ဒေါင်းမင်းဂေဟာ သခင်မလေး ချန်းစုံထန်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"အို ... အစ်ကိုကြီးတောင်မှ ဒေါ်ငါးမင်းဂေဟာရဲ့အန္တရာယ်တွေကို ဖြိုခွင်းနေတာပဲ၊ ကျွန်မအနေနဲ့လည်း ဖြိုခွင်းသွားသင့်တာပေါ့"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက သူ့အား စိုက်ကြည့်လိုက်၏။

"ညီမလေးက ဒေါင်းမင်းဂေဟာအတွက်ပဲ အန္တရာယ်ကို ရင်ဆိုင်ချင်တာလား၊ တခြားဘာအနှောင်အဖွဲ့မှ မရှိဘူးလား"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏မျက်နှာပေါ်၌ ရှက်သွေးများဖြင့် နီရဲသွားလေသည်။ သူမက ခေါင်းငုံ့လိုက်၏။

"အို ... ဒါက"

မည်သို့ စကားဆက်ရမှန်းမသိသဖြင့် တစ်ပိုင်းတစ်ဖြင့် ရပ်တန့်ထားလိုက်ရသည်။ ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် သူမအားကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ညီလေးကိုကဲ့ကျူးလီဟာ အရည်အချင်းပြည့်စုံတဲ့ လူရွယ်တစ်ယောက်ပါ၊ သူ့ကို မိန်းကလေးတိုင်းက နှစ်သက်ကြမှာပဲ၊ ဒါပေမဲ့"

သူက စကားကို ရပ်တန့်လိုက်သည်။ ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။



"ဒါပေမဲ့ ... ဘာဖြစ်သလဲရှင်"

ဒေါင်းမင်းဂေဟာသခင်လေးချန်းစွမ်းချိုဖုန်းက သူမအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဒါပေမဲ့ ... သူ့မှာ သော့ခလောက်တစ်ခု ရှိနေတယ်"

ဒေါင်းမင်းဂေဟာ သခင်လေးချန်းစွမ်းက သူ့အား ကြည့်လိုက်သည်။

"ဟုတ်တယ်"

ဒေါင်းမင်းဂေဟာ သခင်မလေး ချန်းစုံထန်က သူ့အား စိုက်ကြည့်လိုက်သည်။

"ဘယ်လိုသော့ခလောက်လဲဟင်"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ဝမ်းစွေချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်ပေါ့"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"သူ ... သူက အစ်ကို ကိုကဲ့ကျူးလီနဲ့ ဘယ်လိုပတ်သက်လို့လဲ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက အဝေးသို့

တစ်ချက်မျှော်ကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... လောလောဆယ်ကတော့ အဲဒီမိန်းကလေးဟာ ညီလေး ကို့ကျဲကျုံးလီဘဝမှာ ဂရုအစိုက်ရဆုံး မိန်းကလေးပေါ့"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏မျက်နှာပေါ်တွင် အလွန်အံ့ဩသောဟန်မူရာများ ပေါ်လွင်လာလေ၏။

"ဟင်း ... သည်လောက်တောင်ပဲလား"

"ဟုတ်တယ်"

"ညီမလေးတို့ လျှို့ဝှက်ဒေါင်းမင်းဂေဟာကို သူ အကြိမ်ကြိမ်ရောက်ဖူးလျက်နဲ့ ဘာဖြစ်လို့ သူ့ဘဝမှာ ဒီလောက်ဂရုစိုက်နေရတဲ့ မိန်းကလေးရှိတယ်ဆိုတာ လေသံတောင် မဟခဲ့တာလဲ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် သူမအား ကရုဏာသက်စွာကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ အစ်ကိုကြီးလည်း မသိဘူးကွာ"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဒါနဲ့ အဲဒီမိန်းကလေးအကြောင်းကို အစ်ကိုကြီး ဘယ်လိုသိခဲ့တာလဲ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက သက်ပြင်း



တစ်ချက် ချလိုက်လေသည်။

"အခုဆိုရင် သူဟာ အစ်ကိုကြီးတို့ရဲ့ ဒေါင်းမင်းဂေဟာပြဿနာကို ဝင်ကူညီရင်း အင်မတန်ကြောက်စရာကောင်းတဲ့ ရန်သူတွေနဲ့ ရန်ငြိုးဖွဲ့မိနေပြီလေ၊ ဒါကြောင့် အစ်ကိုကြီးက သူ့ကို လျှို့ဝှက်ဒေါင်းမင်းဂေဟာမှာ အပြီးတိုင် လိုက်နေဖို့ ဖိတ်ခေါ်ခဲ့တယ်"

သူက ခေတ္တရပ်နားပြီးမှာ စကားစလိုက်၏။

"ဒီမှာတင် သူက မလိုက်နိုင်တဲ့အကြောင်း ပြင်းရင်း ဒီမိန်းကလေးအကြောင်းကို ဖွင့်ပြောပြခဲ့တယ်"

ဒေါင်းမင်းဂေဟာမလေး ချန်းစုံထန်၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဒါနဲ့ သူက အဲဒီမိန်းကလေးကို ဘာဖြစ်လို့ ဂရုစိုက်ရတယ်ဆိုတာရော ပြောသေးလားဟင်"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်၏။

"ပြောတယ်၊ အဲဒီမိန်းကလေးဟာ တစ်ချိန်တုန်းက သူ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့စဉ်က လမ်းခရီးတစ်ဝက်မှာ တွေ့ကြုံခဲ့ရပြီး သူ့ကို မိန်းကလေးက အိမ်ကိုခေါ်သွားပြီး ဆေးကုသပေးခဲ့တယ်တဲ့၊

ဒါကြောင့် သိုင်းလောကသားဆိုတာ သစ္စာရှိရမယ်လို့ ပြော

တာပဲ”

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။ သို့သော် … မချိပြုံးပြုံးလျက် ခေါင်းညိတ်လိုက်သည်။

“ဟုတ်တာပေါ့၊ သူ ဒီနေ့အထိ အသက်ရှင်နေနိုင်တာဟာ အဲဒီမိန်းကလေးရဲ့ကျေးဇူးပဲ၊ သူ ပြန်ပြီး ကူညီရမှာပေါ့”

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် ညီမဖြစ်သူအား စိုက်ကြည့်လိုက်သည်။

“ဒါမှ ဒေါင်းမင်းဂေဟာ သခင်မလေးကွ၊ အစ်ကိုကြီးက ဒီစကားကို ကြားစဉ်က ညီမလေးအတွက် တကယ်စိတ်မကောင်းဖြစ်ခဲ့မိတယ်၊ ဒါပေမဲ့ ညီမလေး သူ့ကို ဆက်ပြီးမျှော်လင့်နေရင် ပိုပြီး စိတ်ပင်ပန်းနေမှာစိုးရိမ်လို့ အခုလို ပြောပြတာပါ”

ဒေါင်းမင်းဂေဟာ သခင်မလေး ချန်းစုံထန်၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

“အစ်ကိုကြီးရယ် … ညီမလေးတို့မောင်နှမနှစ်ယောက်ဟာ ငယ်ငယ်လေးတည်းက လျှို့ဝှက်ချက်မရှိဘဲ ပွင့်ပွင့်လင်းလင်း နေခဲ့ကြတာပါ၊ ဒါကြောင့် ဒီနေ့ အစ်ကိုကြီးကို ညီမလေးရဲ့ရင်ထဲမှာ ရှိတဲ့ စိတ်ရင်းအတိုင်း ပြောရမယ်ဆိုရင် သူ့ရဲ့မေတ္တာကို ညီမဘဝတစ်



သက်တာ မျှော်လင့်ခဲ့တာပါ”

သူမသည် ယင်းသို့ပြောရင်း ဝမ်းနည်းကြေကွဲစွာဖြင့် အသံများပင် တုန်ယင်လာလေသည်။

ဒေါင်းမင်းဂေဟာ သခင်လေး ချန်းစွမ်းချိုဖုန်းသည် ညီမဖြစ်သူအား ကရုဏာသက်စွာဖြင့် ကြည့်လိုက်သည်။

“အင်း … အမှန်အတိုင်းပြောရရင် သူဟာ အေးဆေးတည်ကြည်တယ်၊ သစ္စာတရားကြီးမားပြီး ညီမလေးအပေါ် အတော်များများ ဂရုစိုက်တာကိုတွေ့ရလို့ တစ်နေ့မှာ အစ်ကိုတို့ရဲ့ ဒေါင်းမင်းဂေဟာမိသားစုဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်၊ ဒါပေမဲ့ သူက သစ္စာတရားကြောင့် ဝမ်းစွေချင်းဆိုတဲ့ မိန်းကလေးဆီကို သွားရတော့မယ်လေ”

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထင်သည် မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

“ဘာပဲဖြစ်ဖြစ် သူရဲ့ယောကျ်ားပီသမှုကို ညီမလေးတို့က အသိအမှတ်ပြုရမှာပဲ၊ ဒါနဲ့ သူ ဘယ်တော့သွားမှာလဲ”

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် အတန်ကြာ မှင်တက်နေပြီးမှ တစ်ခွန်းချင်း ပြောလိုက်သည်။

“အခု”

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်၏ရင်ထဲ၌ တစ်ချက် လှုပ်ခါသွားမိလေသည်။

"သြော်"

သူမသည် ယင်းသို့ရေရွတ်ပြီး မြေပြင်ပေါ်သို့ ငုံ့ကြည့်နေသည်။ အမှန်တွင် ... သူမ၏မျက်ဝန်းထဲ၌ ရစ်ဝဲလာသော မျက်ရည်များကား အစ်ကိုကြီး ချန်းစွမ်းချိုဖုန်း မမြင်တွေ့စေရန် လွှဲဖယ်လိုက်ခြင်းဖြစ်သည်။ ဒေါင်းမင်းဂေဟာသခင်လေးက သူမအား စိုက်ကြည့်လေသည်။

"ညီမလေး ... အစ်ကိုကြီး သူ့ကို ဝမ်းစွေချင်းရှိတဲ့ ပန်းပေါင်းစုံတောင်ကြားထဲ ပို့ပေးလိုက်မယ်၊ ညီမလေးက ခုချက်ချင်း လှို့ဝှက်ဒေါင်းမင်းဂေဟာကို ပြန်တော့နော်"

ဒေါင်းမင်းဂေဟာသခင်မလေးသည် အတန်ကြာ ငြိမ်သက်နေပြီးမှ ဖြည်းညင်းစွာ ခေါင်းမော့လိုက်သည်။

"အစ်ကိုကြီး ... ကျွန်မ တစ်ခုတောင်းဆိုပါရစေ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်သည်။

"ပြောပါ"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်က ပြုံးလိုက်သည်။ အလွန်ကြေကွဲဝမ်းနည်းသော အပြုံးဖြစ်သည်။

"ဒီတစ်ချိန် ... သူနဲ့ခွဲခွာခြင်းဟာ နောက်ဆုံး တွေ့ခွင့်ရနိုင်ဖို့ အခွင့်အရေး နည်းသွားပါပြီ၊ တကယ်လို့ ဆုံတွေ့ခွင့်ရခဲ့မယ်ဆိုရင် တောင်မှ သူ့ဘေးမှာရှိနေမယ့် ဝမ်းမိန်းကလေးကြောင့် နှုတ်ဆက်ရမှာ ပွင့်လင်းတဲ့ဆက်ဆံရေး မရှိနိုင်တော့ပါဘူး၊ ဒါကြောင့် အခု ကျွန်မ သူနဲ့တွေ့ပြီး နှုတ်ဆက်ပါရစေ"

ဒေါင်းမင်းဂေဟာသခင်လေးသည် ညီမဖြစ်သူ၏စကားကြောင့် ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရလေသည်။

"ကောင်းပြီ၊ ဒါပေမဲ့ သူ့ကို အနှောင့်အယှက်ပေးသလို မဖြစ်ပါစေနဲ့"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... စိတ်ချပါ"

ရှေ့သို့ဦးတည်ကာ လျှောက်လှမ်းသွားသည်။ ဒေါင်းမင်းဂေဟာ သခင်မလေးသည် စကားတစ်ခွန်းမျှ မပြောဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

* * *

## အခန်း (၇)

## နှုတ်ဆက်စကား

တောအုပ်ကလေးအလွန်တွင် ကွင်းပြင်တစ်ခု ရှိနေသည်။ ထိုကွင်းပြင်ထဲတွင် မီးပုံတစ်ပုံ ရှိနေ၏။ လေသည် လေးဖက်လေးတန်မှ တိုက်ခတ်နေသောကြောင့် မီးပုံမှ မီးစွယ်သည် ဟိုမှသည်မှ ယိမ်းထိုးလှုပ်ရှားနေသည်။

ယင်းကြောင့် ... မီးပုံနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်နေကြသော လူရွယ်၏အရိပ်နှင့် မြေပြင်ပေါ်တွင် စိုက်ထားသော လှံနှစ်ချောင်း၏အရိပ်များသည် ယိမ်းထိုး လှုပ်ရှားနေ၏။

သို့သော် ... လှံနှစ်ချောင်းသည် မြေပြင်ပေါ်တွင် စိုက်ထားသဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိပါချေ။ ထို့အတူ ... လူရွယ်ကလည်း လှုပ်ရှားခြင်းမရှိဘဲ တည်ငြိမ်စွာထိုင်နေသည်။

သခင်မလေး ချန်းစုံထန်သည် ထိုလူရွယ်၏နောက်ကျောပြင်အား စိုက်ကြည့်ကာ ဖြည်းညင်းစွာ လျှောက်လာခဲ့လေသည်။ သူမ၏



လမ်းလျှောက်ပုံသည် အားအင်ချည့်နဲ့နေသည့်အလား နွေးကွေးလျက်ရှိနေပြီး ခြေသံပင် မကြားရပါ။

သို့ရာတွင် ... လူရွယ်က လှည့်မကြည့်ဘဲ ...

"ချန်းစုံထန် ... မင်း မပြန်သေးဘူးလား"

သခင်မလေး ချန်းစုံထန်က စကားတစ်ခွန်းမျှ မပြောပါ။ သူမသည် လူရွယ်၏နံဘေးတွင် ရပ်တန့်လိုက်သည်။ လူရွယ်သည် သူမ၏သွယ်လျဖောင်းအိနေသော ခြေအစုံကို လိုက်ကြည့်လျက် ထပ်မံမေးလိုက်သည်။

"ချန်းစုံထန် ... မင်း မပြန်သေးဘူးလား"

သခင်မလေး ချန်းစုံထန်သည် သူ့အား စူးရှစွာ စိုက်ကြည့်လျက် ...

"ဟုတ်ကဲ့ ... ကျွန်မ နှုတ်ဆက်ချင်လို့ပါ ကို့ကျဲကျုံးလီ"

လှံမင်းသား ကို့ကျဲကျုံးလီက ဖျတ်ခနဲ မော့ကြည့်လိုက်လေသည်။

နုနယ်သောသခင်မလေး ချန်းစုံထန်၏မျက်နှာတစ်ခုလုံးမှာ အလှအပ ခြယ်သခြင်းမရှိသော်လည်း ပါးပြင်ပေါ်တွင် ပန်းနုရောင်သမ်းနေသည်။ မည်းနက်ပြီး လခြမ်းကွဲသို့ ကွေးနေသော မျက်ခုံးမွေး၊ ကြယ်ပွင့်လေးများပမာ တောက်ပနေသော မျက်လုံး၊ ဖြောင့်တန်း

သော နှာတံ၊ နီထွေးသော နှုတ်ခမ်းအစုံတို့ ပေါင်းစပ်ထားသဖြင့် မြင်သူတိုင်း အသက်ရှူမှားလောက်အောင် ဇွမ်းဆောင်နိုင်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူသည် မျက်တောင်မခတ်ဘဲ ငေးငိုင်ကာ ကြည့်နေမိ၏။ သခင်မလေး ချန်းစုံထန်၏ ပါးပြင်းတစ်ခုလုံး ပန်းနုရောင်မှ ရဲရဲနီသောအသွင်သို့ ကူးပြောင်းသွားလေသည်။

လုံမင်းသား ကို့ကျဲကျုံးလီ၏ ထူထဲသောမျက်ခုံးမွေးအောက်ရှိ ညှို့ရင့်နေသော မျက်ဝန်းအစုံတွင် အားတုံ့အားနာဟန်များ ပေါ်လွင်လာလေသည်။ သူသည် သခင်မလေး ချန်းစုံထန်ထံမှအကြည့်ကို လွှဲဖယ်ကာ လဝန်းအား မော့ကြည့်လိုက်သည်။

"ခွင့်လွှတ်ပါ ... ကျုပ်ရဲ့အပြုအမူတွေ ရိုင်းသွားတယ်"

သခင်မလေး ချန်းစုံထန်က မချိပြုံး ပြုံးလိုက်သည်။

"ဒီလိုအကြည့်တွေဟာ ကျွန်မတို့နှစ်ယောက်တွေ့တိုင်း မက်မောတွယ်တာခဲ့ကြတဲ့ ခံစားမှုတွေပါ၊ ဒါကို တောင်းပန်စကား မဆိုသင့်ပါဘူး"

ထိုစကားသည် သခင်မလေး ချန်းစုံထန်၏နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားများမဟုတ်ပါ။ သူမ၏နှလုံးထဲမှ ပြောလိုသောစကားများသာ ဖြစ်၏။ သို့သော် ... သူမသည် လှုပ်ရှားနေသောစိတ်



ကို ကြိုးစားထိန်းချုပ်လျက် ...

"ကိစ္စမရှိပါဘူးရှင် ... နောက်တစ်ကြိမ် ကျွန်မတို့တွေ့ဆုံဖို့ အခွင့်အရေးနည်းပါးတယ်ဆိုတော့"

သူမက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။ လုံမင်းသားကိုကျုံးကျဲလီက သူမအား လှည့်မကြည့်မိစေရန် သတိထားလျက် ကောင်းကင်ပေါ်သို့ မော့ကြည့်နေ၏။

"ဩော် ... မင်းကို အစ်ကိုကြီးချန်းက ပြောလိုက်ပြီကိုး"

သခင်မလေး ချန်းစုံထန်က မချိပြုံး ပြုံးလိုက်သည်။

"ကျွန်မတို့မောင်နှမကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး"

လုံမင်းသား ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် ပျင်းရိပျင်းတွဲသော အပြုံးတစ်ခု တွဲခိုလာလေသည်။

"ဒါကြောင့် ကျုပ်ကိုနှုတ်ဆက်ဖို့ ရောက်လာတယ် ဆိုပါတော့"

သခင်မလေး ချန်းစုံထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မက ရှင့်ကို နှုတ်ဆက်စကားမပြောခင် စကားတစ်ခွန်းတော့ မေးပါရစေ"

လုံမင်းသားကို့ကျဲကျုံးလီက လဝန်းအား စိုက်ကြည့်လျက်

ခေါင်းညိတ်လိုက်သည်။

"မေးပါ"

ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်က သူ့အနီးသို့ ခြေတစ်လှမ်းထပ်၍တိုးလိုက်သည်။ ထို့နောက် … ကို့ကျဲကျုံးလီ၏ မျက်နှာအား စိုက်ကြည့်လိုက်ပြီး …

"ရှင်ဘဝမှာ ဝမ်းမိန်းကလေးတစ်ယောက်ကိုပဲ ဂရုစိုက်ခဲ့သလားဟင်"

သူမ၏အသံသည် တိုးညင်းညင်သာ၍ တုန်ခါနေလေသည်။ လုံမင်းသား၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားကာ သူမကို ချာခနဲ လှည့်ကြည့်လိုက်သည်။

ဒေါင်းမင်းသခင်မလေးမေးခွန်းသည် အဆိပ်ပြင်းသောမြွေ တစ်ကောင်ပမာ သူ၏အသည်းနှလုံးအား ကိုက်ခဲနေသည်။ သူသည် သခင်မလေး ချန်းစုံထန်အား ငေးငိုင်ကာ ကြည့်နေမိလေသည်။

သခင်မလေး ချန်းစုံထန်ကလည်း သူ့အား ကြည်လင်တောက်ပသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

သူတို့၏နှုတ်ခမ်းများသည် လှုပ်ရှားမှု မရှိပါ။ သို့သော် … သူတို့၏နှလုံးသားများမှာမူ လှုပ်ရှားနေကြသည်။ မျက်ဝန်းနှစ်စုံမှာလည်း မျက်ရည်များ ရစ်ဝဲနေလေသည်။



အတန်ကြာမှ … သခင်မလေးချန်းစုံထန်သည် သတိပြန်ဝင်လာသည့်အလား ရှည်လျားကော့ညွတ်နေသော မျက်တောင်ရှည်များဖြင့် ဝိုင်းရံထားသော မျက်ဝန်းအ ကြည့်ကို အဝေးသို့ ပြောင်းရွှေ့ကာ ငေးမျှော်ကြည့်လိုက်သည်။

"ခွင့်လွှတ်ပါ … တကယ်ဆိုရင် အခုလိုအချိန်မျိုးမှာ ရှင့်အတွက် အဖြေခက်စေမယ့်မေးခွန်းမျိုးကို ကျွန်မ ရှောင်တိမ်းသင့်တယ်"

ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။ သို့သော် … ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ နောက်တစ်ကြိမ်တွေ့ဆုံဖို့ အခွင့်အရေးနည်းပါးသွားပြီဆိုတော့ မေးချင်တာ မေးလိုက်တာ အကောင်းဆုံးပါပဲ"

သခင်မလေး ချန်းစုံထန်က ပြုံးလိုက်သည်။ နာကျင်ကြေကွဲသောအပြုံးဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ရှင့်အတွက် အဖြေခက်မယ်ဆိုရင် ကျွန်မရဲ့ မေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်"

လုံမင်းသား ကို့ကျဲကျုံးလီက ခေါင်းခါယမ်းလိုက်လေသည်။

"မလိုဘူး၊ ကျုပ်ယောကျ်ားပါ၊ အမေးတစ်ခုရှိရင် အဖြေမပေးရဲလောက်အောင် သတ္တိနည်းစရာမလိုပါဘူး"

သူက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်သည်။

"အင်း ... တကယ်တော့ ကျုပ်ရဲ့ ဘဝတစ်သက်တာအတွက် ဂရုစိုက်ရမယ့်မိန်းကလေးဟာ ကျုပ်ရဲ့မျှော်လင့်ချက်အိပ်မက်တဲမှာ အမြဲတမ်းရှိနေခဲ့ပါတယ်၊ ဒါပေမဲ့ အချစ်မှာ ကံကြမ္မာက အဓိကဖြစ်တယ်ဆိုတဲ့စကားလိုပဲ ကျုပ်ရဲ့မျှော်လင့်ချက်အိပ်မက်တွေ ပျက်သုဉ်းခဲ့ရပါပြီ"

သခင်မလေး ချန်းစုံထန်၏ရင်ထဲ၌ နာကျင်နေမိလေသည်။ သူမသည် ပြောစရာစကားလုံးများပင် ရှာမတွေ့နိုင်တော့။

လုံမင်းသား ငေးငိုင်ကာ ကြည့်နေသည်။ လုံမင်းသားက မချိပြုံးပြုံး၍ စကားဆက်လိုက်သည်။

"မျှော်လင့်ချက်မဲ့တဲ့အရသာဟာ နှလုံးသားကို နာကျင်ထိခိုက်စေပါတယ်၊ ဒါပေမဲ့ ကျုပ်ဟာ သစ္စာမဲ့ပြီး တစ်ကိုယ်ကောင်းဆန်တဲ့လူတစ်ယောက် မဖြစ်ချင်ဘူး"

သခင်မလေး ချန်းစုံထန်သည် သူ့အား စိုက်ကြည့်နေသည်။ လဝန်း၏အလင်းရောင်အောက်တွင် ကို့ကျဲကျုံးလီ၏ချောမောသန့်ပြန့်သော မျက်နှာအား ထင်ရှားစွာ တွေ့မြင်နေရလေသည်။



ထိုချောမောသန့်ပြန့်သော မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန် ခံစားရသော ဟန်မူရာများ ပေါ်လွင်နေသည်။ သို့သော် ... ရင့်ကျက်တည်ငြိမ်ခြင်းအသွင်ကြောင့် အမှန်တရားအတွက် အရာရာရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ဖော်ပြနေပေသည်။

ဤသို့သော ယောကျ်ားမျိုးအား မည်သည့်မိန်းကလေးမဆို နှစ်သက်စွဲလမ်းလက်ခံကြမည်သာ ဖြစ်သည်။ သူမ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ လုပ်သင့်လုပ်ထိုက်တာကို စိတ်ချယုံကြည်စွာနဲ့ လုပ်ဝံ့တဲ့ရှင့်ကို ကျွန်မ အားပေးပါတယ်"

လုံမင်းသား ကို့ကျဲကျုံးလီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ သခင်မလေး ချန်းစုံထန်၏မျက်နှာအား စူးရှစွာ စိုက်ကြည့်လျက် ...

"မင်း ... မင်းဟာ တကယ်ပဲ ကျုပ် အခုလိုလုပ်တာကို ကျေနပ်သလား"

သခင်မလေး ချန်းစုံထန်က သူ့အား စိုက်ကြည့်လိုက်၏။

"တကယ်တော့ ကျွန်မလည်း ရှင့်လိုပဲ မျှော်လင့်ချက် အိပ်မက်တွေ ရှိနေခဲ့တယ်ဆိုတာ ရှင်သိမှာပါ၊ ဒါပေမဲ့ ရှင်လုပ်သင့်၊ လုပ်ထိုက်တာကို စိတ်ချယုံကြည်စွာနဲ့ လုပ်ဆောင်နေချိန်မှာ ကျွန်မ လို

ချင်တဲ့ မျှော်လင့်ချက်ကို ဦးစားပေး အခွင့်အရေးဆိုမယ်ဆိုရင် ရှင့်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေတော့မှာပေါ့"

လှံမင်းသား ကို့ကျဲကျုံးလီရင်ထဲ၌ တစစ်စစ် နာကျင်လာတော့သည်။ သူသည် သခင်မလေး ချန်းစုံထန်၏လက်ကို ဆွဲကိုင်လိုက်ပြီး ...

"ချန်း သခင်မလေး ... မင်းသာ ကမ္ဘာပေါ်မှာ စိတ်ထားအမြင့်မြတ်ဆုံး, သဘောထားအပြည့်ဝဆုံးနဲ့ ကျုပ်အပေါ် အစာနာဆုံးမိန်းကလေးတစ်ယောက်ဆိုတာ ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမဲ့"

သူက [illegible]ားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်တော့သည်။ [illegible]... သခင်မလေးချန်းစုံထန်က သူ၏စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်လိုက်သည်။

ဒါပေမဲ့ ကို့ကျဲကျုံးလီသည် အသက်ကယ်တင်ခဲ့သော ဝမ်းရွှေချင်ဆိုသည့် မိန်းကလေးအတွက် လိုအပ်ချက်များကို ဖြည့်စွက်ပေးရမည်ဖြစ်သည်။ သူမ၏မျက်ဝန်းအစုံသည် မျက်ရည်များဖြင့် ရစ်ဝဲလာလေသည်။

"ကျွန်မလိုချင်တဲ့ မေတ္တာ, ကြားချင်တဲ့စကားတွေ အားလုံးရှင့်ဆီက ရခဲ့ပြီးပြီ၊ မရနိုင်တဲ့အရာက ဘယ်တော့မှ မရနိုင်တော့ပေမယ့် ကျွန်မ တကယ်ကျေနပ်ပါတယ်လေ"



လှံမင်းသားသည် သူမ၏လက်ကလေးအား တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"မင်း ... မင်းက ကျေနပ်တယ် ... ဟုတ်လား"

သခင်မလေး ချန်းစုံထန်က မချိုပြုံး ပြုံးလိုက်သည်။ သူသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ပြီး ...

"စစ်မှန်တဲ့မေတ္တာတရားရှိခဲ့ရင် နှစ်ယောက်အတူ နေထိုင်ပေါင်းသင်းတာထက် တန်ဖိုးကြီးမားပါတယ်"

လှံမင်းသား၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

"ချန်းသခင်မလေး"

"ပြောပါ"

"ကျုပ် စကားတစ်ခွန်း မေးချင်ပါတယ်"

"မေးပါ"

"မင်းဟာ မေတ္တာတရားကို တကယ်တန်ဖိုးထားတဲ့ မိန်းကလေးပါ၊ ဒါနဲ့တောင်မှ ကျုပ်ကို စွန့်လွှတ်ရဲသလား"

သခင်မလေး ချန်းစုံထန်၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ဝမ်းနည်းကြေကွဲမှုများ ပေါ်ပေါက်လာသည်။ လှံမင်းသားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ခွင့်လွှတ်ပါ၊ တကယ်ဆိုရင် အခုလို အချိန်မျိုးမှာ မင်းအတွက် အဖြေခက်စေမယ့် မေးခွန်းမျိုးကို ကျူပ်ရှောင်သင့်တယ်"

သခင်မလေး ချန်းစုံထန်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် မချိပြုံး ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ နောက်တစ်ကြိမ် တွေ့ဆုံဖို့ နည်းပါးသွားပြီဆိုတော့ မေးချင်တာ မေးလိုက်တာ အကောင်းဆုံးပါ"

လုံမင်းသားသည် မျက်ရည်များပြည့်လျှံနေသော သူ၏ မျက်လုံးအစုံအား စိုက်ကြည့်ကာ ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းအတွက် အဖြေခက်တယ်ဆိုရင် ကျူပ် မေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်"

သခင်မလေး ချန်းစုံထန်က သူ့အား စိုက်ကြည့်လိုက်လေသည်။

"မလိုဘူး၊ ကျွန်မဟာ ဒေါင်းမင်းဂေဟာရဲ့ သခင်မလေး တစ်ယောက်ပါ၊ အမေးရှိရင် အဖြေမပေးဝံ့လောက်အောင် သတ္တိနည်းစရာမလိုပါဘူး"

သူမက သက်ပြင်းတစ်ချက်ချကာ စကားဆက်၏။

"အင်း ... ရှင်ပြောသလိုပဲ ကျွန်မဟာ မေတ္တာတရားကို



တကယ်တန်ဖိုးထားတဲ့မိန်းကလေးပါ၊ ရှင်းရှင်းပြောရရင် ကျွန်မ အသက်နဲ့ခန္ဓာကိုယ် ရှိနေသမျှကာလပတ်လုံး တန်ဖိုးထားသင့်တာကို တစ်သက်လုံး ရင်ထဲမှာ သိမ်းဆည်းထားမှာပါ"

လုံမင်းသား ကို့ကျဲကျူးလီက သူမအား မျက်တောင်မခတ် စိုက်ကြည့်နေရာမှ ကမန်းကတန်း မေးလိုက်သည်။

"ဒါပေမဲ့ ... ဘာဖြစ်လဲဟင်"

သခင်မလေး ချန်းစုံထန်က မျက်ရည်များ ပြည့်နှက်နေသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။ အတန်ကြာမှ နှုတ်ခမ်းတစ်ချက်ကိုက်ကာ ...

"ဒါပေမဲ့ စွန့်လွှတ်သင့်တာကို ကျွန်မ အခုပဲ စွန့်လွှတ်မှာပါ"

သူမစကားဆုံးသည်နှင့် တစ်ပြိုင်နက် မိမိ၏လက်နှစ်ဖက်အား လုံမင်းသား၏ လက်ထဲမှ ရုန်းထွက်လိုက်သည်။ လုံမင်းသားသည် သူမအား ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် ငေးငိုင်ကာ ကြည့်နေ၏။

ယင်းအချိန် ... သခင်မလေး ချန်းစုံထန်၏မျက်ဝန်းမှ မျက်ရည်များသည် ပါးပြင်တစ်လျှောက် တသွင်သွင်စီးဆင်းကျလာသည်။ လုံမင်းသားသည် ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားကာ နောက်သို့ ခြေတစ်လှမ်းမျှ တုန်လိုက်မိသည်။

သခင်မလေး ချန်းစုံထန်၏ပါးပြင်ပေါ်မှ မျက်ရည်များသည် သူ၏အသည်းနှလုံးအား အပ်ကလေးပေါင်းများစွာဖြင့် ထိုးစိုက်နေသကဲ့သို့ ခံစားနေမိသည် မဟုတ်ပါလော။

သူသည် သခင်မလေး ချန်းစုံထန်၏ရင်ထဲ၌ မည်သို့ခံစားနေရသည်ကို နားလည်နေ၏။ သို့သော် ... မည်သို့မျှ နှစ်သိမ့်နိုင်စွမ်း မရှိပါ။ သူကိုယ်တိုင်လည်း သခင်မလေး ချန်းစုံထန်ကဲ့သို့ ဖော်မပြနိုင်အောင် ခံစားနေမိသည် မဟုတ်ပါလော။

အမှန်တွင် ... သူတို့နှစ်ယောက်သည် နှုတ်မှ ဖွင့်ဟမပြောကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် မေတ္တာတရား အလွန်ကြီးမားနေကြပြီ ဖြစ်၏။

မည်သို့ ဆိုစေ ... သူသည် ကျေးဇူးရှင်တစ်ယောက်အပေါ် ဥပေက္ခာပြု၍ သစ္စာမဲ့သောလူတစ်ယောက် မဖြစ်လိုပါ။ ထို့ပြင် ... သခင်မလေး ချန်းစုံထန်ကလည်း သူ့အား သစ္စာမဲ့သောယောကျ်ားတစ်ယောက်အဖြစ်သို့ မရောက်စေလိုပါ။ သူမသည် မျက်ရည်များဖြင့် စိုစွတ်နေသော မျက်ဝန်းအစုံဖြင့် လိုက်ကြည့်လိုက်လေသည်။

"ကို့ကျဲကျုံးလီ ... ရှင်နဲ့ ဝမ်းမိန်းကလေးတို့ရဲ့ အနာဂတ်ခရီးမှာ စစ်မှန်တဲ့မေတ္တာတရားနဲ့ နွေးထွေးကြင်နာမှုတွေ ကြုံဆိုနေပါစေလို့ ဆုတောင်းပေးပါတယ်၊ ကျွန်မ သွားပြီ"



စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူမသည် ဝိညာဉ်တစ်ခုပမာ လျှင်မြန်စွာ ပြေးလွှားပျောက်ကွယ်သွားလေသည်။

ကို့ကျဲကျုံးလီသည် သူမ၏နောက်ကျောပြင်အား စိုက်ကြည့်နေ၏။ တစ်ခဏအကြာ ... သခင်မလေး ချန်းစုံထန်သည် ဝေး၍ဝေး၍ နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

ရုတ်တရက် ... မျက်ရည်များသည် သူ၏ပါးပြင်ပေါ်သို့ စီးကျလာသည်။ သိုင်းလောကထဲတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော သံမဏိကဲ့သို့ မာကျောသည့် လုံမင်းသားသည် ငိုနေချေပြီ။

ယင်းအချိန် ... လူတစ်ယောက်သည် သူ့ရှေ့သို့လျှောက်လာနေသောခြေလှမ်း ရပ်တန့်လိုက်သည်။ ကို့ကျဲကျုံးလီသည် ထိုလူအား ဖြည်းညင်းစွာ မော့ကြည့်လိုက်သည်။ ထိုလူသည် ကရုဏာသက်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေသည်။

ကို့ကျဲကျုံးလီက ထိုသူ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"သူ ... သူ ငိုသွားတယ် အစ်ကိုကြီးချန်း"

အစ်ကိုကြီးချန်း (ဝါ) ဒေါင်းမင်းဂေဟာ သခင်လေး ချန်းစွမ်းချိုဖုန်းက သူ့အား စိုက်ကြည့်လျက် ...

"မင်းရော"

ကို့ကျဲကျုံးလီသည် ယခုမှ မိမိ၏ပါးပြင်ပေါ်တွင် မျက်ရည်များ စိုစွတ်နေသည်ကို သတိပြုလိုက်သည်။

"ကျုပ် ကျုဖ်မှားသွားပြီထင်တယ်၊ မှားပြီထင်တယ်"

သူ၏အသံ အက်ကွဲတုန်ခါနေသည်။ ချန်းစွမ်းချိုဖုန်းသည် သူ ခံစားနေရသော ကြေကွဲမှုကို မကြည့်ရက်တော့ပါချေ။ တစ်ဖက်သို့လှည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"မမှားဘူး၊ မင်းဟာ သစ္စာတရားကြီးမားတယ်၊ နောက်ပြီး ...၊

ချစ်ခြင်းမေတ္တာကို ဖို့မလောက်သာ ကျဉ်းမြောင်းတဲ့ မေတ္တာမျိုးအဖြစ် မခံစားတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါပဲ"

ကို့ကျဲကျုံးလီသည် မျက်ရည်များ စိုစွတ်သော မျက်လုံးအစုံဖြင့် သူ့အား ငေးငိုင်၍ကြည့်နေသည်။ ချန်းစွမ်းချိုဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... မင်းတို့နှစ်ယောက်ရဲ့ ကြေကွဲနာကြည်းမှုတွေကို အချိန်ဆိုတဲ့သမားတော်က ကုသပေးပါလိမ့်မယ်၊ အရေးကြီးတာက နှလုံးသားခံစားမှုအတွက် ကိုယ့်ကိုယ်ကိုယ် သစ္စာပျက်ယွင်းတဲ့ ယောကျ်ား မဖြစ်ပါစေနဲ့"

ကို့ကျဲကျုံးလီသည် ရင်ထဲ၌ ဆို့နင့်တင်းကျပ်သော ခံစားမှု



ကြောင့် နှုတ်ခမ်းကို တင်းတင်းကိုက်ကာ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

မျက်ရည်များကြားမှ ကောင်းကင်ပေါ်၌ ထွန်းလင်းတောက်ပသောလဝန်းအား တွေ့မြင်ရသည်မှာ လျှို့ဝှက်ဆန်းကြယ်၍ ကြေကွဲလွမ်းဆွတ်ဖွယ်ကောင်းလှသည်ဟု ခံစားနေမိလေသည်။

* * *

## အခန်း (၈)

## အန္တရာယ်လမ်း

အရုဏ်ဦး၏အလင်းရောင် ထွက်ပေါ်လာပြီဖြစ်သော်လည်း လဝန်းရှိနေသေး၏။

ကို့ကျဲကျုံးလီသည် ကျောက်တုံးပေါ်တွင် မလှုပ်မယှက် ထိုင်လျက် လဝန်းအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။ ချန်းစွမ်းချိုဖုန်းသည် သူ့အား စိတ်မသက်မသာစွာဖြင့် ကြည့်နေလေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ လှံမင်းသား ကို့ကျဲကျုံးလီ၏ပခုံးကို ပုတ်လိုက်ပြီး ...

"ညီလေးကို့ ... အချိန်မလင့်ခင် ပန်းပေါင်းစုံတောင်ကြားကို သွားကြပါစို့"

ကို့ကျဲကျုံးလီသည် ဟန်မူရာကင်းမဲ့စွာဖြင့် ဖြည်းညင်းစွာ ထရပ်လိုက်သည်။ ရုတ်တရက် ... မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။ ရုတ်ခြည်းပင် ခန္ဓာကိုယ်အား



လှဲချကာ မြေပြင်တွင် နားကပ်လျက် ငြိမ်သက်နေ၏။

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းသည် သူ၏ ဟန်မူရာကြောင့် မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။ သူက ကျောက်တုံးကြီးအားမှီ၍ ထိုင်ချလိုက်ပြီး ...

"လူအင်အား ဘယ်လောက်ရှိသလဲ"

ကို့ကျဲကျုံးလီက မြေပြင်ပေါ်တွင် လဲလျောင်းနေရာမှ ထထိုင်၍ ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းနှင့် ကျောချင်းကပ်ကာ ထိုင်လိုက်၏။

"ငါးယောက်"

ဒေါင်းမင်းဂေဟာ သခင်လေးချန်းစွမ်းချိုဖုန်းက မချိပြုံးပြုံးလိုက်သည်။

"သူတို့က အင်အားဖြည့်ပြီး လိုက်လာကြတာပဲ၊ နောက်ထပ်အင်အားဖြည့်လာမယ့်လူတွေက ဘယ်သူတွေများပါလိမ့်"

လှံသမား ကို့ကျဲကျုံးလီသည် မြေပြင်ပေါ်တွင် စိုက်ထားသောလှံနှစ်ချောင်းကို ဆွဲနှုတ်ယူရင်း ပျင်းရိပျင်းတွဲဖြင့် ပြောလိုက်၏။

"သူတို့က ကြေးစားတွေပဲ၊ နောက်ထပ် အားဖြည့်ထားတဲ့လူက ကြေးစားကလွဲပြီး ဘယ်သူများ ဖြစ်နိုင်မှာလဲဗျာ"

ဒေါင်းမင်းဂေဟာသခင်လေး ချန်းစွမ်းချိုဖုန်းက ပြုံးလိုက်သည်။ ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

"ဒါဆိုရင်လည်း သွေးပူလေ့ကျင့်ခန်းလေး ဖြစ်သွားတာပေါ့"

ယင်းအချိန်မှာပင် ... ရုတ်တရက်စူးရှသော အော်မြည်သံများ ကြားလိုက်ရ၏။

'ဝီး .. ဝီး .. ဝီး'

လုံမင်းသား ကို့ကျဲကျုံးလီသည် လုံနှစ်ဖက်ကို လက်တစ်ဖက်တည်း၌ ဆုပ်ကိုင်ရင်း ဦးခေါင်းလှည့်လိုက်သည်။

လူတစ်ယောက် အစိမ်းရောင်ကတ္တီပါအင်္ကျီကို ဝတ်ဆင်ထားပြီး လက်ထဲတွင် သံကွင်းဆက်ကြိုးတစ်ချောင်းကို ဝှေ့ယမ်းလျက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

သံမဏိကြိုး၏ထိပ်ဖက်တွင် သံမဏိပြားဖြင့်ပြုလုပ်ထားသော လက်ဝါးကြီးချိတ်ဆွဲထားလေသည်။ လက်ဝါး၌ရှိ လက်ချောင်းငါးချောင်းမှာ စွန်ကုပ်သဏ္ဍာန်ပြုလုပ်ထားပြီး လက်သီပ်ငါးချောင်းသည် ဓားပါးငါးလက်ပမာ ချွန်မြနေ၏။

လုံမင်းသား၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ပင့်တက်လာလေသည်။



"ဪ ... လက်သုံးဖက်ဆက် နန်းယီပါလာတာကိုး၊ ဒီလူဟာ တော်ရုံတန်ရုံငွေကြေးနဲ့တော့ ဒီအလုပ်ကို လက်ခံမှာမဟုတ်ဘူး"

ဟု တီးတိုးရေရွတ်လိုက်၏။

ထိုအချိန် ... လက်သုံးဖက်နန်းယီသည် ခြေလှမ်းကိုရပ်တန့်ကာ အေးစက်စက်မျက်လုံးအစုံဖြင့် လုံမင်းသားအား စိုက်ကြည့်လိုက်သည်။

သူသည် ခြေလှမ်းအစုံကို ရပ်တန့်လိုက်သော်လည်း လက်ထဲ၌ ဝှေ့ယမ်းနေသော သံမဏိကြိုးကိုမူ အဆက်မပြတ် ဝှေ့ယမ်းနေလေသည်။

ဝန်းကျင်တစ်ခုလုံးတွင် သံမဏိကြိုးနှင့်နေရောင်ခြည်တို့ ထင်ဟပ်မှုကြောင့် ငွေရောင်အလင်းတန်းများ လွှမ်းခြုံလျက် ရှိနေလေတော့၏။

✱

လုံမင်းသားသည် လက်သုံးဖက်နန်းယီအား စိုက်ကြည့်နေသည်။ သို့သော် မေတ္တာဓား ချန်းစွမ်းချိုဖုန်း (ဝါ) ဒေါင်းမင်းသခင်လေးကမူ လက်သုံးဖက် နန်းယီအား လှည့်ပင်မကြည့်ပါ။

အမှန်တွင် ... သူသည် လက်သုံးဖက် နန်းယီအား ဂရုမစိုက်၍ လှည့်မကြည့်ခြင်းမဟုတ်ပါ။ လက်သုံးဖက် နန်းယီသည် သိုင်းလောကတွင် ကြေးအမြင့်ဆုံးရှိသော ကြေးစားတစ်ယောက်ဖြစ်ပြီး ခန္ဓာကိုယ်ပေါ်ရှိ လက်နှစ်ဖက်ဆက် သံမဏိကြိုးတွင် တပ်ဆင်ထားသော သံမဏိလက်မှာ အလွန်ကြောက်စရာကောင်းကြောင်း သိရှိထား၏။

သို့ဖြစ် ပါလျက် ... သူသည် အဘယ်ကြောင့် လက်သုံးဖက် နန်းယီအား လှည့်မကြည့်ပါသနည်း။ အမှန်တွင် သူ့ရှေ့ ငါးတစ်ရိုက်အကွာတွင် နန်းယီကဲ့သို့ပင် ကြောက်စရာကောင်းသော လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။

ထိုလူသည် အနက်ရောင်ပတ်စုံ ဝတ်ဆင်ထားပြီး ခါးတွင် ကျားသစ်ရေဖြင့် ချုပ်ထားသော အိတ်နှစ်လုံးကို တစ်ဖက်တစ်ချက်၌ ချိတ်ထားလေသည်။

မေတ္တာစားသမား ချန်းစွမ်းချိုဖုန်းသည် ထိုလူများအား လုံးဝ မကြည့်ပါ။ သူ၏စူးရှသောမျက်ဝန်းအစုံသည် ထိုလူ၏ခါးတွင် ချိတ်ဆွဲထားသော ကျားသစ်သားရေအိတ်ကလေးနှစ်လုံးအား စိုက်ကြည့်နေလေသည်။



"အင်း ... တန်ဖြူလည်း ပါလာတာကိုး"

သူ့အသံမှာ တိုးညင်းလှပေ၏။ သို့သော် ... ကျောချင်းကပ်လျက် ထိုင်နေသော လှံမင်းသား ကျဲကျုံးလီနားထဲတွင်မူ မိုးကြိုးပစ်သံပမာ ကျယ်လောင်မြည်ဟည်းသွားလေသည်။

"ဘယ်လို ... အဆိပ်လက်နက်ပုန်း တန်ဖြူလည်း ပါတယ် ... ဟုတ်လား"

သူသည် ယင်းသို့မေးလိုက်သော်လည်း နောက်သို့ လှည့်မကြည့်ပါ။ လက်သုံးဖက်နန်းယီ၏အန္တရာယ်အား မျက်တောင်မခတ် ဂရုစိုက်၍ ကြည့်နေရသည် မဟုတ်ပါလော။

မေတ္တာစားသမားသည် အဆိပ်လက်နက်ပုန်းတန်ဖြူအား လိုက်ကြည့်ရင်းမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိုအချိန်မှာပင် ... တန်ဖြူ၏နောက်မှ လူသုံးယောက် ထပ်မံထွက်ပေါ်လာလေသည်။ အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ဖြစ်ကြသည်။

မေတ္တာစားသမား ချန်းစွမ်းချိုဖုန်းသည် ထိုလူသုံးယောက်ကို မြင်တွေ့လိုက်သည်နှင့် အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... မိတ်ဆွေဟောင်းတွေနဲ့ ပြန်ဆုံရပါ

ပေါ့လား"

ထိုစကားကြောင့် လှံမင်းသားသည် နောက်သို့လှည့်မကြည့်ဘဲ ကြိုးတန္တေကျောက်စုစု၊ ဖိုမလခြမ်းကျုံးမာဝေနှင့် နီပွန်သိုင်းရာဇာလောက်တိန်တို့ ရောက်ရှိလာပြီဟု နားလည်လိုက်သည်။

ထိုအချိန်လေးမှာပင် ... လက်သုံးဖက်နန်းယီသည် သံမဏိကြိုးဇွေ့ယမ်းကာ ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာလေသည်။ တစ်ချိန်တည်းမှာပင် ... ကြိုးတန္တေကျောက်စုစု၊ ဖိုမလခြမ်းကျုံးမာဝေ၊ နီပွန်သိုင်းရာဇာ လောက်တိန်တို့သည် မိမိတို့၏လက်နက်များကို အသီးသီး ဆုပ်ကိုင်လျက် ရှေ့သို့ တစ်လှမ်းချင်း တက်လာကြသည်။

အဆိပ်လက်နက်ပုန်းတန်ဖြူကမူ ကျားသစ်သားရေအိတ်ကလေးနှစ်လုံးဆီသို့ လက်နှိုက်ကာ အခြေအနေကို စောင့်ကြည့်နေလေသည်။ လှံမင်းသားကို့ကျဲကျုံးလီနှင့် မေတ္တာဓားသမား ချန်းစွမ်းချီဖုန်းတို့ကမူ ကျောချင်းကပ်ကာ မလှုပ်မယှက်ထိုင်နေဆဲပင်။

ရုတ်တရက် ... လက်သုံးဖက်နန်းယီသည် သံမဏိကြိုးကွင်းအား တစ်ချက်ဇွေ့ယမ်းလိုက်၏။ ကြိုးကွင်းသည် မြွေတစ်ကောင်ပမာ လှံမင်းသားထံသို့ တိုး၍ဝင်ရောက်သွားလေသည်။

လှံမင်းသားက လုံးဝမလှုပ်ပါ။ သူသည် တိုးဇွေ့ရောက်လာသော သံမဏိကြိုးကွင်းထိပ်ရှိ သံမဏိစွန်ကုပ်လက်ဝါးအား စိုက်



ကြည့်နေသည်။ ထိုအချိန် ... သံမဏိစွန်ကုပ်လက်ဝါးသည် သူ၏ဦးခေါင်းအား ကုတ်ချလာလေသည်။

လှံမင်းသားသည် မလှုပ်မယှက်ထိုင်နေရာမှ ရုတ်တရက် လှုပ်ရှားလိုက်သည်။ သူသည် လှံနှစ်ဖက်အား လက်တစ်ဖက်တည်းတွင် စုစည်းကိုင်လိုက်ပြီး သံမဏိကြိုးကွင်းထဲသို့ ထိုးသွင်းလိုက်သည်။

သူ၏လှုပ်ရှားမှုသည် လျှင်မြန်တိကျလှပေသည်။ လှံဖျားလေးနှစ်ခုသည် သံမဏိကြိုးကွင်းနှစ်ခုထဲသို့ ဝင်သွားလေသည်။

ယင်းအချိန်လေးမှာပင် ... လှံမင်းသား၏ကျန်လက်တစ်ဖက်သည် သံမဏိကြိုးကွင်းကို ဆုပ်ကိုင်ထားပြီးဖြစ်သည်။ လက်သုံးဖက်နန်းယီက မဲ့ပြုံးပြုံးလိုက်သည်။ သူသည် သံမဏိကြိုးကွင်းအား ပြန်လည်ဆွဲယူရန် ကြိုးစားလိုက်သည်။

လှံမင်းသားသည် ဆုပ်ကိုင်မိထားသော ကြိုးကွင်းအား တစ်ချက်လှည့်ကြည့်လိုက်သည်။ နန်းယီ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ... လှံမင်းသားဘက် လှည့်လိုက်သောအခါ သံမဏိကြိုးဆက်ကွင်းသည် မိမိလက်အား ရစ်ပတ်လိုက်သည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

သူသည် သံမဏိကြိုးကွင်းအား လက်လွှတ်၍ လက်နက်

ဖြင့် ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ... သံမဏိကြိုးကွင်းအား လက်မလွှတ်နိုင်မီ နောက်ထပ် ကြိုးတစ်ပတ် ရစ်ပတ်ခြင်းခံလိုက်ရလေသည်။

တစ်ကြိမ်တည်းမှာပင် ...သံမဏိကြိုးသည် သူ၏ခန္ဓာကိုယ်အား ဆောင့်ဆွဲခေါ်ယူသွားလေသည်။ လက်သုံးဖက် နန်းယီ၏ခန္ဓာကိုယ်သည် လေထဲသို့ မြောက်၍လွင့်စဉ်သွားလေသည်။

ထိုအချိန် ... မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် ရုတ်တရက် လေထဲသို့ ခုန်တက်ကာ နန်းယီ၏ခန္ဓာကိုယ်နောက်မှ ထက်ကြပ်မကွာ လေထဲ၌ ဝဲပျံလျက် လိုက်ပါသွားလေတော့သည်။

✱

နန်းယီ၏ခန္ဓာကိုယ်သည် လေထဲ၌ လွင့်ပျံနေလေသည်။ သူသည် လေထဲ၌ပင် လက်ကောက်ဝတ်၌ ရစ်ပတ်နေသော သံမဏိကြိုးအား ကြိုးစားဖြုတ်နေသည်။

ယင်းအချိန်မှာပင် ... မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် ရုတ်တရက် ခုန်တက်လာကာ သူ၏ကျောပြင်သို့ ခြေထောက်ဖြင့် နှစ်ချက်ဆင့်ကာ ကန်လိုက်၏။



'ဝုန်း' ... 'ဝုန်း'

တစ်ချိန်တည်းမှာပင် ... လုံမင်းသားသည် သံမဏိကြိုးကွင်းတွင် ထွင်းထားသော လုံတိုနှစ်လက်ကို ဆွဲထုတ်ပြီး တခြားလက်ထဲတွင် ကိုင်ဆောင်ထားသည့် နန်းယီ၏သံမဏိကြိုးအား အလိုက်သင့် လွှတ်ပေးလိုက်သည်။

ထို့ကြောင့် ... နန်းယီခန္ဓာကိုယ်သည် မေတ္တာစား ချန်းစွမ်းချိုဖုန်း၏ခြေထောက်ကန်ချက်ကြောင့် ဘောလုံးဟာစ်လုံးပမာ လွင့်စဉ်သွားလေသည်။ သူ လွင့်စဉ်သွားသောရှေ့တွင် အဆိပ်လက်နက်ပုန်းတန်ဖြူရှိနေ၏။

လက်နက်ပုန်းတန်ဖြူသည် နန်းယီဘက်တွင် စတင်တိုက်ခိုက်လိုက်သည်နှင့် လက်နက်ပုန်းများအား နှိုက်ယူထားပြီး ဖြစ်သည်။ သူသည် အခွင့်အရေးရသည်နှင့် လက်နက်ပုန်းဖြင့်ပစ်ကာ လုံမင်းသားနှင့် မေတ္တာစားချန်းစွမ်းချိုဖုန်းတို့အား လုပ်ကြံရန်ဖြစ်လေသည်။

အကယ်၍ သူ ပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် မေတ္တာစား ချန်းစွမ်းချိုဖုန်း (သို့မဟုတ်) လုံမင်းသားတို့၏ခန္ဓာကိုယ်ပေါ်သို့ စိုက်ဝင်သွားခဲ့ပါလျှင် လက်ရဖမ်းဆီးကာ ဒေါင်းမင်းလက်နက်ပုန်းနှင့် အဆိပ်ဖြေဆေးကို လဲလှယ်ရန် ကြံစည်ထားလေသည်။

သို့သော် ... သူ၏လက်နက်ပုန်းများ ပစ်လွှတ်ခြင်းမပြုမီ

နန်းယီ၏ခန္ဓာကိုယ်က မိမိထံသို့ လွင့်စဉ်လာသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

ယင်းအချိန် ... မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် နန်းယီနောက်မှ ထက်ကြပ်မကွာ ဝဲပျံ၍လိုက်လာသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ကြေးစားတစ်ယောက် ဖြစ်သည်။ သူသည် ကျင်လည်ကျက်စားခဲ့သော ကြေးစားလူသတ်သမားသံသရာတွင် ယခုအချိန်အထိ ကောင်းစွာရပ်တည်နိုင်ခဲ့ခြင်းမှာ တစ်ကိုယ်ကောင်းဆန်၍ ရက်စက်ကြမ်းကြုတ်မှုကြောင့် ဖြစ်သည်။

ယင်းကြောင့် ... ယခုကဲ့သို့ အကျပ်အတည်းနှင့် ရင်ဆိုင်ရသောအခါ မိမိ၏အဖော်ဖြစ်သူ နန်းယီအား ဂရုမစိုက်နိုင်တော့ပါချေ။ သူ၏လက်နှစ်ဖက်အား လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ သေးငယ်မည်းနက်သော အပ်ကလေးများသည် ပျားအုပ်တစ်အုပ်အလား နန်းယီနှင့် မေတ္တာစားချန်းစွမ်းချိုဖုန်းတို့ထံသို့ ပစ်လွင့်လာသည်။

သူ လက် နက်ပုန်း ပစ်လွှင့်သည့်အခါတိုင်း တစ်ဖက်လူသည် ရှောင်တိမ်းရန် အခွင့်အလမ်း မရှိခဲ့ပါချေ။ နန်းယီသည် တန်ဖြူထံမှ လက်နက်ပုန်းများ ပစ်လွှင့်လာသောအခါ ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။



ထို တဒင်္ဂလေးမှာပင် ... မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် သူ၏ခန္ဓာကိုယ်အား သိုင်းဖက်လိုက်လေသည်။ သူသည် ထိတ်လန့်တုန်လှုပ်သွားကာ ရုန်းကန်ရန် ဟန်ပြင်လိုက်၏။ သို့သော် ... တန်ဖြူ၏လက်နက်ပုန်းများသည် သူ၏ခန္ဓာကိုယ်အနှံ့အပြားသို့ စိုက်ဝင်သွားပြီး မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

မေတ္တာစား ချန်းစွမ်းချိုဖုန်းလည်း သူနှင့်အတူ ပြုတ်ကျသွားသည်။ သို့သော် ... သူသည် တန်ဖြူအား ဒိုင်းတစ်ခုပမာ ကာရံလျက် မတ်မတ်ရပ်နေ၏။ တန်ဖြူ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူသည် မေတ္တာစားချန်းစွမ်းချိုဖုန်းအား သရဲတစ္ဆေပမာ ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း နောက်ထပ် လက်နက်ပုန်းများကို နှိုက်ယူရန် ဟန်ပြင်လိုက်သည်။ ထိုအချိန် ... မေတ္တာစားချန်းစွမ်းချိုဖုန်းသည် ဝိညာဉ်ကင်းမဲ့သော နန်းယီ၏ခန္ဓာကိုယ်အား လက်ဝါးနှစ်ဖက်ဖြင့် လျှပ်တစ်ပြက် ရိုက်ထုတ်လိုက်သည်။

'ဝုန်း'

ဝိညာဉ်ကင်းမဲ့နေသော နန်းယီ၏ခန္ဓာသည် တန်ဖြူထံသို့ လွင့်စဉ်လာလေသည်။ တန်ဖြူ၏ရင်ထဲ၌ တစ်ချက်တုန်လှုပ်သွားလေသည်။

အကယ်၍ နန်းယီ၏ခန္ဓာကိုယ်က မိမိအား ထိမှန်ခဲ့ပါလျှင် လက်နက်ပုန်းပစ်လွှင့်ရန် အခွင့်အရေး နှောင့်နှေးသွားမည့်အပြင် ခန္ဓာကိုယ် ရပ်နေသောဟန်ချက် ပျက်သွားနိုင်ကြောင်း သဘောပေါက်လိုက်သည်။

ယင်းကြောင့် ... လေထဲသို့ ခုန်တက်ကာ မေတ္တာစား ချန်းစွမ်းချိုဖုန်း၏ဦးခေါင်းပေါ်မှ ကျော်လွှား၍ မြေပြင်ပေါ်သို့ ခြေချမိလိုက်သည်။ သူသည် မြေပြင်ပေါ်သို့ ခြေချမိလိုက်သည်နှင့် တစ်ပြိုင်နက် ချာခနဲလှည့်ကာ ... မေတ္တာစား ချန်းစွမ်းချိုဖုန်း၏ကျောပြင်အား လက်နက်ပုန်းဖြင့် ပစ်လွှင့်ရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ... ရုတ်တရက် သူ၏ကျောပြင်မှ စူးရှနာကျင်သောဝေဒနာ ပြင်းပြင်းထန်ထန် ခံစားလိုက်ရလေသည်။ ထိုစူးရှနာကျင်သော ဝေဒနာသည် ရင်ဝအထိ ကူးစက်လာသည်။

သူသည် မိမိရင်ဝအား ငုံ့ကြည့်လိုက်သောအခါ အနီရောင်ပန်းပွားပါရှိသော လှံဖျားတစ်ခု ရင်ဝမှ ထိုးဖောက်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

စူးရှနာလွန်းသောဝေဒနာကြောင့် သူ၏မျက်လုံးအစုံမှာ ကြောက်စရာကောင်းအောင် ပြူးကျယ်လာလေသည်။

ထိုအချိန် ... မေတ္တာစားချန်းစွမ်းချိုဖုန်းသည် ဖြည်းညင်းစွာ



လှည့်လာသည်။ သူသည် စူးရှသောမျက်လုံးအစုံဖြင့် တန်ဖြူအား စူးစိုက်ကြည့်ကာ အေးဆေးတည်ငြိမ်သော လေသံဖြင့် ...

"တန်ဖြူ ... မင်းက သူများအသက်ကို ဘယ်လိုသတ်ရမလဲ ဆိုတာပဲ ဆန္ဒပြင်းထန်နေတယ်၊ ကိုယ့်အသက်ကို ဘယ်လိုကာကွယ်ရမယ်ဆိုတာ နားမလည်ဘဲကိုး"

တန်ဖြူသည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်ကာ မချိပြုံး ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ... ကျုပ်က ခင်ဗျားကို သတ်ဖို့ အာရုံစိုက်နေလို့ ကို့ကျဲကျုံးလီရဲ့လှံကို သတိ ... လစ် ... သွား ... ခဲ့တယ်"

မှန်ပါသည်။ သူသည် မြေပြင်ပေါ်သို့ ခြေချမိပြီး မေတ္တာစားချန်းစွမ်းချိုဖုန်း၏နောက်ကျောပြင်သို့ ပစ်လွှင့်ရန် ဟန်ပြင်လိုက်သည်။

လှံမင်းသား ကို့ကျဲကျုံးလီသည် လေ၏အဟုန်ဖြင့် သူ၏နောက်ကျောဆီသို့ရောက်ရှိလာကာ လှံဖြင့် ထိုးစိုက်လိုက်ခြင်း ဖြစ်သည်။

မေတ္တာစား ချန်းစွမ်းချိုဖုန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"နောင်ဘဝမှာ ကြေးစားဖြစ်ရင် သူများကို ဘယ်လိုသတ်

မယ်ဆိုတာ စဉ်းစားသလို ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကာကွယ်ရမယ် ဆိုတာလည်း စဉ်းစားထားပေါ့"

တန်ဖြူ၏မျက်နှာပေါ်တွင် ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ယင်းအချိန် ... လုံမင်းသား ကို့ကျဲကျုံးလီသည် တန်ဖြူ၏နောက်ကျောပြင်တွင် စိုက်ဝင်နေသော လှံတိုအား ဆွဲထုတ်လိုက်၏။ နီစွေးသောသွေးများသည် တန်ဖြူ၏ခန္ဓာကိုယ်မှ လွင့်စဉ်လာကာ သူ၏အဖြူရောင်အင်္ကျီကိုပါ စွန်းထင်းသွားလေသည်။

တန်ဖြူ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားကာ မြေပြင်ပေါ်သို့ လဲကျသေဆုံးသွားလေသည်။

လုံမင်းသား ကို့ ကျဲကျုံးလီသည် တန်ဖြူ၏ခန္ဓာကိုယ်ပေါ်မှ ကျော်လွှားကာ မေတ္တာစားချန်းစွမ်းချိုဖုန်းနှင့် ပခုံးချင်းယှဉ်၍ ရပ်တန့်လိုက်လေတော့သည်။

*

အဖြစ်အပျက်သည် လျင်မြန်လွန်းလှပေသည်။ တန်ဖြူနှင့်နန်းယီတို့သည် ရှေ့ဆင့်နောက်ဆင့် မြေပြင်ပေါ်တွင် လဲကျသေဆုံးသွားကြပြီ ဖြစ်သည်။



အမှန်တွင် ... သူတို့သည် ပထမတန်းကြေးစားများပီပီ သိုင်းပညာအဆင့်မြင့်၍ တိုက်ခိုက်ရာတွင် လျင်မြန်ပြီး ရက်စက်ကြမ်းကြုတ်လှသည်။ သို့သော် ... လုံမင်းသားနှင့် မေတ္တာစား ချန်းစွမ်းချိုဖုန်းတို့က သူတို့ထက် ပို၍လျင်မြန်တိကျပြီး အချိတ်အဆက်မိသောကြောင့် ယခုကဲ့သို့ မြေပြင်ပေါ်တွင် လဲကျသေဆုံးခြင်း ဖြစ်သည်။

ကြိုးတန္တွေကျောက်စုစု၊ ဖိုးမလခြမ်းကျူးမာဝေနှင့် နီပွန်သိုင်းရာဇာ လောက်တိန်တို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း နန်းယီနှင့်တန်ဖြူတို့အား လူသေနှစ်ယောက်အဖြစ်သို့ ရောက်ရှိစေနိုင်သော မေတ္တာစားချန်းစွမ်းချိုဖုန်းနှင့်လုံမင်းသားတို့အား ငေးငိုင်ကာ ကြည့်နေကြ၏။

မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် သူတို့သုံးယောက်အားမျက်လုံးစွေကြည့်ကာ ပြုံးပြလိုက်သည်။

"ကဲ ... ခင်ဗျားတို့သုံးယောက်တည်းက ဘယ်သူအရင် လှုပ်ရှားမလဲ"

နီပွန်သိုင်းရာဇာ လောက်တိန်နှင့် ကြိုးတန္တွေကျောက်စုစုတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ ဖိုမလခြမ်းကျူးမာဝေက မချိပြုံးပြုံး၍ ခေါင်းကို ဖြည်းညင်းစွာ ခါ

ယမ်းလိုက်၏။

"ကျွန်မတို့သုံးယောက်စလုံး ဘယ်သူမှ လှုပ်ရှားဖို့ မစဉ်းစားကြပါဘူး"

မေတ္တာစား ချန်းစွမ်းချိုဖုန်း၏မျက်လုံးအစုံက ကုတ်ဆင်းသွားသည်။

"မင်းတို့က ကျုပ်တို့နဲ့ မတိုက်ခိုက်တော့ဘူးပေါ့ … ဟုတ်လား"

ဖိုမလခြမ်းကျူးမာဝေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါက ရှင်သင်ပေးတဲ့ သင်ခန်းစာကြောင့်ပါပဲ"

မေတ္တာစား ချန်းစွမ်းချိုဖုန်းက ပို၍ မျက်မှောင်ကုတ်လိုက်သည်။

"ကျုပ်သင်ပေးလိုက်တဲ့ သင်ခန်းစာ … ဟုတ်လား"

ဖိုမလခြမ်း ကျူးမာဝေက ပြုံး၍ အေးတိအေးစက်အသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်"

"နေပါဦး၊ ကျုပ်က ဘယ်လိုသင်ခန်းစာပေးလိုက်မိလို့လဲ"

"သူများအသက်ကို ဘယ်လိုသတ်ရမလဲဆိုတာကို ဆန္ဒ



ပြင်းထန်ခဲ့ရင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကာကွယ်ရမလဲဆိုတာ အရင်စဉ်းစားရမယ်ဆိုတာလေ"

မေတ္တာစားသမား၏မျက်ခုံးအစုံက နဖူးပေါ်သို့ ခုန်တက်သွားလေသည်။ ထို့နောက် … အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား … မင်းမဆိုးဘူး၊ ကျုပ်တို့ကို ရင်ဆိုင်ရင် အသက်တွေ အလဟဿဆုံးရှုံးသွားမယ်ဆိုတာ သဘောပေါက်ထားတာကိုး"

ဖိုမလခြမ်းကျူးမာဝေသည် သူ့အား နာကြည်းခံပြင်းသော ဟန်မူရာဖြင့်၊ ကြည့်လိုက်လေသည်။

"သိပ်လည်း ပျော်မနေပါနဲ့၊ မဝေးတော့တဲ့ အချိန်ကာလလေးမှာ ဒေါင်းမင်းလက်နက်ပုန်းကို ရှင်တို့ စွန့်လွှတ်ရလိမ့်မယ်၊ အဲဒီအချိန်မှာ ရှင်တို့ ဒေါင်းမင်းဂေဟာမိသားစုတစ်ခုလုံး လောကပေါ်က ပျောက်ကွယ်သွားစေရမယ်ဆိုတာ ကျွန်မ ပြောရဲပါတယ်"

ကို့ကျဲကျူးလီက သူမအား မျက်မှောင်ကြုတ်ကြည့်လိုက်၏။

"ကျူးမိန်းကလေး … မင်းက ဒေါင်းမင်းလက်နက်ပုန်းကို ရယူနိုင်မယ်ဆိုရင် လျှို့ဝှက်ဒေါင်းမင်းဂေဟာ ဘယ်နေရာမှာ ရှိတယ်ဆိုတာပဲ အရင်ဆုံး သိနိုင်အောင် ကြိုးစားထားပါ"

ဖိုမလခြမ်းကျူးမာဝေက မဲ့ပြုံးပြုံးလိုက်သည်။

"မလိုပါဘူး၊ ရှင်တို့ကို ဖမ်းဆီးနိုင်ရင် ဒေါင်းမင်းလက်နက်ပုန်းကို ရတာနဲ့ အတူတူပဲပေါ့"

လုံမင်းသားသည် သူမအား စိုက်ကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဆိုရင် အခုလို မင်းတို့မျက်စိရှေ့မှာ တွေ့နေတုန်း ဖမ်းဆီးနိုင်အောင် ကြိုးစားပါလား၊ နို့မို့ဆိုရင် ကျုပ်တို့ကို ထပ်ရှာတာနဲ့ အချိန်တွေ အလကားကုန်သွားဦးမယ်"

ဖိုမလခြမ်းကျူးမာဝေက ပြုံးလိုက်သည်။ လှို့ဝှက်ပြီး ကောက်ကျစ်စဉ်းလဲသောအပြုံး ဖြစ်လေသည်။

"ရှင်တို့ရောက်တဲ့နေရာတိုင်းမှာ ကျွန်မတို့ရဲ့မျက်လုံးတွေ ရှိနေမှာပါ"

ကို့ကျဲကျုံးလီက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်း ဘယ်တုန်းက အကြားအမြင် ပညာတတ်ခဲ့တာလဲ"

ကျူးမာဝေက မဲ့ပြုံးပြုံးလိုက်သည်။ ကြိုးတချွေကျောက်စုစုနှင့် လောက်တိန်တို့အား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... ကျွန်မတို့ ပြန်ကြမယ်၊ ဒီလူတွေဟာ ကျွန်မတို့လက်က ပြေးမလွတ်နိုင်ပါဘူး"



နီပွန်သိုင်းရာဇာလောက်တိန်သည် အနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ ဘယ်ကိုမှ ပြေးမလွတ်နိုင်မှတော့ ကျုပ်တို့ဆန္ဒစောရင် တန်ဖြူတို့နောက်ကို လိုက်သွားရလိမ့်မယ်၊ ဒါကြောင့် သေချာတဲ့အချိန်ကိုပဲ စောင့်ကြတာပေါ့"

သူသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။ ကြိုးတချွေကျောက်စုစုနှင့် ဖိုမလခြမ်းကျူးမာဝေတို့နှစ်ဦးကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြတော့သည်။

✱

ယခု ... ဤနေရာတွင် မေတ္တာစားသမားနှင့်လုံမင်းသားတို့ နှစ်ဦးသာ ကျန်ခဲ့သည်။

သူတို့အား တိုက်ခိုက်ရန် ရောက်ရှိလာကြသော ကြေးစားငါးယောက်အနက် သုံးယောက်မှာထွက်ပြေးသွားကာ နှစ်ယောက်သည် လူသေဘဝသို့ ရောက်ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် ... သူတို့သည် စိတ်လက်ပေါ့ပါးစွာ ရှိနေသင့်သည်။

သို့ သော် ... သူတို့နှစ်ယောက်၏ရင်ထဲတွင် လေးလံကာ မကောင်းသော နိမိတ်ဆိုးများကို ခံစားနေမိကြလေသည်။

အဘယ်ကြောင့် ယခုကဲ့သို့ ခံစားနေရပါသနည်း။

အကြောင်းကား ... ဖိုမလခြမ်းကျူးမာဝေ ပြောခဲ့သော စကားကို ပြန်လည်ကြားယောင်မိသောကြောင့် ဖြစ်သည်။

"စိတ်ချပါ၊ ရှင်တို့ရောက်တဲ့နေရာတိုင်းမှာ ကျွန်မတို့ မျက်လုံးတွေ ရှိနေမှာပါ"

ဤစကားသည် ဖိုမလခြမ်းကျူးမာဝေက ချောက်လှန့်ပြောဆိုခဲ့ခြင်းမဟုတ်ကြောင်း သူတို့နှစ်ယောက်လုံး ယုံကြည်နေကြသည်။

အဘယ်ကြောင့်ဆိုသော် ... သူမသည် ဤစကားအား ချောက်လှန့်ပြောဆိုခြင်းဖြစ်ခဲ့ပါက ကြိုးတစ္ဆေကျောက်စုစုနှင့် နီပွန်သိုင်းရာဇာ လောက်တိန်တို့နှစ်ယောက်သည် ယခုကဲ့သို့ စိတ်ကျေနပ်စွာဖြင့် နောက်ဆုတ်သွားကြမည် မဟုတ်ပေ။

ထို့ကြောင့် ... ဖိုမလခြမ်းကျူးမာဝေသည် မိမိတို့ရောက်ရှိသည့်နေရာအား သိရှိနိုင်သော ဝှက်ဖဲတစ်ချပ်ရှိနေပြီဟု သိရှိလိုက်သည်။

ဤသို့ဆိုလျှင် ... သူမသည် မည်သည့်ဝှက်ဖဲကို ကိုင်ဆောင်ထားပါသနည်း။ ဤအချက်ကို လုံခင်းသားကိုကျဲကျူးလီက စဉ်းစား၍



မရနိုင်ပါ။ မေတ္တာစား ချန်းစွမ်းချိုဖုန်းကလည်း စဉ်းစား၍မရနိုင် ဖြစ်နေရလေသည်။

မည်သို့ဆိုစေ ... ယခု သူတို့နှစ်ယောက်သည် ဤအချက်ကို မစဉ်းစားတော့ဘဲ ပန်းပေါင်းစုံတောင်ကြားသို့ ခရီးဆက်ခဲ့ကြလေတော့သည်။

## အခန်း (၉)
## ပန်းပေါင်းစုံတောင်ကြား

တောင်ကြားလမ်းကလေး ...။

တောင်ကြားလမ်းကလေးသည် ကျဉ်းမြောင်း၍ ကောက်ကွေ့ရှည်လျား၏။ မြင့်မားမတ်စောက်သော တောင်နှစ်လုံးကြားတွင် တည်ရှိနေသဖြင့် တောင်ကြားအောက်ခြေမှ ခေါင်းမော့ကြည့်မည်ဆိုလျှင် မိုးကောင်းကင်အား အဖြူရောင်မျဉ်းကောက်တစ်ကြောင်းအဖြစ်သာ တွေ့မြင်ရလေသည်။

ထို့ကြောင့် ... နေ့ဘက်အချိန်များ၌ပင် တောင်ကြားလမ်းကလေးထဲ၌ အလင်းရောင်လုံလောက်စွာ မရရှိပါချေ။

အမှန်တွင်... ဤတောင်ကြားလမ်းကလေးသည် လူသူအရောက်အပေါက်နည်းလှသော ပန်းပေါင်းစုံတောင်ကြားပင် ဖြစ်၏။ သို့သော် ... ယနေ့နံနက် ပန်းပေါင်းစုံတောင်ကြားထဲသို့ မြင်းနက်ကြီးနှစ်ကောင် ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြ၏။



ပထမမြင်းနက်ကြီးပေါ်တွင်မူ ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ပါရှိလာ၏။ ထိုလူရွယ်နှစ်ယောက်ကား အခြားသူများ မဟုတ်ကြပါ။ လုံမင်းသားနှင့် မေတ္တာစား ချန်းစွမ်းချိုဖုန်းတို့ ဖြစ်ကြလေသည်။

မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် ဝန်းကျင်တစ်ခုလုံးအား မျက်လုံးဝေ့၍ကြည့်နေလေသည်။ သူသည် သိုင်းလောကသားတစ်ယောက် ဖြစ်၏။ ယင်းကြောင့် ... နယ်မြေမျိုးစုံ ရောက်ရှိခဲ့ဖူးလေသည်။ သို့သော် ... ဤမျှခေါင်လွန်းပြီး ချောက်ချားဖွယ်ရာကောင်းသော နေရာဒေသအား တစ်ကြိမ်တစ်ခါမျှ ရောက်ရှိခဲ့ဖူးခြင်းတော့ မရှိပါချေ။

ယင်းအပြင် ... ဝမ်းစွေချင်းဆိုသော မိန်းကလေးသည် ဤတောင်ကြားလမ်းကလေးတွင် နေထိုင်နေသည်ဟု ဆို၏။ သူမသည် မည်သို့သောမိန်းကလေး ဖြစ်မည်နည်း။ သူသည် အတွေးနယ်ချဲ့လျက် ဖြည်းညင်းစွာ စီးနင်းလိုက်ပါ နေလေသည်။

လုံမင်းသားကို့ကျဲကျုံးလီကမူ ရှေ့သို့ တစိုက်မတ်မတ်ကြည့်လျက် မြင်းကိုစီးနှင်းလာ၏။ သူ၏ဟန်မူရာသည် တည်ငြိမ်အေးဆေးလှပေသည်။ သို့ရာတွင် ... မျက်ဝန်းအိမ်၏အတွင်းဘက်၌ ဝမ်းနည်းကြေကွဲသောအရိပ်အယောင်များ လျှို့ဝှက်ကိန်းအောင်းလျက်ရှိသည်။

အကြောင်းကား ... သူသည် ဤတောင်ကြားထဲသို့ ဝင်ရောက်လိုက်မိသည်နှင့် ချုန်းစုံထန်အား ပြန်လည်တွေ့ဆုံနိုင်ရန်မှာ တစ်စထက်တစ်စ ပိုဝေးခဲ့ပြီဖြစ်ကြောင်း နားလည်ထားသောကြောင့် ဖြစ်သည်။

အမှန်တွင် ... ယခု သူနှင့်ချုန်းစုံထန်တို့သည် မတူညီသော လောကနှစ်ခုတွင် နေထိုင်ရသောလူများကဲ့သို့ ဖြစ်နေခဲ့ပြီမဟုတ်ပါလော။

✳

ကွေ့ကောက်၍ ရှည်လျားသော တောင်ကြားလမ်းကလေးသည် ဤနေရာတွင် ဆုံးပြီဖြစ်၏။ ထိုအခါ ... မြင်ကွင်းတစ်ခုလုံးသည် ရုတ်တရက် ပြောင်းလဲသွား၏။

ကျယ်ပြန့်သော လွင်ပြင်တစ်ခု ဖြစ်သည်။ လွင်ပြင်တစ်ခုလုံးတွင် မြက်ခင်းစိမ်းနုနုလေးများသည် ကမ္ဗလာကော်ဇောတစ်ချပ်ပမာ ညီညာပြန့်ပြူးနေသည်။ မြက်ခင်းစိမ်းလေးများ၏အနားသတ်တွင်မူ ပန်းရောင်နုများ ဝေဝေဆာဆာ ပွင့်ဖူးနေလေသည်။

တောင်ကြားလမ်းကလေးတည့်တည့်တွင် ကျောက်ဖြူဖြူ



များခင်းထားသော လမ်းကလေးရှိနေသည်။ ကျောက်ဖြူလမ်းကလေးအဆုံးတွင်မူ ဝါးနှင့်တည်ဆောက်ထားသော လှပသည့် အိမ်ကလေးတစ်လုံး ရှိနေလေသည်။ အိမ်ကလေးနှင့် အတန်ဝေးကွာသော နေရာတွင် ဝါးဖြင့်တည်ဆောက်ထားသော အကာအရံမဲ့ နားနေဆောင်တစ်ခု ရှိနေပြီး နားနေဆောင်နံဘေးဝါး သုံးရိုက်အကွာတွင်မူ အလွန်လှပသော ရေတံခွန်တစ်ခုအား တွေ့မြင်နေရသည်။

မြင်ကွင်းသည် ပန်းချီဆရာတစ်ယောက်၏ အနုစိတ်ခြယ်မှုန်းထားသော လက်ရာပြောင်မြောက်လှသည့် ပန်းချီကားချပ်အသွင် ရှိနေသည်။

မေတ္တာစားချုန်းစွမ်းချိုဖုန်းသည် တောင်ကြားလမ်းကလေးတစ်လျှောက် မွန်းကျပ်နေသကဲ့သို့ ခံစားခဲ့ရာမှ ရုတ်တရက် ပြောင်းလဲသွားသောသဘာဝမြင်ကွင်းအလှကြောင့် ရင်ထဲ၌ စိတ်ချမ်းမြေ့စွာ ရှိလေသည်။ သူက လေပူတစ်ချက်ကို မှုတ်ထုတ်ကာ မြင်းပေါ်မှဆင်းလိုက်၏။

"ညီလေးတို့ ... ဝမ်းစွေချင်းဟာ ဒီလိုနေရာမျိုးကို ရွေးချယ်ပြီး နေထိုင်တတ်တယ်ဆိုတော့ သာမန်မိန်းကလေးတော့ မဖြစ်နိုင်ဘူးပေါ့"

ကိုကျဲကျုံးလီသည် မြင်းပေါ်မှ ခုန်ဆင်းကာ သူ့ရှေ့၌ ရပ်

နေလိုက်သည်။

"နေပါဦး … အစ်ကိုကြီးက သူ့ကို ဘယ်လိုမိန်းကလေးလို့ ခန့်မှန်းလို့လဲ"

မေတ္တာဓား ချမ်းစွမ်းချိုဖုန်းက အနည်းငယ် စဉ်းစားလိုက်သည်။

"အင်း … သူဟာ ဒီလောက်သဘာဝရှုခင်းအလှရှိတဲ့နေရာကို ရှာဖွေပြီးနေထိုင်တတ်တယ်ဆိုတော့ အနုပညာဝါသနာပါတဲ့ မိန်းကလေးဖြစ်ရမယ်၊ ဥပမာ ပန်းချီပညာ, ပန်းပုပညာ, ကဗျာပညာ …"

သူ၏စကားမဆုံးမီ ကို့ကျဲကျုံးလီက လက်ကာပြလိုက်သည်။ ယင်းနောက် … ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"အစ်ကိုကြီးချမ်း … အစ်ကိုကြီးချမ်းဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားသလို အရာခပ်သိမ်းကို မှန်းဆပြောနိုင်တဲ့ လူတစ်ယောက်ပါ"

သူက စကားဆက်လိုက်သည်။

"အစ်ကိုကြီးချမ်းရဲ့ ခန့်မှန်းပြောဆိုမှုအားလုံးဟာ တစ်ကြိမ်တစ်ခါမှလည်း လွဲချော်သွားတယ်ဆိုတာ မရှိခဲ့ပါဘူး၊ ဒါပေမဲ့ …"

မေတ္တာဓားချမ်းစွမ်းချိုဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။



"ဒါပေမဲ့ … ဘာဖြစ်သလဲ၊ ဒီတစ်ခါ လွဲချော်ခဲ့ပြီလား"

ကို့ကျဲကျုံးလီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူဟာ အစ်ကိုကြီးချမ်းပြောသလို ပန်းချီပညာ, ပန်းပုပညာ, ကဗျာစပ်တဲ့ပညာတွေကို မတတ်တဲ့အပြင် ဒီသဘာဝရှုခင်းတွေကိုတောင်မှ မခံစားနိုင်တဲ့သူပါ"

မေတ္တာဓားသမားချမ်းစွမ်းချိုဖုန်းသည် သူ့စကားကြောင့် အလွန်အံ့သြသွားလေသည်။

"ဘယ်လို … ဝမ်းမိန်းကလေးက သဘာဝရှုခင်းတွေကို မခံစားနိုင်ဘူး၊ ဟုတ်လား"

လုံမင်းသားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

မေတ္တာဓား ချမ်းစွမ်းချိုဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။ သူသည် ဝန်းကျင်အား မျက်လုံးတစ်ချက် ဝေ့ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ဒီလောက်လှပတဲ့ သဘာဝရှုခင်းနားမှာနေပြီး ဘာဖြစ်လို့ သူက သဘာဝရှုခင်းတွေကို မခံစားရတာလဲ"

လုံမင်းသား၏မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာ

များ ပေါ်လွင်လာလေသည်။ သူသည် ဝါးအိမ်ကလေးဆီသို့ တစ်ချက်လှမ်းကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... အစ်ကိုကြီးချန်းမေးတဲ့ မေးခွန်းကို ကျုပ် အဖြေမပေးချင်ဘူး၊ ဒါပေမဲ့ ဒီအဖြေကို ဝမ်းမိန်းကလေးကို တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် သိရမှာပါ"

ပြောပြီး ရှေ့မှမြင်းကိုဆွဲကာ လျှောက်သွားလေသည်။ မေတ္တာဓား ချန်းစွမ်းချိုဖုန်းက တစ်ချက်တွေဝေသွား၏။ ဤပန်းပေါင်းစုံတောင်ကြားသို့ စတင်ဝင်ရောက်လာစဉ်ကပင် ဝမ်းစွေချင်းအား စိတ်ဝင်စားနေမိလေသည်။

ယခု ... ကို့ကျဲကျုံးလီ၏စကားကို ကြားရသောအခါ ပို၍စိတ်ဝင်စားလာသည်။ ထို့ကြောင့် ... မိမိ၏ မြင်းဇက်ကြိုးကိုဆွဲလျက် ဝမ်းစွေချင်းအား တွေ့ဆုံအကဲခတ်ကြည့်နိုင်ရန် လှံမင်းသား၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

* * *



## အခန်း (၁၀)
## ဝမ်းစွေချင်း

ဝါးအိမ်ကလေးသည် ကျယ်ဝန်းလှခြင်း မရှိပါ။

သို့သော် ... သေသပ်တောင့်တင်းပြီး သန့်ပြန့်နေသည်။ မီးဖိုချောင်၊ အိပ်ခန်း၊ ဧည့်ခန်းများကို သူ့နေရာနှင့်သူ ခွဲခြားဖွဲ့စည်းထားလေသည်။

ဧည့်ခန်းတွင် ဝါးဖြင့်ပြုလုပ်ထားသော စားပွဲကုလားထိုင်များ အစီအရီရှိနေပြီး အိမ်ရှေ့မျက်နှာစာဘက်သို့လှည့်၍ စားပွဲတစ်လုံးနှင့်ကုလားထိုင်တစ်လုံး သီးသန့်ရှိနေလေသည်။

စားပွဲပေါ်တွင် ကတ္တီပါအနီစဖြင့် ဖုံးအုပ်ထားသော အရာဝတ္ထုတစ်ခု ရှိနေသည်။ ထိုအရာဝတ္ထုသည် ကတ္တီပါအနီစ ဖုံးအုပ်ထားသဖြင့် မမြင်တွေ့ရပါ။

သို့ရာတွင် ... မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ထိုအရာမှာ ဗျပ်စောင်းတစ်လက်ဖြစ်ရမည်ဟု ခန့်မှန်းသိရှိရလေသည်။ သူသည်

ခါးအိမ်ကလေးရှေ့တွင်ရပ်ကာ အကဲခတ်ကြည့်နေသည်။

ရုတ်တရက် ... ဝါးအိမ်ကလေးထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ကို့ကျဲကျုံးလီ ... ရှင် ပြန်ရောက်လာပြီကိုး"

အသံသည် ချိုသာပျော့ပျောင်း၍ ကြည်လင်လှပေသည်။ မည်သည့် ပုရိသယောကျာ်းမဆို သူမ၏အသံအား ကြားမိလိုက်ပါလျှင် သူမမှာ အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု ခန့်မှန်းကြမည် ဖြစ်သည်။ မေတ္တာစား ချန်းစွမ်းချိုဖုန်းကလည်း ဤသို့ပင် ခန့်မှန်းမိ၏။

ယင်းအချိန် ... မိန်းကလေးတစ်ယောက် ယင်းကာအဖြစ် အခန်းတံခါးဝတွင် ဖန်ပုတီးကလေးများကို စီတန်းသီ၍ အတန်းလိုက်ကာရံထားသော ဖန်ပုတီးတန်းလေးများအား လက်ကလေးနှစ်ဖက်ဖြင့် ဖယ်ရှားကာ ဖြည်းညင်းစွာ လှမ်း ထွက်လာလေသည်။

သူမသည် ထိုမိန်းကလေးအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားကာ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

ဤသို့ဆိုလျှင် ... မိန်းကလေးသည် သူတွေးထင်ထားသကဲ့သို့ ရုပ်ရည်ချောမောခြင်းမရှိဘဲ အကျည်းတန်မိန်းကလေးတစ်



ယောက် ဖြစ်နေ၍လော။

မဟုတ်ပါချေ။

အမှန် တွင် ... မိန်းကလေးသည် သူတွေးထင်ထားသကဲ့သို့ အလွန်ချောမောလှပသော မိန်းကလေးဖြစ်သည်။ မျက်လုံးအစုံသည် ဝိုင်းစက်နေပြီး နှာတံဖြောင့်စင်းနေလေသည်။ နှုတ်ခမ်းမှာ နီရဲလျက်ရှိကာ ပါးပြင်များ၌ ပန်းနုရောင်သမ်းနေလေသည်။

သို့ဖြစ်ပါလျက် ... သူသည် အဘယ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားသည်အထိ ထိတ်လန့်တုန်လှုပ်ရပါသနည်း။

✱

မေတ္တာစား ချန်းစွမ်းချိုဖုန်းသည် ပြူးကျယ်သောမျက်လုံးအစုံဖြင့် အခန်းတွင်းမှ ထွက်လာသော မိန်းကလေးအား စိုက်ကြည့်နေသည်။ သူသည် အတန်ကြာအောင် စိုက်ကြည့်နေရာမှ ရုတ်တရက် လုံမင်းသားဘက်သို့ လှည့်ကြည့်လိုက်သည်။

လုံမင်းသားကို့ကျဲကျုံးလီသည် သူ့အား စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေ၏။ သူ့အား မေတ္တာစားချန်းစွမ်းချိုဖုန်း လှည့်ကြည့်လာသည်ကို တွေ့မြင်လိုက်ရသောအခါ မချိုပြုံးပြုံးလိုက်

သည်။

"သူ ဘာကြောင့် လှပတဲ့ရှုခင်းတွေကို မကြည့်နိုင်သလဲဆိုတာ အစ်ကိုကြီး သဘောပေါက်လောက်ပြီ ထင်ပါတယ်"

ချန်းစွမ်းချိုဖုန်း၏မျက်လုံးအစုံတွင် ကရုဏာသက်သည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"သူ ... သူက ..."

သူ၏အသံမှာ တိုးညင်း၍တုန်ခါနေသည်။ လှံမင်းသားကသက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ဟုတ်ပါတယ်ဗျာ၊ သူက မျက်မြင်တစ်ယောက်ပါ"

မေတ္တာဓားသမားသည် မိမိ၏မျက်ဝန်းအကြည့်ကို ဝမ်းရွှေချင်းထံသို့ ရွှေ့လျားလိုက်၏။ ယင်းအချိန် ... ဝမ်းရွှေချင်းသည် လက်ကလေးနှစ်ဖက်ဖြင့် နံရံကိုစမ်း၍ အခန်းထဲမှ လှမ်းထွက်လာလေသည်။

ရုတ်တရက် ... သူမသည် ခြေလှမ်းရပ်တန့်ကာ ပြုံးလိုက်သည်။ အလွန်နူးညံ့သိမ်မွေ့သော အပြုံးဖြစ်သည်။

"အို ... ဒေါင်းမင်းသခင်လေးလည်း ပါလာတာကိုး၊ ကြွပါရှင် ... ကြွပါ"

လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်လိုက်လေသည်။



မေတ္တာဓားချန်းစွမ်းချိုဖုန်း၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိလေသည်။ မိမိတို့ တိုးတိုးပြောဆိုနေကြသော စကားများကို ဝမ်းရွှေချင်း ကောင်းစွာကြားလိုက်ကြောင်း သိရှိနားလည်လိုက်သည် မဟုတ်ပါလား"

သူသည် ရှုံးရှုံးရှုံးရှုံး... 

သူသည် စူးရှသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေးက တကယ့်ကို အကြားအာရုံ ထက်မြက်တာပဲကိုး"

ဝမ်းရွှေချင်းသည် သူ၏စကားကြောင့် လှမ်းလက်စ ခြေလှမ်းကို ရပ်တန့်ကာ မချိပြုံးပြုံးလိုက်သည်။

"ဒါကတော့ ကျွန်မဟာ မွေးကတည်းက မျက်မမြင်တစ်ဦးဖြစ်နေတာကြောင့် အကြားအာရုံကိုပဲ အားကိုးတကြီးဖက်တွယ်ခဲ့ရတာကိုး"

ထိုစကားကြောင့် မေတ္တာဓား၏ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရလေသည်။

"ဝမ်းမိန်းကလေးဟာ ဆေးကုသမှုပညာမှာ တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်တယ်လို့ ကိုယ့်ညီလေးက ပြောဖူးပါတယ်၊ မျက်စိကုသဖို့ မကြိုးစားခဲ့ဘူးလား"

ဝမ်းရွှေချင်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော

ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဘယ်လိုပြောလိုက်တာလဲရှင် ... ကျွန်မရဲ့မွေးစားဖေဖေ သမားတော်ကြီးဝမ်းအမ်းကိုယ်တိုင် ကျွန်မမျက်စိကို ကုသဖို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ... ခက်တာက ဘယ်လိုမှ ကုလို့မရခဲ့ဘူး"

"သမားတော်ကြီး ဝမ်းအမ်းဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ သမားတော်ကြီးတစ်ယောက်ဖြစ်သလို သိုင်းပညာမှာလည်း ထိပ်သီးအဆင့်ရှိတယ်လို့ ကြားဖူးပါတယ်၊ ဒီလိုပုဂ္ဂိုလ်ကြီးကတောင်မှ လက်လွှတ်ရတဲ့ မိန်းကလေးရဲ့မျက်စိဟာ ဘယ်လိုဝေဒနာမျိုးပါလိမ့်"

"အင်း ... လူတစ်ယောက်ဟာ သူ့ကံနဲ့သူ ပါလာခဲ့ကြတာပါ။ မွေးစားဖေဖေရဲ့စကားအရဆိုရင် ကျွန်မမျက်စိဟာ အလွန်ပြင်းထန်တဲ့အဆိပ်နဲ့ ထိမိခဲ့တယ်လို့ဆိုပါတယ်"

မေတ္တာစားချန်းစွမ်းချိုဖုန်း၏မျက်ခုံးအစုံက နဖူးပေါ်သို့ ခုန်တက်သွား၏။

"အဆိပ် ... ဟုတ်လား၊ ဘယ်လိုအဆိပ်မျိုးပါလိမ့်"

ဝမ်းရွှေချင်း၏မျက်နှာပေါ်တွင် နာကြည်းကြေကွဲသော အပြုံးတစ်ခုဖြစ်ပေါ်လာသည်။ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၍



"ဒါတော့ ကျွန်မ မသိပါဘူး"

ပြောကာ မျက်ရည်များ စီးကျလာလေသည်။ မေတ္တာစားချန်းစွမ်းချိုဖုန်းက သူမအား ကရုဏာသက်စွာကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း ... ကျုပ်ရဲ့စကား မဆင်ခြင်မှုကြောင့် ဝမ်းမိန်းကလေး စိတ်မကောင်းဖြစ်ခဲ့ရတဲ့အတွက် တောင်းပန်ပါတယ်"

ဝမ်းရွှေချင်းက ကမန်းကတန်း ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး ... မဟုတ်ပါဘူး၊ ကျွန်မက ရှင့်ရဲ့စကား ကြောင့် မျက်ရည်ကျတာ မဟုတ်ပါဘူး၊ လူဖြစ်လာကတည်းက ကျွန်မရဲ့နိမိတ်မကောင်းတဲ့ မျက်မမြင်တစ်ယောက်ဘဝကို ဝမ်းနည်းကြေကွဲမိလို့ပါ"

ကို့ကျဲကျုံးလီသည် သူတို့နှစ်ယောက် စကားပြောနေကြသည်ကို နံဘေးမှ အကဲခတ်ကြည့်နေရာမှ ဝမ်းရွှေချင်းထံသို့ လျှောက်သွားသည်။ ယင်းနောက် ... ဝမ်းရွှေချင်း၏လက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့်စကားဆိုလိုက်သည်။

"ဝမ်းညီမလေး ... အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါတော့၊ ရှေ့လျှောက် ကျုပ်က မင်းရဲ့နံဘေးမှာ ထာဝရအဖော်အဖြစ်

ရာသက်ပန် စောင့်ရှောက်မှာပါ"

ဝမ်းစွေချင်း၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားသည်။ သို့သော် ... ရုတ်ခြည်းပင် မျက်နှာတစ်ခုလုံး ညှိုးနွမ်းသွားပြန်၏။

"ဒီနေရာဟာ ရှင်လိုလူမျိုးအတွက် မက်မောတွယ်တာစရာကောင်းတဲ့နေရာ မဟုတ်ပါဘူးရှင်"

ကို့ကျဲကျုံးလီ၏နှုတ်ခမ်းပေါ်တွင် ပျင်းရိပျင်းတွဲအပြုံးတစ်ခုဖြစ်ပေါ်လာလေသည်။

"ဒီနေရာလောက် ရှုခင်းသာယာပြီး စိတ်ချမ်းမြေ့စရာကောင်းတဲ့နေရာမျိုးကို ကျုပ်က ဘာကြောင့် မမက်မောဘဲ ရှိပါ့မလဲ"

ဝမ်းစွေချင်းသည် လက်ကလေးနှစ်ဖက်ဖြင့် သူ၏မျက်နှာအား ယုယကြင်နာစွာ စမ်းသပ်လိုက်၏။

"ရှင့်အကြောင်း ကျွန်မ ကောင်းကောင်း နားလည်ထားပါတယ်၊ ရှင်ဟာ ဘဝကို အခိုပွာယ်ကင်းမဲ့စွာ နေထိုင်တတ်တဲ့လူစားမျိုး မဟုတ်ပါဘူး"

ကို့ကျဲကျုံးလီက သူမအား ဝါးကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်စေ၏။ ယင်းနောက် သက်ပြင်းတစ်ချက် ကျိတ်ချလိုက်ပြီး ...



"ဘာလဲ ... ဝမ်းညီမက ကျုပ်ဟာ ဘဝကို အခိပ္ပာယ်ရှိရှိ နေထိုင်တတ်တယ်လို့ ထင်သလား"

ဝမ်းစွေချင်းက နူးညံ့စွာတစ်ချက်ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အစ်ကိုဟာ သိုင်းလောကထဲမှာ မကောင်းသူပယ်၊ ကောင်းသူကယ်ရင်း ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင်ကျင်လည်နေတဲ့လူဆိုတာ ကျွန်မ နားလည်ပါတယ်"

ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် နာကျင်သော ဝေဒနာများ ပေါ်လွင်လာလေသည်။ သို့သော် တစ်ချက်ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းညီမလေး ... မင်းမှားနေပြီ၊ ကျုပ်က သွေးညှီနံ့တွေ ဖုံးလွှမ်းနေတဲ့ သိုင်းလောကကို စိတ်ကုန်နေပါပြီ"

ဝမ်းစွေက ခေါင်းခါယမ်းလိုက်၏။

"မညာပါနဲ့ အစ်ကိုရာ၊ ရှင်ဟာ သိုင်းလောကကို ဘယ်လိုမှ စိတ်ကုန်မယ့်လူမျိုး မဟုတ်ပါဘူး၊ အထူးသဖြင့် ရှင်ဟာ သိုင်းလောကထဲက ချန်းအမျိုးအနွယ်ဖြစ်တဲ့ ဒေါင်းမင်းဂေဟာဓိသားစုကို သံယောဇဉ်ကြီးမားတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်"

ထိုစကားသည် ကို့ကျဲကျုံးလီ၏အသည်းနှလုံးအား ကျာ

ပွတ်ဖြင့် ရိုက်နှက်လိုက်သည့်အလား နာကျင်ထိခိုက်စေလေ၏။ ရုတ်တရက် ... ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချကာ ဦးခေါင်းအား မျက်နှာကြက်အမိုးပေါ်သို့ မော့ထားလိုက်လေသည်။

ယင်းတဒင်္ဂလေးမှာပင် ... သူ၏မျက်ဝန်းထဲ၌ အပြစ်ကင်းစင်သော အလှပိုင်ရှင်မလေး ချန်းစုံထန်၏မျက်နှာ ပေါ်လာလေသည်။

မေတ္တာဓားချန်းစွမ်းချိုဖုန်းသည် လုံမင်းသား၏ဖြစ်ပျက်နေပုံကို ကြည့်ရင်း ရင်ထဲ၌ ဝေဒနာတစ်ရပ် ခံစားလိုက်မိလေတော့သည်။ ထို့ပြင် ... ချန်းစုံထန်အပေါ် ငြိတွယ်နေသော လုံမင်းသား၏မေတ္တာသည် အလွန်ကြီးမားကြောင်း သိရှိနားလည်လိုက်လေ၏။

ယင်းအချိန် ... ဝမ်းစွေချင်းသည် မချိပြုံးပြုံးလျက် စကားစလိုက်လေသည်။

"အဟင်း ဟင်း ... မိန်းမဆိုတာ အူတိုမျိုးလို့ ပြောကြတယ်၊ ဒါလည်း မှန်သင့်သလောက် မှန်ပါတယ်၊ ကျွန်မရဲ့စိတ်ထဲမှာ ရှင့်ကို အပိုင်စီးချင်နေတယ်"

မေတ္တာဓားချန်းစွမ်းချိုဖုန်းက သူမအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး ... မင်းစကားရဲ့အဓိပ္ပာယ်က ဘာလဲ"



ဝမ်းစွေချင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... အမှန်အတိုင်း ပြောရရင် ကျွန်မဘဝဟာ လူမှန်းသိကတည်းက အထီးကျန်နေထိုင်ခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်မဟာ ဘယ်တော့မှ သံယောဇဉ်ဆိုတာကို နားလည်ခံစားခွင့်ရမယ်လို့ မထင်မိခဲ့ပါဘူး၊ ဒါပေမဲ့ ..."

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် သူမအား စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

"ဒါပေမဲ့ ... ကျွန်မ ဆေးမြစ်တူးရင်း အမှတ်မထင် သွေးစိမ်းနဲ့တွေနဲ့အတူ ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတဲ့သူကို စပြီး ကြုံတွေ့ခဲ့ပြီးတဲ့နောက် သံယောဇဉ်ဆိုတာကို နားလည်ခဲ့တာပါ"

ထိုစကားကြောင့် ကို့ကျဲကျုံးလီသည် မိမိနှင့်ဝမ်းစွေချင်းတို့ စတင်ကြုံခဲ့ကြသည့် အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်လာမိလေတော့သည်။

* * *

## အခန်း (၁၁)
## နှောင်းပုံရိပ်၏အတိတ်ခြေရာ

တစ်ဆယ့်တစ်လ လဆန်း တစ်ရက် ...။

နှင်းများသည် တဖွဲဖွဲကျနေသည်။ ဆောင်းလေများသည် မာန်ဟုန်ပြင်းပြင်း တိုက်ခတ်လျက် ရှိသည်။

မျက်စိတစ်ဆုံးကြည့်လျှင် လွင်ပြင်တစ်ခုလုံး နှင်းမှုန်များ ထူထပ်စွာကျဆင်းနေသဖြင့် ငွေရောင်များ ဖုံးလွှမ်းနေလေသည်။

ထိုဖြူဖွေးသောနှင်းမှုန်များ စုဝေးထားသော ငွေရောင်ပေါ်တွင် အနီရောင်အစက်ကလေးများကို တွေ့မြင်နေရသည်။ အမှတ်မထင် ကြည့်လိုက်ပါလျှင် ... အနီရောင် ပန်းကလေးများပမာ ထင်မှားဖွယ်ရာ ဖြစ်လေသည်။

သို့သော် ... အမှန်တကယ်တွင်မူ သွေးစက်များ ဖြစ်၏။

သို့ရာတွင် ... တဖွဲဖွဲကျဆင်းလာသော နှင်းမှုန်များသည် ထိုသွေးများကို ရုတ်ခြည်းပင် ဖုံးလွှမ်းသွားလေ၏။



အပြာရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် လှံတိုနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ခြေလှမ်းဒယိမ်းဒယိုင်ဖြင့် နှင်းမြေများကို နင်းကျော်ဖြတ်လာနေ၏။ ထိုသွေးစက်များသည် သူ၏ခန္ဓာကိုယ်ပေါ်မှ စီးကျနေခြင်းဖြစ်သည်။

သူကား မည် သူနည်း။ အဘယ်ကြောင့် ညှိုးမှိုးဝါးသော ရာသီဥတု၌ လွင်ပြင်ကို ဖြတ်လာရပါသနည်း။

အမှန်တွင် ... ထိုလူရွယ်ကား အခြားသူမဟုတ်ပါ။

လှံမင်းသားကို့ကျဲကျုံးလီပင် ဖြစ်သည်။

သူသည် လမ်းခရီးတွင် မျက်နှာအား အဝတ်စည်းနှောင်ထားပြီး အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူဆယ်ယောက်၏ဝိုင်းတိုက်ခြင်းကို ခံခဲ့ရသည်။

ထိုလူများ၏အဆိုအရ တစ်စုံတစ်ယောက်က သူတို့ကို ငှားရမ်းကာ မိမိအား တိုက်ခိုက်ခိုင်းသည်ဟု ဆိုသည်။ ကြေးစားများသည် အခကြေးငွေအတွက် မိမိအား တိုက်ခိုက်ခဲ့ကြလေသည်။

လှံမင်းသားကို့ကျဲကျုံးလီသည် မတတ်သာသဖြင့် ပြန်လည်တိုက်ခိုက်ရာ ကြေးစားကိုးယောက် သေဆုံးသူသေဆုံး၊ လဲကျသူ လဲကျဖြစ်သွားကြချိန်၌ မိမိမှာလည်း ဒဏ်ရာပြင်းထန်စွာရရှိကာ ခြေလှမ်းပင် မတ်မတ်မရပ်နိုင်တော့ပေ။

သူသည် ကျန်ရှိသောကြေးစားတစ်ဦးက မိမိအား သုတ်သင်ရှင်းလင်းပစ်လိမ့်မည်ဟု ယူဆထား၏။ အကယ် ၍ ... ထိုလူကသာ မိမိအား အင်အားသုံး၍ တိုက်ခိုက်လာပါလျှင် မိမိမှာ လူသေတစ်ယောက်ဖြစ်သွားပေတော့မည်။

သို့သော် ... အံ့ဩဖွယ်ကောင်းသည်မှာ ထိုကြေးစားက သူ့အား သတ်ဖြတ်ခဲ့ခြင်း မရှိပါချေ။ သူသည် မိမိအား အဘယ်ကြောင့် မသတ်ကြောင်း မေးမြန်းကြည့်ရာ ... ထိုကြေးစားသည် ငှားရမ်းသူမှာ မိမိ၏သိုင်းပညာ မည်မျှအစွမ်းထက်ကြောင်း စမ်းသပ်ရုံသာ စမ်းသပ်ခိုင်းသည်ဟုဆို၍ ပြန်လည်ထွက်ခွာသွား၏။

လုံ့မင်းသားကို့ကျဲကျုံးလီ အလွန်အံ့ဩနေမိလေသည်။ သို့သော် သူ ကြာရှည်မအံ့ဩနိုင်ပါချေ။ မိမိခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာများမှာ အသက်အန္တရာယ်အား မထိခိုက်နိုင်စေကာမူ သွေးထွက်လွန်ပါက အသက်သေဆုံးနိုင်ကြောင်း သိရှိထားသဖြင့် ယခုကဲ့သို့ လွင်ပြင်ကိုဖြတ်ကာ ကြိုးစားလျှောက်လာနေခြင်း ဖြစ်လေတော့သည်။

*

လွင်ပြင်အား ကျော်ဖြတ်လာသောအခါ တောအုပ်ကလေး



တစ်ခုဆီသို့ ရောက်ရှိလာသည်။

နှင်းများသည် ပို၍ထူထပ်စွာ ကျဆင်းလာ၏။ လေကလည်း ပို၍ပြင်းထန်လာလေသည်။

လုံ့မင်းသား ကို့ကျဲကျုံးလီသည် လုံ့တိုနှစ်လက်အား ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း တောအုပ်ကလေးထဲသို့ ခြေလှမ်း ဒယိမ်းဒယိုင်ဖြင့် လှမ်းလာခဲ့လေသည်။

ဤတောအုပ်ကလေးအား ဖြတ်ကျော်ခဲ့ပါလျှင် ရွာကလေးတစ်ရွာ တွေ့နိုင်မည်ဟု မျှော်လင့်ထားသည်။ ထိုမျှော်လင့်ချက်အတိုင်း ရွာကလေးတစ်ရွာ တွေ့ခဲ့ပါလျှင် မိမိမှာ အကူအညီတောင်းနိုင်လိမ့်မည် မဟုတ်ပါလော။

သို့သော် ... သူ၏မျှော်လင့်ချက်များ မပြည့်နိုင်တော့ပါ။ အကြောင်းကား ... ခန္ဓာကိုယ်ပေါ်မှ သွေးများ အဆက်မပြတ် ယိုစီးလာကာ တစစ်စစ် နာကျင်ကိုက်ခဲလာပြီး ဆက်လက်လျှောက်ရန် အားအင်ကင်းမဲ့၍ မြေပေါ်သို့ လဲပြိုကျသွားခဲ့သောကြောင့် ဖြစ်သည်။

သူသည် လုံ့တိုကို မြေပေါ်တွင်အားယူ၍ ထောက်လျက် ထရပ်ရန် ကြိုးစားလိုက်ပြန်သည်။ သို့ရာတွင် ... လက်အစုံသည် လုံ့တိုအား တင်းကျပ်စွာ ဆုပ်ကိုင်နိုင်စွမ်းမရှိတော့ဘဲ ပြန်လည် လဲပြို

ခဲ့ရလေသည်။

သူသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားသောလုံမင်းသားဖြစ်သည့် မိမိမှာ တောအုပ်ထဲ၌ လူမသိ သူမသိဖြင့် ဘဝဆုံးရတော့မည်ဟု နားလည်လိုက်၏။

သို့သော် ... ရုတ်တရက် အလွန်ချိုလွင်နူးညံ့သော မိန်းကလေး တစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

"အို ... သွေး ... သွေးနံ့ရတယ်၊ ဒီအနားမှာ လူတစ်ယောက်ယောက် ဒဏ်ရာ ပြင်းပြင်းထန်ထန်ရပြီး သေဆုံးနေပြီ ထင်ပါရဲ့ ..."

ထိုအသံသည် လုံမင်းသားအတွက် မျှော်လင့်ချက်များ မွေးဖွားပေးခဲ့ပေ၏။ သူသည် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရာမှ အသံလာရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ... လက်တစ်ဖက်တွင် ဆေးပင်မြစ်များ၊ ဆေးရွက်များထည့်ထားသော ခြင်းတောင်းအားဆွဲကိုင်လျက် ကျန်လက်တစ်ဖက်တွင် ဝါးချွန်ပြားလေးအား ကိုင်ဆောင်ထားသော ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သို့သော် ... သူ စိတ်ဓာတ်ကျခဲ့ရပြန်၏။ အကြောင်းကား ... ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မျက်မမြင်



ဒုက္ခိတလေးတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်၏။

ယင်းအချိန် ... မိန်းကလေးသည် သွေးနံ့အား နှာခေါင်းတရှုပ်ရှုပ်ဖြင့် ရှူရှိုက်လျက် သူ့အနီးသို့ လျှောက်လာကာ ဒူးထောက်ချလိုက်သည်။ သူမသည် လက်ကလေးနှစ်ဖက်ဖြင့် ဟိုဟိုသည်သည် စမ်းသပ်ရင်း ကို့ကျဲကျိုးလီ၏လုံတိုနှစ်လက်အား ဆွဲကိုင်မိသွားလေသည်။

"သိုင်းလောကရဲ့ သူရဲကောင်းလုံမင်းသားပါလား၊ ဘယ်လိုဖြစ်ပြီး ဒီရော်ကက်တောင်မှ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရလာရတာလဲ"

လုံမင်းသားသည် ဝေဒနာကြားမှ သူမအား မော့ကြည့်လိုက်သည်။ သူ၏အမြင်အာရုံတွင် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးရုပ်သွင်မှာ တဖြည်းဖြည်းမှုန်ဝါးလာသည်။

"ကျေး ... ကျေး ဇူး ... ပြု ... ပြီး ... ကျုပ်ကို သမားတော်ဆီ ပို့ပေး"

သူသည် စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။ တစ်ချိန်တည်းမှာပင် ... အမြင်အာရုံတစ်ခုလုံးမှာ မှောင်အတိကျသွားလေတော့သည်။

* * *

## အခန်း (၁၂)
## ငွေရဲတင်း လွှေထင်းရှန်

ကို့ကျဲကျုံးလီသည် အတိတ်၏ပုံရိပ်များကို ပြန်လည်မြင်ယောင်နေမိသည်။

ထိုအချိန်တုန်းဆီက သမားတော် ဝမ်းဇွေချင်းသည် မိမိအား ဆေးကုသပေးခဲ့ခြင်း မရှိပါလျှင် မိမိမှာ ယနေ့အထိ အသက်ရှင်နိုင်မည်မဟုတ်ဟု နားလည်ထား၏။

ယင်းကြောင့် ... သူသည် ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ဝမ်းဇွေချင်းအား ကြည့်လိုက်သည်။

ဝမ်းဇွေချင်း၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော ဟန်မူရာများ ပေါ်လွင်နေသည်။ သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် ...

"အင်း ... တကယ်တော့ သူ အခုလို ကျွန်မအတွက်နဲ့ ပန်းပေါင်းစုံတောင်ကြားမှာ နေရမယ့်အခြေအနေဟာ သူ့ဘဝရဲ့မျှော်



လင့်ချက်တွေကို ဖျက်ဆီးပစ်လိုက်တာနဲ့ အတူတူပဲဆိုတာ ကျွန်မ နားလည်ပါတယ်"

သူမသည် ပြောရင်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။ လုံမင်းသားက ရင်ထိတ်သွားသည်။ သူသည် ထိုင်ရာမှ ထရပ်၍ သူမထံသို့ လျှောက်သွားကာ လက်နှစ်ဖက်အား ဆုပ်ကိုင်လိုက်သည်။

"ဒီစကားတွေ မပြောပါနဲ့တော့၊ တကယ်ဆိုရင် ကျုပ် ဒီကနေ့အထိ အသက်ရှင်နိုင်တာဟာ ဝမ်းမိန်းကလေးရဲ့ကျေးဇူးပဲ မဟုတ်လား၊ ဒါကြောင့် မင်း အခုလို စောင့်ရှောက်တာ

မေတ္တာဓား ချန်းစွမ်းချိဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဟော့ ကိုယ့်ညီလေး ... မင်းပြောတဲ့စကားအရဆိုရင် ဝမ်းမိန်းကလေးမှာ အရင်က စောင့်ရှောက်တဲ့လူ ရှိခဲ့တယ်ဆိုပါတော့ ... ဟုတ်လား"

လုံမင်းသားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ရှိခဲ့ပါတယ်"

မေတ္တာဓား ချန်းစွမ်းချိဖုန်းက အိမ်ကလေးအား မျက်လုံးဖွေ့ကာကြည့်ရင်း မေးလိုက်သည်။

"ဘယ်သူများပါလိမ့်"

လုံမင်းသားသည် အဖြေပေးရန် ဟန်ပြင်လိုက်သည်။ ယင်းအချိန် ... အေးတိအေးစက်အသံတစ်သံ ပေါ်လာလေသည်။

"ကျုပ်"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ထိုအေးတိအေးစက်အသံအား ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ချာခနဲလှည့်ကာ ကြည့်လိုက်သည်။ လုံမင်းသားကို့ကျဲကျုံးလီကလည်း ကြည့်လိုက်လေသည်။

ထိုအခါ ... အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် တစ်လှမ်းချင်း လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရသည်။ ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်ပြီး မျက်နှာမှာ တင်းမာအေးစက်နေသည်။

သူ၏ခန္ဓာကိုယ်ပေါ်ရှိ အင်္ကျီလက်နှစ်ဖက်အနက် ဘယ်ဘက်လက်တစ်ဖက်မှ အင်္ကျီစသည် လေထဲ၌ လွင့်ပျံနေလေသည်။ အကြောင်းကား ... ထိုဘယ်ဘက်လက်သည် လက်မောင်းရင်းမှ တိတိရိရိ ပြတ်တောက်နေသောကြောင့်ဖြစ်သည်။

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်လုံးအစုံမှာ ပြူးကျယ်သွားကာ ...



"ငွေရဲတင်း လွှေထင်းရှန်"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် လွှတ်ခနဲ အော်လိုက်သည်။ အနက်ရောင် ဝတ်ဆင်ထားသောသူက အေးတိအေးစက်မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"ဟုတ်တယ် ... မင်း မှတ်မိသေးတာပဲကိုး"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ကိုးနဂါးသခင်ကြီး ချူးရဲ့ အထူးကိုယ်ရံတော်တစ်ယောက်ဖြစ်တဲ့ ခင်ဗျားကို ကျုပ်တို့က ဘယ်မေ့နိုင်မှာလဲဗျာ"

လုံမင်းသားက အလွန်အံ့သြသွားလေသည်။

"ဟင် ... လွှေအစ်ကိုကြီးက ကိုးနဂါးဂေဟာသခင်ကြီးရဲ့ ကိုယ်ရံတော် ဟုတ်လား"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ကို့ကျဲကျုံးလီအား လှည့်ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

"ကိုယ့်ညီလေး ... မင်းက သူ့အကြောင်း မသိသေးဘူးနဲ့ တူတယ်"

လုံမင်းသားက ခေါင်းညိတ်လိုက်သည်။

"သူဟာ တစ်ချိန်တုန်းက လက်နက်ပုန်းတစ်ခု ထိမှန်ခဲ့လို့

အဆိပ်ဝေဒနာ ပြင်းပြင်းထန်ထန်ရခဲ့တယ်၊ အဆိပ်ဝေဒနာကို ခံစားရင်း ဒီပန်းပေါင်းစုံတောင်ကြားကို လမ်းမှားဝင်လာရာက ဝမ်းမိန်းကလေးက သူ့ရဲ့အဆိပ်တွေ ပျံ့နှံ့နေတဲ့ လက်တစ်ဖက်ကို ဖြတ်တောက်ပြီး ဆေးကုပေးတယ်ဆိုတာ သိထားပါတယ်"

မေတ္တာဓား ချန်းစွမ်းချီဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"အဲဒီလက်က လက်နက်ပုန်းအဆိပ်ဟာ ဘယ်သူ့လက်ချက်ဆိုတာရော မင်းသိရဲ့လား"

လုံ့မင်းသားက မျက်လုံးပင့်ကာ ကြည့်လိုက်သည်။

"ဆိုပါဦး၊ ဘယ်သူ့လက်ချက်လဲ"

မေတ္တာဓား ချန်းစွမ်းချီဖုန်းသည် ငွေရဲတင်း လွှေထင်းရှန်အား ကြည့်လိုက်သည်။

"သူက ကိုးနဂါးသခင်ကြီးအတွက် ကျုပ်အဖေဟာ အရင်အခြေအနေမျိုးဆိုရင် သူက မလုပ်ကြံဝံ့ပါဘူး၊ ဒါပေမဲ့ ကျုပ်အဖေက ကိုးနဂါးသခင်ကြီးရဲ့ လက်ဝါးရိုက်ခံထားရတာကြောင့် သိုင်းပညာကို အသုံးပြုနိုင်တဲ့အင်အား မရှိဘူးလို့ ယူဆပြီး လုပ်ကြံခဲ့တာလေ"

သူက မဲ့ပြုံးပြုံးကာ စကားဆက်လိုက်သည်။

"သည်မှာတင် ဖေဖေက မလွဲသာလို့ သူ့ကို လက်နက်ပုန်းနဲ့ ပစ်ခဲ့ရတာယ်"



လုံ့မင်းသားကို့ကျဲကျုံးလီသည် ထိုစကားကြောင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း ... ဘယ်ရန်ငြိုးဆိုတာ အမှန်တော့ ကုစားသင့်ပါတယ်၊ ဒေါင်းမင်းဂေဟာသခင်ကြီးကြောင့် သေဆုံးခဲ့ရသလို ဒေါင်းမင်းဂေဟာသခင်ကြီးဟာလည်း သူ့ရဲ့နှလုံးခွေလက်ဝါးကြောင့် သေဆုံးရတော့မှာပဲ မဟုတ်လား"

ငြိမ်သက်စွာထိုင်၍ နားစွင့်နေသော ဝမ်းချွေချင်က ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ရှင်တို့ရဲ့ ကလဲ့စားချေမယ့်ကိစ္စကို ရပ်တန်းက ရပ်လိုက်ကြပါတော့"

ငွေရဲတင်းလွှေထင်းရှန်သည် အေးစက်စက် မျက်လုံးအစုံဖြင့် မေတ္တာဓား ချန်းစွမ်းချီဖုန်းအား စိုက်ကြည့်နေရာမှ ဦးညွှတ်လိုက်လေသည်။

"ကျုပ်ဟာ သခင်ကြီးအတွက် ကလဲ့စားချေမိပါတယ်၊ ဒါကလည်း သခင်ကြီးကြောင့် ဒေါင်းမင်းဂေဟာသခင်ကြီးမှာ ဘယ်လိုဒဏ်ရာ ရရှိခဲ့ဖူးတယ်ဆိုတာ မသိခဲ့လို့ပါ၊ ဒီအတွက် တောင်းပန်ပါတယ်"

မေတ္တာဓား ချန်းစွမ်းချီဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်

သည်။

“ခင်ဗျား တကယ်ပဲ နောင်တရပြီလား”

ဝမ်းစွေချင်းက ကြားဖြတ်ပြောလိုက်သည်။

“လွေအစ်ကိုကြီး နောင်တ တကယ်ရနေပြီလို့ ကျွန်မ ပြောရဲပါတယ်”

မေတ္တာဓား ချန်းစွမ်းချိုဖုန်းက မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

“ခင်ဗျားက ဘယ်လိုဖြစ်လို့ ဒီလိုပြောနိုင်တာလဲ”

ဝမ်းစွေချင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“သူဟာ ဒီကိုရောက်တဲ့အချိန်ကစပြီး စကားများများ မပြောခဲ့ဘူး၊ နောက်ဆုံး သူ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျွန်မကို တောင်မှ ကျေးဇူးတင်စကား မပြောခဲ့ပါဘူးရှင်”

သူမသည် စကားကို ခေတ္တရပ်လိုက်ပြီး ...

“ဒါပေမဲ့ ဒီနေ့တော့ သူဟာ ရှင်တို့နဲ့ စကားတွေပြောခဲ့တယ်၊ နောက်ပြီး သူပြောတဲ့စကားတွေမှာ နောင်တတရားတွေ ပါနေတယ်၊ ဒါဟာ သူ့စိတ်ရင်းအတိုင်း ပြောတာပဲ ဖြစ်ရမယ်”

မေတ္တာဓား ချန်းစွမ်းချိုဖုန်း၏ရင်ထဲတွင် တင်းကျပ်လာလေသည်။ သို့သော် ... မချိပြုံးကလေး ပြုံးလိုက်သည်။



“ကောင်းပါပြီ၊ ဒါဆိုရင်လည်း ကျုပ်တို့ ဒီကနေ့ကစပြီး မိတ်ဆွေတွေဖြစ်သွားကြပြီပေါ့ ... ဟုတ်လား”

ငွေရဲတင်းလွေထင်းရှန်သည် သူ၏စကားကို ကြားလိုက်ရသောအခါ အေးစက်စက် မျက်ဝန်းအစုံသည် တစ်ချက်ဝင်းလက်တောက်ပသွားသည်။ တစ်ချက်ဦးညွှတ်၍ ပြုံးပြလိုက်သည်။

“ဟုတ်ကဲ့ ... ကျုပ်တို့တွေ မိတ်ဆွေဖြစ်သွားကြပါပြီ”

လုံမင်းသားကိုကျဲကျုံးလီသည် ချန်းစွမ်းချိုဖုန်းနှင့် လွေထင်းရှန်တို့ အဆင်ပြေသွားကြသည်ကို တွေ့မြင်လိုက်ရသောအခါ ကြည်နူးစွာပြုံးလိုက်သည်။

သူသည် သိုင်းလောကသားတစ်ယောက် ဖြစ်သော်လည်း သွေးထွက်သံယိုမှုကို လိုလားသောလူတစ်ယောက်တော့ မဟုတ်ပါချေ။

ယင်းကြောင့် ... ဆန့်ကျင်ဘက်ရန်သူတစ်ယောက်သည် မိတ်ဆွေအဖြစ်သို့ ပြောင်းလဲသွားခြင်းအတွက် ကြည်နူးဝမ်းသာဖြစ်သွားသည်။ သို့သော် ... သူ၏ကြည်နူးဝမ်းသာမှုသည် ရာနိုင်နှုန်းပြည့် ကြည်နူးဝမ်းသာမှုမျိုး မဟုတ်ပါ။

အကြောင်းကား လွေထင်းရှန်နှင့်ချန်းစွမ်းချိုဖုန်းတို့သည် ဟန်ဆောင်ကာ ပရိယာယ်နှင့် မိတ်ဆွေဖွဲ့ကြမည်ကို စိုးရိမ်သော

ကြောင့် ဖြစ်လေသည်။

ထိုအချိန် ... ဝမ်းစွေချင်းသည် အလွန်ပင် ဝမ်းသာအားရ ဖြစ်လာသဖြင့် လက်ခုပ်လက်ဝါးတီးလိုက်လေသည်။

'ဖြောင်း .. ဖြောင်း .. ဖြောင်း'

"ဝမ်းသာလိုက်တာရှင်၊ ဒီကနေ့ ကျွန်မဘဝရဲ့ ရာသက်ပန် အဖော်အဖြစ် လက်တွဲဖို့ ကိုအစ်ကို ရောက်ရှိလာသလို ဒေါင်းမင်းသခင်လေးနဲ့ ငွေရဲတင်းတို့ မိတ်ဆွေဖွဲ့ကြတာကို ကြားရတဲ့အတွက် တကယ်ဝမ်းသာပါတယ်၊ ဒါကြောင့် ရှင်တို့ အခု နံနက်စာစားပြီး ခေတ္တ အနားယူလိုက်ကြပါ၊ ညကျရင် ကျွန် ဗျပ်စောင်းတီးပြီး ဖျော်ဖြေပါ့မယ်"

မေတ္တာစား ချန်းစွမ်းချိဖုန်းက ပြုံးလိုက်သည်။

"ဟာ ... ဒါဟာ သိပ်ကောင်းတဲ့အစီအစဉ်ပဲ"

ယင်းနောက် ... သူတို့သည် နံနက်စာ ပျော်ပျော်ပါးပါး စားသောက်ပြီးနောက် အနားယူအိပ်စက်ကြလေတော့သည်။

* * *

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ခေတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။